ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 The Mirror Daily
၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၂ ရက် စနေနေ့ 9, Saturday April 2016 (၈၅၃၁)

# နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများကို အမှုများမှရုပ်သိမ်းပြီး ယနေ့လွှတ်ပေးလိုက်ပြီ



ဧပြီ ၈ ရက် နံနက်က အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွှတ်ပေးခဲ့သော နိုင်ငံရေးအကျဉ်းသား ဦးသက်ဝေကို လာရောက်ကြိုသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**နေပြည်တော် ဧပြီ ၈**

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများနှင့်စပ်လျဉ်းသည့် အမှုများမှရုပ်သိမ်းပြီးသူ ၁၃၈ ဦးကို ယနေ့လွှတ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား ကျောင်းသူများ လွတ်မြောက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်တွင် ကြေညာချက်အမှတ် (၁/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီးနောက် ယခုကဲ့သို့ ချက်ချင်းအရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပဲခူး၊ မကွေး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ တရားရုံးများမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၄၉၄)အရ ရုပ်သိမ်းသောအမှုမှ ယနေ့ည ၈ နာရီခွဲအထိ လွှတ်ပေးခဲ့သူများမှာ အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၂၅ ဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၃၈ ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



ကြေးမုံ

# ပြည်သူတို့ အားတက်စေသည့် အစိုးရသစ်၏ ခြေလှမ်းသစ်

ကျောင်းသားတွေလွတ်ပြီ. . . ကျောင်းသားတွေလွတ်ပြီ. . . နိုင်ငံရေး အကျဉ်းသားတွေ လွတ်ပြီတဲ့ ဟေ့. . .။

ယနေ့အဖို့ သည်လိုဝမ်းသာအားရနှင့် ဟစ်ကြွေးနေသော လူထုအသံများက ဟိုမှသည်မှ သွားလေရာမှာ ကြားနေရသည်။ တကယ်လည်း ဖမ်းဆီးခံထားရသော၊ တရားရင်ဆိုင်နေရသော ကျောင်းသားတို့ လွတ်မြောက်လာခဲ့ပါပြီ။ အမှုများပြားပြီး ထင်ရှားသည့် ကျောင်းသားခေါင်းဆောင် များဖြစ်သော မင်းသွေးသစ်၊ ဖြိုးဖြိုးအောင်၊ နန္ဒာစစ်အောင်တို့လည်း လွတ်မြောက်လာသည်ကို တွေ့ရသည်။

ပြည်သူ့အစိုးရသစ်၏ ချက်ချင်းဆိုသလို အရေးတယူ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင်းက နေရာအနှံ့အပြားရှိ ထောင်အသီးသီးမှ နိုင်ငံရေးအကျဉ်းသား အများအပြားလွတ်မြောက်လာခဲ့သည်။ လွတ်မြောက်သူအားလုံး ၁၃၈ ဦးရှိကြောင်း သိရသည်။ လွတ်မြောက်သူများထဲတွင် ဖမ်းဆီးထောင်ချ ခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ၊ တရားရုံး၌ လောလောဆယ် တရားရင်ဆိုင်နေရသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားတို့အား ဝန်းရံခဲ့သော ပြည်သူများ ပါဝင်ပါသည်။

လွတ်မြောက်လာသူများ၊ သူတို့၏ မိသားစုဝင်များနှင့်အတူ ပြည်သူတို့ အလွန်ဝမ်းမြောက် ဝမ်းသာစွာဖြင့် ကြိုဆိုခဲ့ကြသည့်မြင်ကွင်းများက လူတိုင်းကို အပျော်ကူးစက်စေခဲ့ပါသည်။

ပြည်သူလူထုအကျိုးစီးပွားနှင့် တိုက်ရိုက်ထိစပ်နေသည့် ဒီမိုကရေစီ အုတ်မြစ်ခိုင်မာရေးဆိုင်ရာ အစိုးရသစ်၏ ပထမခြေလှမ်းဟု ဆိုရပါမည်။ ဒီမိုကရေစီ၏ အနှစ်သာရတစ်ရပ်ဖြစ်သော လွတ်လပ်စွာ ဖော်ထုတ်ခွင့်နှင့် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးက ဆက်စပ်နေသည်။ ယုံကြည်ချက်ကို လွတ်လပ်စွာဖော်ထုတ်ခွင့်သည် အခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားတိုင်း၏ အခွင့်အရေး ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများမှာ ယင်းအခွင့်အရေးကို ပိတ်ပင်ခံရပြီး ဖမ်းဆီးအရေးယူ ထောင်ချခံထားရခြင်း သို့မဟုတ် တရားရင်ဆိုင်နေကြရခြင်းဖြစ်သည်။

ပြည်သူ့အစိုးရ ပြည်သူ့အကျိုးကို ယခုလိုပင် ဆက်လက်ဆောင်ရွက်သွားနိုင်ပါစေသတည်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို ကျေးဇူးတင်ပါသည်ဟူသော ပြည်သူတို့ အားပေးထောက်ခံသံများနှင့်အတူ နိုင်ငံတစ်ဝန်း သာဓုခေါ်သံ များ မိုးထိညံအောင် လွှင့်ပျံနေခဲ့သည် ဖြစ်မှာပါ။

ယနေ့ လွတ်မြောက်လာသူများထဲတွင် ပြည်သူအများတို့ အထူးစိတ်ဝင်စားစွာ မျှော်လင့်တကြီး စောင့်စားနေသူများမှာ ပညာရေးဥပဒေကို ဆန့်ကျင်ဆွေးနွေးရန် တောင်းဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူများက ထိပ်ဆုံးမှာဖြစ်နိုင်ပါသည်။

ပြည်သူလူထုရင်တွင်း၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများကို မတရားစွပ်စွဲခံခဲ့ရသော သူရဲကောင်းများအနေဖြင့် ရှုမြင်ကြသည်။ ကျောင်းသားများနှင့် ဆွေးနွေးရာတွင် စိတ်ရှည်လက် ရှည်ဖြင့် ညှိနှိုင်းရမည့်အစား အတင်းအကျပ်ပြုမှု၊ မကျေနပ်၍ ဆန္ဒပြကြသည့်အခါတွင် အေးဆေး ညင်သာစွာဖြင့် ဖြေရှင်းရမည့်အစား ပြည်သူတို့အကြား မမြင်ဝံ့ မကြားဝံ့လောက်အောင် ကြမ်းတမ်းသော နည်းများဖြင့် ဖြေရှင်းမှုအပါအဝင် တရားစစ်ဆေးရာတွင်လည်း ပြည်သူတို့ နားမလည်နိုင်လောက်အောင် အမှုအရေအတွက် များပြားမှု၊ အချိန်ကြာမြင့်မှုတို့ ရှိခဲ့သည်။

ယင်းဖြစ်စဉ် အစအဆုံးတွင် ဒီမိုကရေစီစနစ်အောက်မှာ အရေးကြီးဆုံးတစ်ခုဖြစ်သည့် ဥပဒေ စိုးမိုးမှုအားနည်းသည်က အဓိကကျနေခြင်းဖြစ်ကြောင်း မြင်သာထင်သာ ဖြစ်ပါသည်။ အထူးသဖြင့် လွန်ခဲ့သော တစ်နှစ်ခန့်ကာလများအတွင်း မြို့လယ်ကောင် ဓားပြတိုက်မှု၊ လုယက်မှု၊ လူအများ မျက်စိ အောက်မှာပင် ဓားနှင့်ထိုးမှု၊ လူသတ်မှု၊ မိန်းကလေးများကို မဖွယ်မရာပြုမှု၊ ရဲကိုပင် ပြန်လည်သတ်ဖြတ် ကာ ထွက်ပြေးလွတ်မြောက်မှု စသည့် အလွန်အကျွံ ဥပဒေမဲ့ပြုမှုတို့က နိုင်ငံသူနိုင်ငံသားတို့အတွက် လွန်စွာမှ မလုံမခြုံဖြစ်ရသော သာဓကများဖြစ်ခဲ့ပါသည်။

ထို့ပြင် ပြည်သူတို့အကြား ဖြစ်ခဲ့ရသည့် မှုခင်းများ၊ မူးယစ်ဆေးဝါးများ အစုလိုက်အပြုံလိုက် တွေ့ရှိသည့် အမှုများ၊ အကြီးအကျယ် အခွန်ရှောင်မှု၊ လာဘ်ပေးလာဘ်ယူမှု စသည့် တရားခံများကို မမိနိုင် မဖော်နိုင်ခြင်းတို့ကလည်း ဥပဒေစိုးမိုးမှုကို လွန်စွာအားလျော့စေခြင်းများ ဖြစ်ခဲ့ပါသည်။

အာဏာရှင်စနစ်အောက်မှ စတင်ပျက်ယွင်းလာခဲ့သည့် တရားဥပဒေစိုးမိုးမှုကို ပြန်လည် အဖတ်ဆယ်ရန်၊ ပြန်လည်တည့်မတ်ရန်၊ ပြန်လည်အားကောင်းရန် ဒီမိုကရေစီအစိုးရသစ်အနေဖြင့် အခြေခံစနစ်မှ စတင်ပြုပြင်ပြောင်းလဲရသည်များ ရှိပါလိမ့်မည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတတို့အနေဖြင့် ပြည်ထဲရေး၊ တရားစီရင်ရေးနှင့် အတူ လွှတ်တော်အသီးသီးတို့၏ ထိရောက်သော ပြုပြင်ပြောင်းလဲမှု အကူအညီများရယူနိုင်ပြီး ပြည်သူတို့ဘဝလုံခြုံအေးချမ်းသာယာသော ဥပဒေစိုးမိုးသည့် မြန်မာနိုင်ငံတော်အဖြစ် တည်ဆောက် နိုင်ပါစေသတည်း။





သာယာဝတီထောင်မှ လွတ်မြောက်လာသော ကျောင်းသားများ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်သို့ ယနေ့ည ၁၁ နာရီတွင် ရောက်ရှိလာကြစဉ်။ ဓာတ်ပုံ-အောင်အောင်ကျော်

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၈**

ရန်ကုန်(ရွှေဈေး) ၇၇၆၀၀၀ - ၇၇၆၀၀၀ မန္တလေး(ရွှေဈေး) ၇၇၅၅၀၀ - ၇၇၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၁. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၂. ၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၄၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၆၆၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၆. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၅၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၆. ၈၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၁. ၃၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅ ဓီဝ်/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁





# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန်လို

**ရန်ကုန် ဧပြီ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် တာမွေမြို့နယ်မှ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် လုပ်ငန်းကိစ္စများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် သွားနိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်ရှိ ပြည်သူများကို တွေ့ဆုံလိုသဖြင့် လွှတ်တော်ရပ်နားချိန်ကာလအတွင်း ပထမဦးဆုံး လာရောက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပြည်သူ့အတွက်သာ ဦးတည်ဆောင်ရွက်ရန် လိုအပ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသည့်အလျောက် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်များလည်း ပေးထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးကို ဆောင်ရွက်ရန် တာဝန်အရပေးထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုကြရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ ပြည်သူကို လေးစားကြရန်လိုကြောင်း။

တာဝန်နှင့်လုပ်ပိုင်ခွင့် အခွင့်အရေးများကိုလည်း ပေးထားသည့်အလျောက် တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည်ဖြစ်ပြီး အဂတိ တရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်ပြီးဖြစ်၍ လိုက်နာကြရန် လိုအပ်ကြောင်း။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိရအောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဘဏ္ဍာများသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်ပါတီ၊ အစိုးရဖြစ်ဖြစ် တရားမျှတမှုရှိရှိ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့်လည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲ မထားရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တာမွေမဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် တာမွေမဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်တို့က လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိတ်ဆက်တင်ပြကြပြီး မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးရွှေက တာမွေမြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီးအနေဖြင့် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များအတိုင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး မဆုံးရှုံးရအောင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အတူ ရရှိခွင့်ပြုထားပြီးဖြစ်သည့် ဘတ်ဂျက်အသုံးစရိတ်များကိုလည်း စနစ်တကျ မှန်မှန်ကန်ကန် သုံးစွဲနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာမွေမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် စံပြမြို့နယ်ဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ကြေညာချက်အမှတ် ၂/၂၀၁၆
၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွှယ်ပြီး အမှုရင်ဆိုင်နေကြရသော ကျောင်းသား၊ ကျောင်းသူများ လွတ်မြောက်ရေးအတွက် မည်သို့ကြိုးပမ်းဆောင်ရွက်သွားမည်ကို ကြေညာချက်အမှတ် ၁/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ချက်ချင်းအရေးယူဆောင်ရွက်ခဲ့ပါသည်။

၂။ အမှုရင်ဆိုင်လျက်ရှိသောသူများနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ နှင့်အညီ အမှုရုပ်သိမ်းရေးအတွက် ဆောင်ရွက်ရာတွင် ဥပဒေနှင့် နည်းဥပဒေများပါ အောက်ပါအချက်များကို ဆောင်ရွက်ရပါသည်-

(က) အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ဖြစ်ခြင်း၊
(ခ) တရားလိုအဖြစ်ဆောင်ရွက်သူက အမှုကိုရုပ်သိမ်းပေးရန် လျှောက်ထားခြင်း၊
(ဂ) သက်ဆိုင်ရာဥပဒေရုံးက အမှုရုပ်သိမ်းရန်ဆုံးဖြတ်၍ သက်ဆိုင်ရာ တရားရုံးသို့ အမှုရုပ်သိမ်းပေးပါရန် လျှောက်ထားခြင်း၊
(ဃ) တရားရုံးက အမှုရုပ်သိမ်းရန် လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း။

၃။ အထက်ပါလုပ်ငန်းစဉ်များကို ၈-၄-၂၀၁၆ ရက်နေ့တွင် အမှုစစ်ဆေးရန် တရားရုံးကချိန်းဆိုထားသူများအတွက် အပြီးဆောင်ရွက်နိုင်သော်လည်း ယင်းနေ့တွင်အမှုစစ်ဆေးရန် ချိန်းဆိုထားခြင်းမရှိသူများအတွက် အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် ကုန်ဆုံးပြီးနောက် တရားရုံးများဖွင့်လှစ်သည့်အချိန်တွင် အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထို့အတူ သက်ဆိုင်ရာအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးအတွက် လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား ၁၉ ဦး လွတ်မြောက်

**ဖျာပုံ ဧပြီ ၈**

အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား နှစ်သစ်မင်္ဂလာ အကြိုအထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြစ်ဒဏ် လွတ်မြောက်သည့်အခါတွင် နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုးများကို ပြန်လည်ပါဝင်ထမ်းဆောင်နိုင်စေရန်ရည်ရွယ်လျက် အထူးလျှော့ရက်များကို ခံစားခွင့်ပြုခဲ့ရာ ဖျာပုံအကျဉ်းထောင်မှ အကျဉ်းသား ၁၁ ဦးသည် အထူးလျှော့ရက်ဖြင့် ပြစ်ဒဏ်စေ့၍လည်းကောင်း၊ အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူတစ်ဦးသည် ပြစ်ဒဏ်ရက်စေ့လွတ်ဖြင့်လည်းကောင်း စုစုပေါင်းအကျဉ်းသား အကျဉ်းသူ ၁၉ဦးသည် ဧပြီ ၈ ရက် နံနက် ၁၁ နာရီက ဖျာပုံအကျဉ်းထောင်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**





## ပြည်ထောင်စုဝန်ကြီးအား နိုင်ငံခြားသံအမတ်ကြီးများနှင့် အဖွဲ့အစည်းများ လာရောက်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI**(အပေါ်ပုံ)**၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Gautam Mukhopadhaya၊ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Ms. Kristen Bauer တို့ကို ဧပြီ ၄ ရက်တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Baek-soon ကို ဧပြီ ၅ ရက်တွင်လည်းကောင်း၊ ADB ဌာနဒါရိုက်တာ Mr. Winfried Wicklein၊ အီးယူသံအမတ်ကြီး Mr. Roland Kobia၊ IFAD ဒါရိုက်တာ Ms. Hoonae Kim တို့ကို ဧပြီ ၆ ရက်တွင်လည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးလိုက်တာဟာ အလွန်ကောင်းတဲ့ဝမ်းသာရမယ့်ကိစ္စပါ

**မဖြိုးဖြိုးအောင်**

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားပြဿနာသည် ဒီမိုကရေစီဖိနှိပ်ခံရမှုနှင့် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီတိုးတက်မြင့်မားရေးအကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအရပ်သားအစိုးရသစ်၏ (၈)ရက်တာ သက်တမ်းကာလအတွင်း လက်တွေ့အကောင်အထည်ဖော်ပြလိုက်နိုင်ပြီဖြစ်သည်။

သို့ဖြစ်၍ ယနေ့တွင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီအကျဉ်းထောင်တို့တွင် ထောင်ကျ၊ ဖမ်းဆီးခံထားရာမှ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၊ ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို စုစည်းရေးသားတင်ပြလိုက်ရပါသည်။

**ကိုအောင်ကျော်(နိုင်ငံရေးအကျဉ်းသားများအား လာရောက်ကြိုဆိုသူ ရေဝတီသပိတ်စစ်ကြောင်း ဦးဆောင်ကျောင်းသား)**

ကျွန်တော် အင်းစိန်အကျဉ်းထောင်က ပြန်လည်လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လာရောက်ကြိုဆိုတာပါ။ တကယ့်ကိုကောင်းမွန်တဲ့ဆောင်ရွက်ချက်လို့မြင်ပါတယ်။ အမှန်တကယ်လွတ်မြောက်လာကြမယ်၊ အမှန်တကယ်မျှော်လင့်တဲ့အတိုင်း လွတ်မြောက်လာကြမယ်ဆိုရင် အစိုးရသစ်လက်ထက်မှာ အလွန်ကောင်းတဲ့ ရလဒ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပြောထားတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုမှာနိုင်ငံရေးအကျဉ်းသားတစ်ယောက်မှ မရှိသင့်ဘူးဆိုတဲ့အချက်ကို အတည်ပြုပေးလိုက်တာပါ။

**မဖြိုးဖြိုးအောင်(ဗကသများအဖွဲ့ချုပ်ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး)**

ကျွန်မက ပုဒ်မ ၁၉ ခုနဲ့ သာယာဝတီထောင်မှာ တစ်နှစ်နဲ့ သုံးလနေခဲ့ရပါတယ်။ ပြည်သူကရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးလိုက်တာဟာ အလွန်ကောင်းတဲ့ ဝမ်းသာရမယ့်ကိစ္စပါ။ တစ်ဖက်ကလည်း နိုင်ငံရေးလွတ်လပ်ခွင့်ကို မျှော်လင့်လို့ရပြီ။ နိုင်ငံရေးလွတ်လပ်ခွင့်တန်ဖိုးကို ပြလိုက်တယ်လို့ပဲ မြင်ပါတယ်။ဒီလိုကျွန်မတို့ကို လွှတ်လိုက်တဲ့အတွက် ဝမ်းလည်းသာပါတယ်။ နိုင်ငံသားတိုင်းရဲ့ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် မဖြစ်မနေကိစ္စပဲ။ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီကို ပြောင်းလဲသွားမယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေထောင်ထဲမှာ မရှိအောင်ကြိုးစားရမယ်ဆိုတာကိုလည်း ထုတ်ဖော်ပြောကြားပြီးသားဖြစ်သွားပါတယ်။ မနေ့က ဒေါ်အောင်ဆန်းစုကြည် ကြေညာချက်ထုတ်တာကို ကျွန်မဖတ်ရပါတယ်။ မနေ့က ကြေညာချက်ထွက်လာကတည်းက နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးအကျဉ်းသားနဲ့ ပတ်သက်တဲ့မိသားစုတွေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတာကိုတွေ့ရမှာပါ။ ဒါပေမယ့် ဒီနေ့လိုစောစောစီးစီးဖြစ်လာလိမ့်မယ်လို့ အကုန်လုံးက မှန်းမထားဘူး။ ဒီလိုဖြစ်လာတော့ အားလုံးက ကျေနပ်ကြတယ်၊ ပျော်ရွှင်ကြတယ်။ ဒီကြားထဲမှာ နိုင်ငံရေးပြစ်ဒဏ်နဲ့ ကျခံထားတဲ့ အကျဉ်းသားတွေလည်း မကြာမီ ရက်ပိုင်းအတွင်း ပြန်လည်လွတ်မြောက်လာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံရေးအကျဉ်းသားမရှိတော့ဘူးဆိုရင် နိုင်ငံရဲ့ အပြောင်းအလဲတစ်ခုလို့ထပ်ပြီးဆိုရမှာပါ။

**ကိုနန္ဒာစစ်အောင်(ဗကသများအဖွဲ့ချုပ် တိုင်းရင်းသားရေးရာတာဝန်ခံ)**

သာယာဝတီအကျဉ်းထောင်မှာ ကျွန်တော် မတ် ၂၇ ရက်ကတည်းက အဖမ်းခံခဲ့ရတယ်။ တစ်နှစ်ကျော်နေခဲ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုရဲ့ မျှော်လင့်ချက်ကို အကောင်အထည်ဖော်လိုက်တယ်လို့ မြင်တယ်။ အစိုးရသစ်ရဲ့ အတိုင်ပင်ခံအနေနဲ့ကိုယ်လုပ်မယ့် ဥစ္စာကို ရှင်းရှင်းလင်းလင်းပြောတယ်။ အဓိကက ပြတ်သားတဲ့ ဒီမိုကရေစီအရေးအတွက် အခိုင်အမာသဘောထားရှိပြီးသားဆိုတာ ပြလိုက်တာပါ။

**မဟာနီဦး(ဒဂုံတက္ကသိုလ် ဥပဒေနောက်ဆုံးနှစ် အဝေးသင်)**

“ပြည်သူလူထုကတင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရက ဒီမိုကရေစီနိုင်ငံမှာ တကယ်ကိုပဲနိုင်ငံရေးအကျဉ်းသား မရှိဘူးလို့ဆိုတာကို မှတ်ကျောက်တင်ဖို့အတွက်လုပ်တာ၊ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကြိုးစားပြီးလုပ်ပေးတာပဲလို့မြင်ပါတယ်။ ဒီနေ့ သာယာဝတီထောင်မှာရှိတဲ့ ကျောင်းသား ၇၁ ဦးထဲက ၆၉ ဦး လွှတ်တယ်။ ဒီနေ့လွှတ်တာက ကျောင်းသားနဲ့ ဝန်းရံပြည်သူတွေပါ။

နိုင်ငံရေးအကျဉ်းသားတွေကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ပြည်သူ့အစိုးရက လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးတွေမှာလည်း ပူးပေါင်းပါဝင်ဖို့ တတ်နိုင်တဲ့ဘက်က အမြဲတမ်းရှိနေမှာပါလို့ပြောချင်ပါတယ်။

**ခိုင်မာငြိမ်း(မြောင်းမြလူငယ်ကွန်ရက်)**

ကျွန်မက ဝန်းရံပြည်သူတစ်ယောက်အနေနဲ့ ဗကသကို ထောက်ခံတဲ့အနေနဲ့ မြောင်းမြကနေ သပိတ်စစ်ကြောင်းနဲ့လိုက်ရာကနေ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅(ခ)၊ ၃၃၂ စတဲ့ ပုဒ်မ ငါးခုနဲ့ အဖမ်းခံရတာ။ သာယာဝတီအကျဉ်းထောင်မှာ အမှုရင်ဆိုင်နေတာ တစ်နှစ်နဲ့တစ်လရှိပါပြီ။ နေရထိုင်ရတာ ကောင်းပါတယ်။ ဆိုးဆိုးရွားရွားဘာမှမဖြစ်ပါဘူး။ အခုအမှုရင်ဆိုင်ဆဲကနေ လွတ်မြောက်လာတာ။ ဒေါ်အောင်ဆန်းစုကြည်က ဖွဲ့စည်းပုံပေါ်မှာ သုံးလို့ရတာကို သုံးပြသွားတာ၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်တာ၊ သူအမြဲပြောပြောနေတဲ့ တရားဥပဒေစိုးမိုးရေးရဲ့ ပထမခြေလှမ်းလို့ပဲ ပြောချင်ပါတယ်။

**ဦးသက်ဝေ(နိုင်ငံရေးအကျဉ်းသား)**

နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွက် တစ်ကိုယ်တော်ဆန္ဒပြခဲ့လို့ ကျွန်တော် အင်းစိန်ထောင်မှာ သုံးလကျပါတယ်။ ဒဏ်ငွေတစ်သောင်းဆောင်ရင် လွှတ်ပေးမယ်လို့ပြောပေမယ့် ဒဏ်ငွေမဆောင်ဘဲ ထောင်ထဲမှာ နေခဲ့တယ်။ တိုင်းပြည်အတွက် လုပ်တဲ့သူတွေ လွှတ်ပေးကြပါလို့ပြောချင်ပါတယ်။ ကိုနေမျိုးဇင်တို့လို နိုင်ငံရေးအကျဉ်းသားတွေကို သံခြေချင်းနဲ့တွေ့ရတာ စိတ်မကောင်းဘူး။ ကျွန်တော်က လွတ်ရက်စေ့လို့ထောင်က လွတ်တာပါ။

**မနီလာသိန်း(၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ အမျိုးသမီးရေးရာတာဝန်ခံ)**

ခုလောလောဆယ် ည ၁၀ နာရီထိ ကျွန်မနဲ့အတူ မမီးမီးပါတယ်။ မစုစုနွေးပါတယ်။ ကျွန်မတို့ အမျိုးသမီးထဲမှာ ဒေါ်နော်အုံးလှအပါအဝင် လေးယောက်ကျန်ပါသေးတယ်။ ကျွန်မကို ပုဒ်မ ၁၈ နဲ့ ဆွဲထားတာပါ။ အကျဉ်းထောင်မှာ ရက်ပေါင်း ၄၀ နေခဲ့ရပါတယ်။ ယောကျ်ားလေးဘက်မှာက ကျွန်မလွတ်တဲ့အချိန်အထိ ဘယ်သူမှလွတ်မလာသေးဘူး။ နောက်တစ်သုတ်ကျန်သေးတယ်လို့ပြောတယ်။ နောက်တစ်သုတ်ပြီးရင် ပြီးပြီလို့လည်း ပြောတယ်။ ကြားရသလောက်က ကိုထင်ကျော်တို့အပါအဝင် နိုင်ငံရေးရဲဘော်တွေမပါသေးဘူး။ နောက်တစ်သုတ်ပြီးရင် ရပ်မယ်လို့ပြောတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကျွန်မတို့ကိုလွှတ်ပေးလိုက်တဲ့အပေါ်မှာ အလွန်ဝမ်းသာပါတယ်။ အဲ့ဒီလိုပဲ ကျွန်မတို့ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသူ အကျဉ်းသားအားလုံး ပြန်လွတ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။



ဧပြီ ၈ ရက်ညပိုင်းက ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသော မနီလာသိန်းအား လာရောက်ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

## မုံရွာမြို့မှ နိုင်ငံရေးလှုပ်ရှားသူတစ်ဦး တရားရင်ဆိုင်ရန်အသွား ထိန်းသိမ်းခံရ

**မုံရွာ ဧပြီ ၈**

“ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်နဲ့ ကြေညာချက်အမှတ် (၁/၂၀၁၆)ကို ထုတ်ပြန်တဲ့ ဧပြီ ၇ ရက်ရဲ့ နောက်ရက် ဧပြီ ၈ ရက်မှာ မုံရွာမြို့က ကျောင်းဆရာ(အငြိမ်းစား)ဦးသန်းအေးကို ပုဒ်မ ၁၈/၅၀၅(ခ) စတဲ့ ပုဒ်မများနဲ့ ထိန်းသိမ်းလိုက်တယ်ဆိုတဲ့သတင်းဟာ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကို ထိုးနှက်လိုက်တဲ့ လုပ်ဆောင်ချက်လို့ပဲမြင်ပါတယ်” ဟု မုံရွာမြို့နေ စာရေးဆရာကြီးဦးအုံ့မောင်က ဧပြီ ၈ ရက်တွင် ဆရာကြီးဦးသန်းအေးမုံရွာအကျဉ်းထောင်ကြီးချုပ်အတွင်း အထိန်းသိမ်းခံရမှုနှင့်ပတ်သက်၍ပြောပြသည်။

ဆရာကြီးဦးသန်းအေး၏ အိမ်ကို ဧပြီ ၈ ရက်က ဝရမ်းလာကပ်ရာ ဧပြီ ၈ ရက်တွင် လွန်ခဲ့သည့် ခြောက်လက ဖမ်းဆီးခံကျောင်းသားများ လွတ်မြောက်ရန်ဆီမီးထွန်းဆုတောင်းမှုဖြင့် တရားစွဲဆိုထားမှုကိုရင်ဆိုင်ရန် အသွားတွင် ထိန်းသိမ်းခံလိုက်ရခြင်းဖြစ်ကြောင်း ဦးသန်းအေး၏ ဇနီးဒေါ်ခင်တင့်(ခ)ဒေါ်ရှမ်းမထံမှ သိရသည်။

“နိုင်ငံရေးကျောင်းသားတွေ လွတ်မြောက်ဖို့လွန်ခဲ့တဲ့ သီတင်းကျွတ်က မီးထွန်းဆုတောင်းတာရှိတယ်။ ကျွန်မတို့အနေနဲ့ကတော့ သူက ရဲရဲတင်းတင်းသွားပြီး အမှုရင်ဆိုင်တာဘာပြောသာမှာလဲ။ ကျွန်မတို့ကတော့ သူအသက်ကြီးပြီဆိုတော့ အချုပ်ထဲမှာမထားချင်ပါဘူး။ ဟိုတုန်းကတော့ သူတို့နှိပ်စက်တဲ့ဒဏ်ခံခဲ့ရတယ်။ အခုတော့ ကျွန်မစိတ်ထဲမှာ အဲဒီလိုဟုတ်မယ်မထင်ပါဘူး။ အမှုတွဲတစ်ခုတည်းမှာပါတဲ့ ခြောက်ယောက်စလုံးကိုတော့ အဖမ်း မခံစေချင်ဘူး”ဟု ဒေါ်ခင်တင့်က သူ၏သဘောထားကို ပြောပြသည်။

ဆရာဦးသန်းအေးသည် နိုင်ငံရေးလှုပ်ရှားတက်ကြွသူဖြစ်သော်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်စဉ်က ကျောင်းသား ကျောင်းသူများ အမှားပြုလုပ်မည်ကို စိုးရိမ်သောကြောင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကြပ်မတ်ဆောင်ရွက်ပေးခဲ့သူဖြစ်ကြောင်း ဆရာကြီးဦးအုံ့မောင်က ပြောပြသည်။

“အခုအချိန်မှာ နိုင်ငံရေးဖမ်းဆီးအရေးယူမှုတွေ လုံးဝရပ်နားပြီးတော့ သတိကြီးစွာနဲ့ကိုင်တွယ်ရမယ့် အချိန်ဖြစ်တဲ့ဒီရက်မှာပဲ နိုင်ငံရေးအရ ဖမ်းဆီးမှုတွေလုပ်တာကတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို ထိပါးလိုက်တယ်လို့ ယူဆပါတယ်။ ဒီအချိန်မှာအကျဉ်းထောင်အတွင်းမှာရှိတဲ့ အကျဉ်းသားတွေကို လွှတ်ပေးရမယ့်အချိန်မှာ ရုံးတင် စစ်ဆေးရမယ့်အမှုတွေကို ရုပ်သိမ်းပေးရမယ့်အချိန်ပါ။ ဒီအချိန်မှာ နိုင်ငံရေးအရဖမ်းဆီးတာကတော့ အချိန်ကာလနဲ့ဘယ်လိုမှ မသင့်တော်တဲ့အပြုအမူဖြစ်နေတယ်လို့ ယူဆပါတယ်”ဟု ဦးအုံ့မောင်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အကျဉ်းသားများအား ထားဝယ်တွင်လွှတ်ပေး

**ထားဝယ် ဧပြီ ၈**

၂၀၁၆ ခုနှစ် သင်္ကြန်ပိတ်ရက်အတွင်း လွှတ်မည့်အကျဉ်းသားများအား သတ်မှတ်ရက်မတိုင်မီ ဧပြီ ၈ ရက် နံနက် ၁၀ နာရီတွင် ထားဝယ်အကျဉ်းဦးစီးဌာနမှ လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထားဝယ်အကျဉ်းဦးစီးဌာနမှ လွှတ်ပေးလိုက်သော အကျဉ်းသားဦးရေမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၂၅ ဦးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ဆင်ဖြူရှင်စိုက်ပျိုးရေး၊ မွေးမြူရေး အကျဉ်းစခန်းများမှ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၉၆ ဦးတို့အား လွှတ်ပေးလိုက်ကြောင်း ထားဝယ်အကျဉ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# တိုင်းပြည်တွင် ဒီမိုကရေစီထွန်းကားစေရေးအတွက် မတူညီသည့်အယူအဆများ၊ ငြိမ်းချမ်းစွာယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရန် လိုအပ်






**နေပြည်တော် မေ ၈**
တိုင်းပြည်တွင် ဒီမိုကရေစီစနစ် ထွန်းကားအောင်ဆိုလျှင် မတူညီသည့် အယူအဆများနှင့် ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်လိုကြောင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိရန်လည်းလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသည် အများပြည်သူ၏ သဘောထားဆန္ဒကိုထင်ဟပ်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးကို ဦးတည်ချက်ချမှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖော်ဆောင်သည့်နေရာတွင် မိမိတို့၏မီဒီယာများသည် အများပြည်သူက တင်မြှောက်လိုက်သည့်အစိုးရအဖွဲ့အနေဖြင့် အများပြည်သူအတွက် ဘာတွေဆောင်ရွက်နေပါသည်ဆိုသည့် အကြောင်းအရာများကို အသိပေးရန်ဖြစ်ကြောင်း။

တစ်ချိန်တည်းတွင် အစိုးရဘက်မှ ပြောရုံသာမကဘဲ အများပြည်သူဘက်မှလည်း အစိုးရပိုင်းအဆင့်ဆင့်ရှိပုဂ္ဂိုလ်များ လုပ်ကိုင်ဆောင်ရွက်နေသည်များထဲမှ ချို့ယွင်းမှု၊ တိမ်းစောင်းမှု၊ ချွတ်ချော်မှု၊ လွဲမှားမှုများရှိလျှင် ဝေဖန်ထောက်ပြရန်ဖြစ်ကြောင်း။

ထို့ပြင် လိုအပ်နေသေးသည့်အချက်များကို ညွှန်ပြ၊ အကြံပေးရန်နှင့်ထိုသို့

## ပြည်သူများအနေဖြင့် အစိုးရဘက်မှ ပုဂ္ဂိုလ်များ လုပ်ကိုင်ဆောင်ရွက်နေမှုမှ ချို့ယွင်းမှု၊ လွဲမှားမှုများအား ဝေဖန်ထောက်ပြနိုင်ပြီး ထိုဝေဖန်ထောက်ပြမှုများကို နိုင်ငံပိုင်မီဒီယာများတွင်လည်း ဖော်ပြပေးသွားမည်

ညွှန်ပြ၊ အကြံပေးသည့်၊ လိုလားချက်များတောင်းဆိုသည့်နေရာတွင် အနယ်နယ်အရပ်ရပ်၊ တိုင်းပြည်အနှံ့အပြားရှိ အများပြည်သူတို့က မိမိတို့ ဒေသဆိုင်ရာ သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ချို့ယွင်းချက်၊ အားနည်းချက်များကို ဝေဖန်ထောက်ပြခြင်းသာမကဘဲ အစိုးရအဖွဲ့အစည်းများနှင့် မတူညီသောအမြင်ရှိသည့် အခြားပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များထံမှ ထွက်ပေါ်လာသည့် အထင်အမြင်၊ အယူအဆ၊ အသံဗလံများကိုလည်း မီဒီယာများကဖော်ပြရန် မိမိတို့၏ မူဝါဒ၊ လုပ်ကိုင်မည့်လမ်းကြောင်းအနေဖြင့် ချမှတ်ထားကြောင်း။

ထိုသို့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအဆင့်ဆင့်၏ ထင်မြင်ယူဆချက်များကိုလည်း ပြောဆိုဆွေးနွေးနိုင်ကြောင်း၊ ထိုသို့ ပြောဆိုဆွေးနွေးခြင်းအားဖြင့် မိမိတို့၏ ဦးတည်ချက်တစ်ခုလုံးအောင်မြင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုပ်သံမီဒီယာပိုင်းတွင် ပြည်သူများ ပိုမိုစိတ်ဝင်စားသည့် မီဒီယာဖြစ်လာစေရန် ရည်မှန်းချက်ရှိရန်လိုကြောင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများရှိလျှင်၊ လုပ်ငန်းဆောင်ရွက်နေသူများတွင် ခံစားခွင့်များ လိုအပ်နေလျှင် အပြန်အလှန်ညှိနှိုင်းတိုင်ပင်သွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတူတကွ ဆောင်ရွက်ကြပါရန် ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

# မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မေ ၈**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် ပြန်ကြားရေးကဏ္ဍနှင့် ပတ်သက်၍ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက်နှင့် မြန်မာနိုင်ငံတွင် အနာဂတ်ငါးနှစ်တာကာလအတွင်း အသုံးပြုနိုင်မည့်လှိုင်းနှုန်းအစီအစဉ်အား ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၈**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လှိုင်းနှုန်းစဉ်များအား စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်နှင့် လှိုင်းနှုန်းအသုံးပြုလိုသူများ အနေဖြင့် လုပ်ငန်းအလိုက် အသုံးပြုနိုင်သည့် လှိုင်းနှုန်းများကို သိရှိနိုင်စေရန် အတွက် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက် (National Table of Frequency Allocations)နှင့် မြန်မာနိုင်ငံတွင် အနာဂတ် ငါးနှစ်တာကာလအတွင်း အသုံးပြုနိုင်မည့် လှိုင်းနှုန်းအစီအစဉ် (Spectrum Roadmap) အား အများပြည်သူ သဘောထားမှတ်ချက်များကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြီးဖြစ်ပါသည်။ အဆိုပါ နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက်(National Table of Frequency Allocations)နှင့် လှိုင်းနှုန်းအစီအစဉ် (Spectrum Roadmap) နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mcit.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မေ ၈**
ဧရာဝတီမြစ်ရေသည် မေ ၈ရက် မွန်းလွဲ ၂နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် နှစ်ရက်အတွင်း ခုနစ်ပေခွဲခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် သုံးပေမှ ငါးပေခန့်နှင့် နောက်သုံးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ နောက်လေးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**



# တွံတေးမြို့နယ်ရှိ ရေရှားပါးသောကျေးရွာများအား ရေလှူဒါန်း

**ရန်ကုန် မေ ၈**
မြန်မာနိုင်ငံရှိ ရေရှားပါးသည့်ဒေသများမှ ပြည်သူများ လိုအပ်နေသည့် သဘာဝရေအရင်းအမြစ်များကို ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ဦးဆောင်မှုဖြင့် ရှာဖွေတူးဖော်လျက်ရှိပြီး ရေရရှိရေး ခက်ခဲသည့်ဒေသများအတွက် အဝီစိစက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေရှားပါးဒေသများ အရောက် ရေလှူဒါန်းပေးခြင်း၊ ဆည်မြောင်းများ တူးဖော်ပေးခြင်း စသည့် ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာသို့ ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေဂါလန် ၂၈၀၀ ဆံ့ကားဖြင့် ရေပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ရေပေးဝေလှူဒါန်းရာတွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံလူမှုရေးအဖွဲ့ဝင်များနှင့် တွံတေးဘဏ်ခွဲမန်နေဂျာနှင့် ဝန်ထမ်းများက နွေအခါတွင် လွန်စွာရေရှားပါးသည့် ကျေးရွာများ အနက်မှ တွံတေးမြို့နယ်မှ ခုနစ်မိုင်ခန့်ကွာဝေးသော ပျော်ဘွယ်လေးကျေးရွာသို့ ဦးစွာသွားရောက်ပြီး ဒေသခံများအား သုံးစွဲရန် ရေဂါလန် ၂၈၀၀ ကို ပေးဝေလှူဒါန်းခဲ့ကြသည်။

ထို့အပြင် အဆိုပါမြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၆၅ စုမှရေရှားပါးသောကျေးရွာများသို့ ယခုနှစ် နွေရာသီတွင် အဆိုပါ ရေသယ်ယာဉ်ဖြင့် စဉ်ဆက်မပြတ် သောက်သုံးရေများ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ယခုနှစ်နွေရာသီတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ရေလွန်စွာရှားပါးသော ဒေသများသို့ ဖောင်ဒေးရှင်းနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းထားသော ရေသယ်ယာဉ် အစီး ၂၀ ဖြင့် သွားရောက်လှူဒါန်းလျက်ရှိပြီး ဖောင်ဒေးရှင်းမှ Water Supply Project အနေဖြင့် လှူဒါန်းခဲ့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ငါးသန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပြောင်းလဲလာသော မြန်မာပြည်

**ခင်စောတင့်**

ဧပြီလ ၁ရက်နေ့ထုတ် “ကြေးမုံ”နှင့် “မြန်မာ့အလင်း” သတင်းစာနှစ်စောင်ကို ဖတ်လိုက်ရသောအခါ ဝမ်းသာအံ့သြစွာနှင့် “ဟင်. . . . ပြောင်းလဲသွားပါပကော” ဟု ရေရွတ်မိပါသည်။ ခေါင်းစည်းလည်း ပြောင်းသွားသည်။ ဒေါ်အောင်ဆန်းစုကြည်၏ပုံနှင့် သမ္မတ ဦးသိန်းစိန်နှင့် သမ္မတသစ် ဦးထင်ကျော်တို့၏ ပုံများကို ရောင်စုံပုံနှိပ်ထားသည်။ အတွင်းပိုင်းမှာလည်း မင်းကိုနိုင်၏ “ပွဲခင်းသာ” ကဗျာနှင့် ဆရာကိုလေး(အင်းဝဂုဏ်ရည်) ၏ “ဒုတိယလွတ်လပ်ရေး”ကဗျာကို တွေ့လိုက်ရသည်။ “ပြောပါတယ်နော် ငါ့ဆရာသား ပျိုးကောင်း။ ငါ့နှမရွေးတာ ဆွေကောင်း၊ ဒီတော့အကုန်ကောင်း . . ”ပါတဲ့ ကောင်းလိုက်ပါသော ကဗျာပါလား။ ကျွန်မမျက်စိကိုပင်မယုံချင်ဖြစ်မိသည်။ ယခင်က မင်းကိုနိုင်ဆိုလျှင် မုန်းလွန်း၍ ထောင်ထဲသို့ ထည့်ထားသည်။ ဆရာကိုလေးဆိုလျှင်လည်း ကဗျာမရေးရဟု နှစ်အကြာကြီး အပိတ်ပင်ခံခဲ့ရသည်။ ကျွန်မတို့တိုင်းပြည်ပြောင်းလဲခဲ့ပြီပဲ။ ဩစတြေးလျစာရေးဆရာ Andrew Matthews ၏ စကားစုကို သတိရမိသွားပါသည်။ "Usually, the best place to make a new start is where you are ! Before changing your address, consider changing your thinking ! When you change, your situation changes. It is Law.“အမှန်အားဖြင့် အစပျိုးရန် နေရာအသစ်ရှာရာတွင် အကောင်းဆုံးနေရာက သင်ရောက်ရှိနေသော နေရာဖြစ်သည်။ သင်၏ နေရပ်လိပ်စာကို မပြောင်းလဲခင်မှာ သင့်၏ တွေးခေါ်မှုကို ပြောင်းလဲရန်စဉ်းစားသုံးသပ်ပါ။ သင်ကပြောင်းလဲလိုက်သောအခါ အခြေအနေကလည်း ပြောင်းလဲလာပါသည်။

ဤသည်မှာ နိယာမပင်ဖြစ်သည်။

ပြောင်းလဲချိန်တန်သောအခါ ရေကြည်ရာမြက်နုရာ တခြားနေရာမှာ ရှာမကြည့်ပါနှင့်။ ကျွန်မတို့ရောက်ရှိနေသော နေရာကိုသာ ရေကြည်ရာမြက်နုရာ ဒေသအဖြစ် ပြောင်းလဲပစ်ရမှာဖြစ်ပါသည်။ ဦးဆောင်သူ စေရာနောက်သို့ ယုံယုံကြည်ကြည်နှင့် လိုက်ပါပြီး ကျရာတာဝန်ကို ကျွန်မတို့ ထမ်းဆောင်ကြရမှာ မဟုတ်ပါလား။

ကျဉ်းမြောင်းနောက်ကျနေသော ကျွန်မတို့၏အမိမြေကို ကျယ်ပြန့်စေရန် ပထမဦးဆုံး နိယာမမှာ အစဉ်တကျရှိခြင်း စနစ်ပဲဖြစ်သည်။ တစ်စုံတစ်ရာတိုးတက်ဖွံ့ဖြိုးလာရန် နည်းစနစ်လိုအပ်ပါသည်။ ပန်းလေးတစ်ပွင့်ကိုကြည့်ပါ။ အရောင်အဆင်း၊ ပွင့်ဖတ်ပုံသဏ္ဍာန်၊ အနံ့အဆင်း စနစ်တကျဖြစ်ပေါ်နေသည်။ ဗေဒါပွင့်လေးမှာ ဗေဒါရောင်ပွင့်ဖတ်ခြောက်ခုပါသည်။ ထိပ်ဆုံးကပွင့်ဖတ်ပေါ်မှာ အပြာရောင်ဒေါင်းမြီးကွက်အလယ်မှာ အဝါရောင်လေးပါပါသည်။ မည်မျှလောက်စနစ်ကျပါသနည်း။

လိမ္မော်သီးကို ခွဲကြည့်လိုက်ပါ။ သစ်ပင်တစ်ပင်၏အချိုးညီပြီး လှပပြေပြစ်ပုံကို ကြည့်ရှုလေ့လာပါ။ ပျားအုံတစ်အုံတွင် အခန်းများစွာနှင့် စနစ်တကျ တည်ဆောက်ထားပုံကို မြင်ဖူးမှာပါ။စည်းကမ်းနည်းလမ်းဆိုသည်မှာ နေရာတိုင်းတွင် ရှိပါသည်။

သဘာဝတရားက လိုအပ်တာကို သိမ်းဆည်းယူငင်ထားပြီး အမှိုက်တွေကိုမူ စွန့်ပစ်ပါသည်။ ဤသည်မှာ အစီအစဉ်ပဲ မဟုတ်ပါလား။ လူ့ဘဝလည်း ဤအတိုင်းပဲ ဖြစ်ပါသည်။ အဟောင်းတွေကို စွန့်ပစ်ပြီး အသစ်အသစ်များနှင့် ပြောင်းလဲထူထောင်ကြရမှာ ဖြစ်ပါသည်။

စာဖတ်သူတို့ပြုလုပ်ဖို့ မနှစ်သက်သော အသေးအဖွဲ့ကိစ္စများကို ပြုလုပ်ရန် စည်းကမ်းထားကြည့်ပါ။ ဥပမာ- အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးလိုခြင်း၊ တန်းမစီလိုခြင်း၊ ယာဉ်စည်းကမ်းမလိုက်နာလိုခြင်း စသည်ဖြင့်နောင်အခါတွင် စာဖတ်သူကြိုက်နှစ်သက်သော ကြီးမားသော ကိစ္စများကို ဘဝတစ်လျှောက်လုံး လုပ်နိုင်သွားပါလိမ့်မည်။ ကတိတည်ခြင်း၊ အချိန်မှန်ခြင်း၊ တိုင်းပြည်အပေါ် သစ္စာရှိခြင်း၊ လာဘ်မစားခြင်း စသည်ဖြင့်. . . ။

စင်ကာပူမှာ အမှိုက်တစ်စ ပစ်ချလျှင် ဒဏ်ငွေဒေါ်လာ ၅၀၀ ရိုက်သည်။ ကျွန်မတို့တိုင်းပြည်မှာလည်း ဤစနစ်ကိုကျင့်သုံးကြည့်လျှင် စည်းကမ်းရှိလာကြပါလိမ့်မည်။ တစ်လောက စင်ကာပူကို ရောက်ခဲ့၍ အမျိုးသမီးတက္ကဆီဒရိုင်ဘာနှင့်စကားပြောခဲ့သည်။ လမ်းမှာရဲတွေလည်း မမြင်ပါလားဟု မေးကြည့်ရာသူက “ရဲတွေက ရုံးမှာ CCTV ထဲက ကြည့်နေတာလေ။ ငါတို့စည်းကမ်းဖောက်ရင် လိုင်စင်သိမ်းသွားတာ။ လုပ်စားလို့မရတော့ဘူး။ အချို့နေရာတွေမှာရဲတွေ ရှိပါတယ်။သူတို့က ယူနီဖောင်းဝတ် မထားကြဘူး။ တီရှပ်ပဲဝတ်ထားတာ”ဟု ပြောပြသည်။ ထို့ကြောင့်လည်း သူတို့စည်းကမ်းမဖောက်ရဲကြပါဘူး။

ဧပြီ ၅ ရက်ထုတ် သတင်းစာမှာ “လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်ထုတ်ပြန်”ဆိုသော သတင်းပါလာပါသည်။ “လာဘ်ပေးလာဘ်ယူမှု၏ ကနဦးအဆင့်မှာ လက်ဆောင်ပစ္စည်းဖြစ်၍ ရွှေ၊ ငွေ၊ လေယာဉ်လက်မှတ်၊ အခမဲ့တည်းခိုခ၊ အခမဲ့စားသောက်ခ၊ ဧည့်ခံကျွေးမွေးခြင်း၊ ဂေါက်သီးအသင်းဝင်ကြေးများ အကျုံးဝင်သည်”ဟု ပါရှိသည်။ one table၊ two tables များကို ဆိုလိုဟန်ရှိသည်။ မုန့်ပုံးများထဲတွင် ငွေများ၊ ရွှေတုံးများထည့်ပေးသော ခေတ်ကုန်တော့မည်ထင်သည်။ ကျပ် ၂၅၀၀၀ ထက် မပိုသောပစ္စည်းကို လက်ခံခွင့်ပြုပြီး တစ်နှစ်လျှင် ကျပ် တစ်သိန်းထက်မပိုရ။ အခါကြီးရက်ကြီးများတွင် ကျပ်တစ်သိန်းထက်မပိုသော လက်ဆောင်ပစ္စည်းများလက်ခံနိုင်သည်။ သီတင်းကျွတ်၊ ခရစ္စမတ်ကာလများတွင် လာဘ်ပေး၍ အကောင်းဆုံးအချိန်ဖြစ်ခဲ့ကြသည်။ လူကြီးကတော်များက ဆိုင်မှာ ပြန်သွင်းကြသည်။

“လက်ခံခွင့်မရှိသော ပစ္စည်းများဆိုပါက ပြန်လည်ပေးအပ်ရမည်။ လက်ခံလိုပါက ကာလပေါက်ဈေးအတိုင်း ပေးအပ်သူထံ ပြန်လည်ပေးရမည်။ သစ်သီး၊ ပန်း စသည်တို့ကို ဌာနတွင်းဝန်ထမ်းများအား ဖြန့်ဝေပေးရမည်။ (ကျွန်မ ခင်ပွန်း၏ ဌာနတွင် နိုင်ငံခြားကုမ္ပဏီကိုယ်စားလှယ်များနှင့်အစည်းအဝေးလုပ်ပါက အရာရှိတိုင်း၏ရှေ့မှာ Ballpen၊ သော့ကြိုး၊ ပြက္ခဒိန်၊ Note စာအုပ်များ လက်ဆောင်လာချသည်။ အစည်းအဝေးပြီးသောအခါ အထက်လူကြီးက အကုန်သိမ်းသွားတော့၏။ တင်ဒါခေါ်လျှင် သူ့ကိုကော်မရှင်ပေးထားသော ကုမ္ပဏီကိုသာ ချပေးရ၏။ ပစ္စည်းများညံ့ကြောင်း ထောက်ပြသောအရာရှိကတော့ သေပေရော့ပဲ။)

“လက်ဆောင်ပစ္စည်းကို တောင်းခံခြင်းမပြုရ။ လက်ခံခွင့်ရှိသောပစ္စည်းကို အကြိမ်ကြိမ်လက်ခံခြင်းမပြုရ။ အထက်လူကြီးထံ တင်ပြရမည်။ နိုင်ငံတော်သမ္မတ၊ ဒုသမ္မတများအား ပေးအပ်သော လက်ဆောင်များကို သမ္မတရုံးဝန်ကြီးထံ အမြန်ဆုံးတင်ပြရမည်။”(မလေးရှားရောက်စဉ်က သမ္မတ မဟာသီဟာရရှိသော ပစ္စည်းများကို ကားတွေကအစ မယူဘဲ ပြသထားသည်ကို မြင်ခဲ့ရပါသည်။) ထိုညွှန်ကြားချက်ကို ဖတ်ပြီ ကျွန်မတို့၏ ဖခင် ICS ခန့်အပ်ခြင်း ပဋိညာဉ်စာချုပ်ထဲမှ အချက်အလက်များကို သတိရမိသည်။ နှစ်ပေါင်း ၈၀ကျော်ခဲ့ပါပြီ။ ထိုအထဲတွင် “မိမိအားယုံကြည်စွာ အပ်နှံထားသော အစိုးရပိုင်ပစ္စည်းများကို မရိုးမသားသော ရည်ရွယ်ချက်ဖြင့် အလွဲသုံးစားမပြုလုပ်ရ။ တမင်ပျက်သုန်းရန် ထိခိုက်ရန် မပြုလုပ်ရ။” (အစိုးရပိုင်ပစ္စည်းများကို မိမိအလုပ်မှ ထွက်ခွာသွားသောအခါ ယူဆောင်သွားခြင်းများကို အရင်က မကြားဖူးပါ။ ယခုမှသာ ကြားရပါသည်။)

“မသန့်ရှင်းသောတံစိုးလက်ဆောင်များကိုလက်ခံခြင်း၊ အပေးအယူလုပ်ခြင်းမပြုရ၊ ငွေဖြစ်စေ၊ တန်ဖိုးရှိသော ပစ္စည်းရရှိရန် သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း မတောင်းခံရ၊ လက်မခံရ၊ မယူရ။ လာဘ်လာသူများကို တောင်းဆိုခြင်း၊ ရယူခြင်းတို့မှ ထိန်းချုပ်ရမည်” (ထိုညွှန်ကြားချက်များသည် ယခင်ကတည်းက ရှိခဲ့ပါသည်။ ယခုအစိုးရက ဖော်ထုတ်ညွှန်ကြားသည်မှာ ဝမ်းသာစရာပါ။)

“ရောင်းဝယ်ဖောက်ကားခြင်းစသော စီးပွားရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ၊ အများနှင့် ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တွဲဖက်၍ မလုပ်ကိုင်ရ။

ယခုခေတ် အစိုးရအရာရှိများက ပြောင်ပြောင်တင်းတင်းပင် စီးပွားရေးလုပ်နေကြ၍ ချမ်းသာပြီးရင်း ချမ်းသာနေကြသည်။ သူတို့ကြောင့်ပင် ခရိုနီဆိုသော လူတန်းစားများပေါ်ပေါက်လာကြသည်။ “စည်းကမ်းဖောက်တော့ ထီးနန်းပျောက်သည်” ဆိုသော ဆိုရိုးစကားအတိုင်း ဖြစ်လာတော့သည်။

**ကျွန်မတို့က ခေါင်းဆောင်ကို အတုယူပြီး သတ္တိရှိလာကြပါပြီ။ သတ္တိဆိုတာ ကြောက်ရွံ့ခြင်း ကင်းခြင်းမဟုတ်ပါ။ ကြောက်ရွံ့သည့်ကြားမှ သတ္တိရှိလာကြခြင်းပါ။ လူတို့ဘဝမှာ ဘာမျှမလုပ်ကြသော သူ့အတွက် ကြီးမားသော စွန့်စားမှုတွေကို လုပ်ဆောင်ကြသောသူတွေ ကဲ့သို့ ကြောက်ရွံ့မှု ရှိကြသည်သာ ဖြစ်သည်။**

ကျွန်မတို့က ခေါင်းဆောင်ကိုအတုယူပြီး သတ္တိရှိလာကြပါပြီ။ သတ္တိဆိုတာ ကြောက်ရွံ့ခြင်းကင်းခြင်းမဟုတ်ပါ။ ကြောက်ရွံ့သည့်ကြားမှ သတ္တိရှိလာကြခြင်းပါ။ လူတို့ဘဝမှာ ဘာမျှမလုပ်ကြသောသူအတွက် ကြီးမားသော စွန့်စားမှုတွေကို လုပ်ဆောင်ကြသော သူတွေကဲ့သို့ ကြောက်ရွံ့မှုရှိကြသည်သာဖြစ်သည်။ ပထမအုပ်စုက အသေးအဖွဲ့လေးတွေကအစ ကြောက်လန့်ကြသည်။ ထို့ကြောင့် ကျွန်မတို့က ထူးခြားပြီးအရာထင်သော ကိစ္စ တစ်စုံတစ်ခုကိုသာ ကြောက်ရွံ့သင့်ကြသည် မဟုတ်ပါလား။

နှစ်သစ်မှာ ပြောင်းလဲခြင်းကို ကြိုဆိုကြပါစို့။ ။

## ဟိုး ရှေးရှေးမနေ့က
## (Once upon a yesterday .)

ဧည့်စာရင်း
ဧည့်စာရင်း
တံခါး
တံခါး
ဟုတ်. . . .
လုပ်အားပေး
လုပ်အားပေး
ဟုတ်. . . .
မလုပ်ချင်နေလေ
ဒါ
လူကြီးက
မှာလိုက်တာ
ဟုတ်. . . .
မပျက်မကွက်
(မပျက်မကွက်)
တက်ရောက်ပါ
ဟုတ်. . . .
မီးခွန်
ရေခွန်
စံပုံခွန်
ထိန်းသိမ်းခ
ဟုတ်. . . .
ကျွန်တော်တို့က
ဟုတ်
သူတို့က
မဟုတ်
မဟုတ်. . . . ။ ။

ကိုလေး(အင်းဝဂုဏ်ရည်)



❐ ကျော့ဖုံးမှ

မူးယစ်ရမ်းကားမှုတွေ မပေါ်ပေါက်စေရေး ကိစ္စရပ်တွေ၊ အယ်နီညိုကြောင့် ပေါ်ပေါက်လာမယ့် အခြေအနေတွေ၊ ရေရှားပါးမှုကြောင့် ဖြစ်လာနိုင်တဲ့ကိစ္စတွေ၊ ကျန်းမာရေးအတွက် ထိခိုက်စေနိုင်တဲ့ ကိစ္စရပ်တွေ၊ လုံခြုံရေးဆိုင်ရာ ထိခိုက်စေနိုင်တဲ့ကိစ္စရပ်တွေဟာ အတတ်နိုင်ဆုံးထိန်းနိုင်ဖို့ ပြင်ဆင်ထားတဲ့ ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ မဟာသင်္ကြန်ပွဲတော်ကြီးမှာ သံချပ်တွေ၊ အလှ၊အက ဖျော်ဖြေမှုတွေ အားလုံးပေါ်မှာ စိစစ်ရေးမလုပ်တော့ဘဲ ကိုယ့်ရဲ့အသိတရား စည်းမျဉ်းစည်းကမ်းဘောင်တွေထဲကနေ ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ ခေါ်ပြီး စိစစ်နေတာမျိုး မရှိတော့ပါဘူး။ ဒီပွဲတော်ကြီးကို ပြည်သူလူထုကပဲ ကျင်းပနိုင်ဖို့အတွက် အခွင့်အလမ်းပေးသွားတော့မှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေကစားဗဟိုမဏ္ဍပ်အဖြစ် မြို့တော်ခန်းမရှေ့တွင် တည်ဆောက်ထားပြီး ယိမ်းအက၊ အလှပြိုင်ပွဲများ၊ အနုပညာရှင်များ၏ ဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ ယင်းအပြင် ခရိုင်လေးခရိုင်အလိုက် ခရိုင်တစ်ခုတွင် ဗဟိုမဏ္ဍပ်တစ်ခုစီဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများ ဦးဆောင်ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုက်တွန်းထားပြီး မြန်မာ့လေကြောင်းမဏ္ဍပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဝေရေး မဏ္ဍပ်အပါအဝင် အစိုးရပိုင်းမှ ဆောင်ရွက်သွားမည့် မဏ္ဍပ်ကြီး ခုနစ်ခုရှိကြောင်း သိရသည်။ ပုဂ္ဂလိကပိုင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုပေးထားသည့် ပေ ၁၀၀ အထက် မဏ္ဍပ်ကြီးအရေအတွက်မှာ ၁၂ ခုဖြစ်သည်။ မဏ္ဍပ်အလတ်အရေအတွက်မှာ နှစ်ခုဖြစ်ပြီး မဏ္ဍပ်အသေးများမှာ ၁၈၉ ခုအထိရှိကြောင်း သိရသည်။

ယခင်နှစ်များက ခွင့်ပြုပေးခဲ့သည့် ကမ္ဘာအေးဘုရားလမ်းနှင့် ကန်တော်ကြီး ကန်ပတ်လမ်းတွင် မဏ္ဍပ်များခွင့်ပြုမပေးခြင်းနှင့်ပတ်သက်၍ “ကျွန်တော်တို့ ခွင့်မပြုတော့ဘူးလို့ပြောတဲ့ ကမ္ဘာအေးဘုရားလမ်းရယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းမှာ အများပြည်သူနဲ့သက်ဆိုင်တဲ့ မြေဧရိယာပေါ်မှာ တည်ဆောက်မယ့် မဏ္ဍပ်များဖြစ်ပါတယ်။ အများပြည်သူဧရိယာမှာ တည်ဆောက်တဲ့ မဏ္ဍပ်က ၁၁ ခုကနေ ၁၇ ခုလောက်ရှိပါတယ်။ အရင်နှစ်က အရေအတွက်ကို ဆိုလိုတာဖြစ်ပါတယ်။ အခု ခုံးကျော်တံတားတွေ တည်ဆောက်လိုက်တဲ့ အတွက် ဆောင်ရွက်လို့မရတော့တဲ့ နေရာတွေရှိလာပါတယ်။ ၁၇ ခုကနေ ၁၁ ခုကြားထဲမှာရှိတဲ့ မဏ္ဍပ်များကို ခွင့်မပြုတော့တာ ဖြစ်ပါတယ်။ အဲဒီနေရာတွေအတွက် မဏ္ဍပ်ဆောက်ဖို့ လျှောက်ထားမှု လျှောက်လွှာက ၃၀၀ ကျော်ရှိပါတယ်။ သတင်းမီဒီယာတွေမှာ ဖြစ်ပေါ်နေတဲ့ မဏ္ဍပ်ပေါင်း ၃၀၀ ကျော်လောက် ပိတ်လိုက်တယ်ဆိုတာ မမှန်ပါဘူး။ ခွင့်ပြုနိုင်တဲ့ မဏ္ဍပ် ၁၁ ခုနဲ့ ၁၇ ခုကြားရှိတဲ့ မဏ္ဍပ်အရေအတွက်ကို ခွင့်မပြုတာသာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မဏ္ဍပ်ပေါင်း ၁၈၉ ခု ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းကို အသိပေးလိုပါတယ်”ဟု ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသွားခဲ့သည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်အတွက် စီးပွားဖြစ်မဏ္ဍပ်များ ခွင့်မပြုခြင်းနှင့် ပတ်သက်၍ ကြိုဆိုမှုများစွာရှိနေသလို ဝေဖန်မှုများလည်းရှိနေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက အစဉ်အလာမပျက်ရှိခဲ့သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်၏ နေရာဒေသအနှံ့ ပျံ့နှံ့စည်ကားခဲ့သည့် ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကဲ့သို့ ပုံဖော်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဟု သိရသည်။ ရန်ကုန်မြို့ခံအများစုကလည်း သင်္ကြန်ပွဲတော်တွင် အေးချမ်းစွာဖြင့် ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် စတုဒိသာကျွေးမွေးခြင်း၊ ယဉ်ကျေးစွာ ရေပက်ကစားခြင်းဖြင့် ပါဝင်ဆင်နွှဲနိုင်ရန် ပြင်ဆင်နေကြသည်ဟု စုံစမ်းသိရှိရပြီး ဆယ်ကျော်သက်လူငယ်များကမူ စီးပွားဖြစ်မဏ္ဍပ်များ ပိတ်ပင်လိုက်မှုကြောင့် ပြည်လမ်းမကြီးပေါ်ရှိ ကိုယ်ပိုင်ခြံဝင်းများရှေ့တွင် တည်ဆောက်ထားသော မဏ္ဍပ်များ၏ ဈေးနှုန်းမြင့်မားမှုအပေါ် ဝေဖန်လျက်ရှိကြောင်း သိရသည်။ **(ဆုနှင်းလဲ့)**

# ကျောင်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားများစွာ လွတ်ပြီ



**ရန်ကုန် ဧပြီ ၈**

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်ရက်စေ့ အကျဉ်သား ၄၄၂ ဦး ဧပြီ ၈ ရက်တွင် လွတ်မြောက်လာခဲ့ပြီး နိုင်ငံရေးအကျဉ်းသားတစ်ဦးသာ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ ယခုလွှတ်ပေးလိုက်သည့် အကျဉ်းသားများသည် လွတ်ရက်စေ့သူများ၊ သင်္ကြန်ပိတ်ရက်တွင် လွတ်မြောက်မည့်သူများကို လွှတ်ပေးခြင်းဖြစ်ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်မဟုတ်ကြောင်း အင်းစိန်အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ ထို့ပြင် မန္တလေး အိုးဘိုအကျဉ်းထောင်တွင် လွတ်ရက်စေ့ အကျဉ်းသား ၂၁၁ ဦးလွတ်မြောက်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသား ပါဝင်ခြင်းမရှိသကဲ့သို့ တောင်ငူထောင်တွင်လည်း အကျဉ်းသား ၃၀၊ စစ်တွေအကျဉ်းထောင်တွင် ၂၃ ဦးလွှတ်ပေးခဲ့သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ နော်အုန်းလှ အပါအဝင် တက်ကြွလှုပ်ရှားသူများဖြစ်သည့် ဦးနေမျိုးဇင်၊ ကိုတင်ထွန်းမိုင်နှင့် ၈၈ မျိုးဆက် မမီးမီးတို့လည်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် တရားရုံးတွင် အမှုပိတ်သိမ်းပြီး လွှတ်ပေးလိုက်ကြောင်း သိရသည်။ လက်ပံတန်း အကျဉ်းထောင်ရှိ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေး သပိတ်မှောက် ဆန္ဒပြခဲ့သည့် ကျောင်းသားများနှင့် ဝန်းရံပြည်သူ ၆၉ ဦးတို့နှင့်အတူ ကိုမင်းသွေးသစ်၊ မဖြိုးဖြိုးအောင်နှင့် ကိုနန္ဒစစ်အောင်တို့ပါ လွတ်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့ကျောင်းသားများကို လွှတ်ပေးခြင်းသည် ပုဒ်မ ၄၉၄ နှင့် လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းသားများနှင့် ဝန်းရံပြည်သူများသည် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်သည့်အနေဖြင့် မန္တလေးမှ ရန်ကုန်သို့ စစ်ကြောင်းသုံးကြောင်းခွဲ ချီတက်ဆန္ဒပြခဲ့ကြသည့်အတွက် ၂၀၁၅ ခုနှစ် မတ် ၁၀ ရက်က လက်ပံတန်းမြို့တွင် အကြမ်းဖက်ဖြိုခွင်းခံရပြီး သာယာဝတီထောင်တွင် ဖမ်းဆီးထားသည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

**(ယုဇန)**

# မျိုးသုဉ်းပျောက်ကွယ်တော့မည့် လင်းဆွဲငှက်တို့မှီခိုရာ သစ်ပင်ကြီးများ ထိန်းသိမ်းရန်လိုအပ်

**ပုသိမ် ဧပြီ ၈**

မြန်မာနိုင်ငံတစ်ခွင် အယ်နီညို အပူလှိုင်းကပြင်းထန်စွာ ကျရောက်လျက်ရှိပြီး လူနှင့် သက်ရှိသတ္တဝါ၊ ကျေးငှက်သာရကာတို့ သဘာဝအပူဒဏ်ဘေးပြင်းပြစွာ ခံစားနေရသည်။ တီထွင်ကြံဆတတ်သော လူသားတို့က နည်းမျိုးစုံဖြင့် လိုက်လျောညီထွေ နေထိုင်သွားလာနိုင်ကြသော်လည်း တောတောင်သဘာဝကို အမှီပြု ကျက်စားနေကြသော ကျေးငှက်သာရကာနှင့် တိရစ္ဆာန်များက ပြေးလွှားရှာဖွေရင်း မျိုးသုဉ်းပျောက်ကွယ်သွားခဲ့မှုများလည်းရှိ၏။ ဟင်္သာ၊ ကြိုးကြာ၊ ဥဒေါင်းငှက်၊ ကရဝိက်ငှက်တို့ ရှာမှရှားဖြစ်သကဲ့သို့ လူသားအကျိုးပြု ဥဗျိုင်း၊ လင်းဝက်၊ သာလိကာ၊ ဆက်ရက်၊ တင်ကျီးငှက်တို့လည်း လျော့နည်းလာချေပြီ။ ဤသည်မှာ သစ်ပင်၊ တောတောင် စိမ်းလန်းစိုပြည်မှုမရှိခြင်း၊ တရားမဝင်ခုတ်လှဲခြင်းတို့ကြောင့် ရာသီဥတုဖောက်ပြန်လာရခြင်းဟုဆိုရပေမည်။



သာခကေပြုစရာ ပုသိမ်မြို့ပေါ်တွင် ရှာမှရှားသက်တမ်းရင့်သစ်ပင်ကြီးများ ရာဂဏန်းမျှမရှိတော့။ တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံးအနီးဝန်းကျင်၌သာ အနှစ်တစ်ရာကျော်သစ်ပင်ကြီး အနည်းငယ်မျှသာ မြင်တွေ့ရတော့သည်။ အပူချိန်(၁၀၀ဒီဂရီ /၉၀ဒီဂရီ) အောက်နိမ့်ကျမှုမရှိ၊ ရာသီဥတုမမျှတသဖြင့် မှီခိုကျက်စားရာ ကင်းမဲ့နေသော လင်းဆွဲကြီးများ၊ ဥဗျိုင်းငှက်၊ တင်ကျီးငှက်တို့ အလုအယက် သိုက်မြုံဖွဲ့မနေနိုင်ရှာ။ ဘယဆေးအသုံးဝင်မှု၊ နိုင်ငံတကာဈေးကွက်တွင် စေသော လူသားအကျိုးပြု နို့တိုက်သတ္တဝါလည်းဟုတ်၊ ငှက်မျိုးနွယ်လည်းဖြစ်၊ မျိုးသုဉ်းပျောက်ကွယ်လု လင်းဆွဲငှက်မျိုးစိတ် ထိန်းသိမ်းရန် ပြည်သူတွေ သတိပေးနေသကဲ့သို့ ရှားပါးမြင်ကွင်းကို သုံးသပ်ခံစားစေချင်၏။

ထို့ကြောင့် တော်လည်းသာစေ၊ တောင်လည်းစိုပြည်၊ ဥတုလည်းမျှတ သက်ရှိသတ္တဝါ ကျေးငှက်သာရကာနှင့် လူသားတို့ ငြိမ်းချမ်းမြဲစေရန် သက်တမ်းရင့် သစ်ပင်ကြီးများ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း သာခကေပြုတင်ပြလိုက်ရပါသည်။ **ပုသိမ်(လှကြည်)**

❂ ရှေ့ဖုံးမှ

ထို့အပြင် သက်ဆိုင်ရာ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး အမြန်ဆုံး ပြန်လည်လွတ်မြောက်ရေးအတွက်ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် နှစ်သစ်ကူးအခါသမယတွင် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အမှုရင်ဆိုင်လျက်ရှိသော သူများနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၉၄)နှင့်အညီ အမှုရုပ်သိမ်းရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်အထိ အမှုစစ်ဆေးရန် တရားရုံးက ချိန်းဆိုထားသူများအတွက် အပြီးဆောင်ရွက်နိုင်သော်လည်း ယင်းနေ့တွင် အမှုစစ်ဆေးရန် ချိန်းဆိုထားခြင်း မရှိသူများအတွက် အချိန်မီဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် ကုန်ဆုံးပြီးနောက် တရားရုံးများဖွင့်လှစ်သည့်အချိန်တွင် အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ကြေညာချက်အမှတ်(၂/၂၀၁၆)ဖြင့် ယနေ့ ထုတ်ပြန်ထားရှိသည်။

ထို့အပြင် သင်္ကြန်နှစ်သစ်ကူးချိန်ရောက်ရှိတိုင်း ခံစားခွင့်ပြုနေကြဖြစ်သည့် အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ နှစ်သစ်ကူးအထူးဆုမှတ်ရက် (ကြိုတင်လျှော့ရက်)များကို ခံစားရရှိကြသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၁၇၈ ဦးကိုလည်း ယနေ့တွင် အကျဉ်းထောင်အသီးသီးမှလွှတ်ပေးခဲ့ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ဒီမိုကရေစီခြေလှမ်းသစ်ကို ကျောင်းသားများကြိုဆို

**ကျော်ဒင်အောင်(သာယာဝတီ)**

အမျိုးသားပညာရေးပြုပြင်ပြောင်းလဲရေး အတွက် ဆန္ဒပြသပိတ်စစ်ကြောင်းချီခဲ့သည့် ကျောင်းသားများသည် မန္တလေးမှ ရန်ကုန်သို့ ချီတက်ဆန္ဒပြခဲ့ကြရာ သာယာဝတီမြို့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသည်။ အဆိုပါ ကျောင်းသားများကို အစိုးရသစ်လက်ထက် ဧပြီ ၈ ရက်တွင် ကိုမင်းသွေးသစ်၊ ကိုနန္ဒာစစ်အောင်၊ မဖြိုးဖြိုးအောင်တို့နှင့် အတူ ဝန်းရံပြည်သူ ၆၉ ဦး လွတ်မြောက်ခဲ့သည်။ အဆိုပါကျောင်းသားများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**ကိုမင်းသွေးသစ်**

ကျွန်တော် အပြင်မှာ ထမ်းဆောင်ရမယ့်တာဝန် သုံးခုရှိပါတယ်။ ကျောင်းသားသမဂ္ဂတရားဝင် ရပ်တည်ပြီးတော့ ပြည်လုံးကျွတ်ကျောင်းသားညီလာခံ ခုနစ်ကြိမ်မြောက်အဖြစ် နောက်ဆုံးလုပ်ခဲ့တာ ၁၉၆၀။ အခုလာမယ့် ၂၀၁၇ မှာ ပြည်လုံးကျွတ်ကျောင်းသားညီလာခံ တစ်ခု အကောင်အထည်ဖော်နိုင်အောင် ကြိုးစားမယ်။ ဒါကကျောင်းသားသမဂ္ဂနဲ့ဆိုင်တဲ့တာဝန်ပါ။ နောက်တစ်ချက် ပညာရေးပြုပြင်ပြောင်းလဲမှု ဒါကလည်း ကျောင်းသားသမဂ္ဂတာဝန်ပါပဲ။ ပညာရေးကို ကမ္ဘာ့အဆင့်မီပညာရေးဖြစ်အောင် ပြုပြင်ပြောင်းလဲဖို့အတွက် ကျွန်တော်တို့တောင်းဆိုထားတဲ့ အချက် ၁၁ ချက်ရဖို့ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်သွားမယ်။ ဒါက ကျောင်းသားသမဂ္ဂနဲ့ဆိုင်တဲ့တာဝန်တစ်ခုပါ။

အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနည်းကျတဲ့ အခြေခံဥပဒေတစ်ခုဖြစ်အောင်၊ နောက်ပြီး တိုင်းရင်းသားပြည်သူတွေလက်ခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီအခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်အောင်လို့ ကျွန်တော်တို့ဆက်ပြီး ကြိုးစားသွားမယ်။ တခြားနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ အစိုးရနဲ့ပူးပေါင်းပြီးတော့ အမျိုးသားရေးတာဝန်ကို ဆက်ပြီးထမ်းဆောင်သွားမှာပါ။ ဒီတာဝန်သုံးခုကို လုပ်သွားမှာပါ။

လွှတ်တော်ထဲမှာ တပ်မတော်သား ၂၅ ရာခိုင်နှုန်းရှိတာဟာ ကျွန်တော်မြင်တာကတော့ ပြီးခဲ့တဲ့ကာလတွေမှာ နိုင်ငံရေး၊ စီးပွားရေး(အင်စတီကျူးရှင်း)တွေ သူတို့ဆီမှာ အားကောင်းတယ်။ စီးပွားရေးအခွင့်အလမ်းတွေ သူတို့ဆီမှာအားကောင်းတယ်။ ရုတ်တရက်တပ်က နိုင်ငံရေးနယ်ပယ်အတွင်းက ဆုတ်လိုက်လို့ရှိရင် ပြည်သူကပြန်ပြီးတော့ သူတို့တစ်လျှောက်လုံးယူထားတဲ့ အခွင့်အရေးတွေ ချက်ချင်းအကုန်ပြန်ပေးလိုက်ရမလားဆိုတဲ့ စိုးရိမ်စိတ်ကြောင့်သာလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်အခန်းကဏ္ဍကထည့်ပြီး လွှတ်တော်ထဲမှာ တပ် ၂၅ ရာခိုင်နှုန်းပါတယ်လို့ ကျွန်တော်တို့က မြင်တယ်။ ဒီတော့ သူတို့က ပြည်သူကို ယုံကြည်လာအောင် ပြည်သူကလည်း သူတို့ရဲ့ အခွင့်အရေးတွေကို အားလုံးမဟုတ်ဘူး၊ မတရားယူထားတဲ့ အခွင့်အရေးတွေကိုသာ ပြန်ပြီးတောင်းဆိုမှာဖြစ်တယ်။ သူတို့လုံခြုံရေးကို ဘာမှမထိခိုက်စရာမရှိဘူးဆိုတဲ့ ယုံကြည်ချက်မျိုး ပြနိုင်တယ်။ သူတို့ဘက်ကလည်း ပြည်သူကို ဒီလိုယုံကြည်လာတယ်ဆိုရင်တော့ ဒီအခြေအနေက ပြေလည်သွားမယ်လို့ထင်ပါတယ်။ အရပ်သားစစ်စစ်အစိုးရဖြစ်သွားမယ်။ အရပ်သားစစ်စစ်လွှတ်တော်ဖြစ်လာနိုင်မယ်။ အဲဒီလိုအခြေအနေရောက်အောင်တော့ အမြန်အလှန် ပူးပေါင်းဆောင်ရွက်သွားဖို့လိုတယ်။ အချိန်ကာလတစ်ခု လိုတယ်လို့ထင်ပါတယ်။

အဲဒီကာလအတွင်းမှာ ကျွန်တော်တို့ကလည်း ကိုယ့်ရဲ့ရပိုင်ခွင့်ထဲက ရသလောက်တောင်းဆိုရမှာဖြစ်သလို တပ်အနေနဲ့ကလည်း သူတို့နဲ့မဆိုင်တဲ့ ကဏ္ဍတွေမှာ ယူထားတာရှိလို့ရှိရင်လည်း ရိုးရိုးသားသား ပြန်ပေးဖို့တာဝန်ရှိပါတယ်။ ဒီလိုသာ နှစ်ဖက်အပြန်အလှန်သွားမယ်ဆိုရင်တော့ ဘာပြဿနာမှ မရှိဘဲနဲ့ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးက ကတ္တီပါတော်လှန်ရေး ဖြစ်သွားမှာဖြစ်ပါတယ်။

သဘောထားတင်းမာတဲ့သူတွေကို ဘယ်လိုဆွဲခေါ် တိုက်တွန်းရမလဲဆိုရင် သဘောထားမတင်းတဲ့ အစုအဖွဲ့တွေက အများကြီး ရှိနေတာဖြစ်နေတဲ့အတွက် ဒီလူတွေရဲ့ သဘောထားကို မလုပ်ပါနဲ့ မှားတယ်လို့ပြောလို့မရဘူး။ ဒီမိုကရေစီဖြစ်တဲ့အတွက် သူတို့ရဲ့သဘောထားကို သူတို့အကောင်အထည်ဖော်ခွင့်ရှိတယ်။

လက်ရှိအခြေအနေကို နိုင်ငံရေးအဆင့်တစ်ခုအရှေ့ကို တက်သွားအောင်၊ လွှတ်တော်တွင်း ပါလီမန်တစ်ခုတည်းနဲ့သွားလို့ မလုံလောက်ဘူးလို့ ကျွန်တော်တို့ မြင်တာပါ။



တချို့ဟာတွေမှာ လွှတ်တော်ပြင်ပနိုင်ငံရေး အင်အားစုတွေကလည်း အစိုးရနဲ့ လွှတ်တော်ကို ဖိအားပေးဖို့လိုတယ်လို့ မြင်ပါတယ်။ ဒီလိုမျိုး ဘယ်နဲ့ညာနဲ့ တစ်ပြိုင်နက် အဆင်ပြေအောင် မောင်းနှင်နိုင်ရင် ကောင်းပါတယ်။

အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ရမှာက ပါတီတွင်း ဒါမှမဟုတ် လွှတ်တော်တွင်းမှာ ဩဇာအာဏာရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြင်ပနိုင်ငံရေး အင်အားစုတွေနဲ့ ကြားမှာ ဩဇာအာဏာကြီးတဲ့ ကိုမင်းကိုနိုင်တို့လို နောက်တက်လာတဲ့ မျိုးဆက်သစ်လူငယ်တွေနဲ့ အကုန်လုံးစုပြီး နှစ်ဦးနှစ်ဖက် ပါလီမန်တွင်းနဲ့ ပါလီမန်ပြင်ပ နိုင်ငံရေးအင်အားစုတွေညှိပြီးတော့ သွားမယ်ဆိုရင်အဆင်ပြေပါတယ်။ သဘောထားတင်းမာပြီးတော့ လမ်းပေါ်မှာ နိုင်ငံရေးရှိဖို့လိုသေးတယ်လို့ ယူဆတဲ့သူတွေကိုတော့ ကျွန်တော်တို့ကမလုပ်သင့်ဘူး၊ ဒါမှားနေတယ်လို့ သွားပြောလို့မရဘူး။ ဒါသူ့အယူအဆနဲ့သူဖြစ်နေတယ်။ ဒီမိုကရေစီမှာ ဒီလိုလုပ်လို့မရဘူး။ ကျွန်တော်တို့ကတော့ ပူးပေါင်းဆောင်ရွက်သွားပြီးတော့ အတတ်နိုင်ဆုံးထိန်းညှိသွားရင်တော့ အဆင်ပြေမယ်လို့ထင်ပါတယ်။

ပထမဆုံးပြည်သူတွေကို ကျေးဇူးတင်ပါတယ်။ ပြည်သူက ဒီလိုမျိုးအစိုးရကို တင်ပေးလိုက်လို့ အစိုးရဖွဲ့နိုင်တာဖြစ်ပါတယ်။ ပြည်သူကတောင်းဆိုလို့ အစိုးရက လွှတ်ပေးတာဖြစ်တာပါ။ ပြည်သူက မတင်ပေးလိုက်ရင် ဒီအစိုးရကလည်း တက်လာစရာအကြောင်းမရှိဘူး။ အရင်ဆုံးနဲ့ပထမဆုံးကျေးဇူးတင်ရမှာက ပြည်သူပါ။ သူတို့ရဲ့ အကျိုးကိုလုပ်ပေးတယ်ဆိုတာယုံကြည်တဲ့အတွက် ကျွန်တော်တို့အပေါ် တာဝန်ပြန်ကျေတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အကျိုးတွေကို ဆက်ပြီးဆောင်ရွက်ပါမယ်။ ပထမကျေးဇူးတင်တာ ပြည်သူ၊ ဒုတိယကျေးဇူးတင်တာ ပြည်သူရဲ့ ဆန္ဒကို အကောင်အထည်ဖော်ပေးတဲ့အစိုးရကိုပါ။

**မဖြိုးဖြိုးအောင်**

ကျွန်မတို့နိုင်ငံမှာက ကတိတည်တဲ့နိုင်ငံ့ခေါင်းဆောင်မရှိခဲ့ဘူး။ မကြုံခဲ့ရဘူးပေါ့။ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့တဲ့ အတိုင်း ကတိတည်ဖို့ ကြိုးစားတယ်။ ကတိတည်တဲ့ အစိုးရတွေ့ရပြီ။ ဒါကောင်းတဲ့အစဉ်အလာတစ်ခုတွေ့ရပြီ။

ပြည်သူတွေ ဘယ်လောက်ပျော်သလဲဆိုတာ အစိုးရသစ်တက်တဲ့နေ့မှာ ကျွန်မတွေ့ရတယ်။ အမြို့မြို့အရွာရွာမှာ ကျေနပ်ပီတိဖြစ်မှုတွေ အထင်အရှားဆုံးရလဒ် အဖြေကတော့ ၂၀၁၅ ရဲ့ရလဒ်အဖြေပေါ့။ ပြည်သူတွေရဲ့ရင်ထဲနှလုံးသားထဲက အမှန်တရားတွေကို ဆွေးနွေးရတယ်။

ပြည်သူတွေလိုလားတဲ့သူ၊ ကျွန်မတို့တိုင်းပြည်ကို ဦးဆောင်မယ့်သူ၊ အုပ်စိုးမယ့်သူကို ပြည်သူတွေက ရွေးချယ်ပေးလိုက်တာဖြစ်တယ်။ ပြည်သူတွေရွေးချယ်လိုက်တဲ့အပေါ်မှာ ပြည်သူတွေဘယ်လောက်ကျေနပ်ကြတယ်။ တိုင်းပြည်ခေါင်းဆောင်တွေက ဘယ်လိုရှန်းကန်လှုပ်ရှားဆောင်ရွက်သွားကြတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ပါ။ လွှတ်တော်ထဲမှာလည်း တွေ့နေရမှာဖြစ်ပါတယ်။

ကျွန်မပြောချင်တာက တပ်မတော်ဆိုတာ တိုင်းပြည်တစ်ပြည်ထဲမှာ အမှန်တကယ်လိုအပ်တဲ့အဖွဲ့အစည်းပါ။ တပ်မတော်က တိုင်းပြည်ကာကွယ်ရေးအတွက် တကယ်လိုအပ်တယ်။ တကယ်လည်း လုပ်ဆောင်ရမှာပါ။ မလိုအပ်တဲ့နေရာတွေမှာ ဆက်ပြီးတော့ရှိနေတာက တိုင်းပြည်အတွက်နစ်နာတယ်လို့ မြင်ပါတယ်။ ဒီလူတွေက နစ်နာအောင်၊ မနစ်နာအောင်လုပ်တာထက် မကျွမ်းကျင်မလိမ္မာတဲ့နေရာမှာဝင်ပြီး လုပ်ကိုင်တော့ အမှားအယွင်းတွေက အနည်းနဲ့အများဖြစ်နေမှာပါ။ အများပြည်သူချစ်ခင်တာခံရတာ ဘယ်လောက် ကျေနပ်စရာကောင်းသလဲ။ ရာထူးဂုဏ်ရှိန်တွေထက် ပြည်သူတွေရဲ့ချစ်ခင်တာကို ခံရတာကိုက အင်မတန်ကျေနပ်ပီတိဖြစ်စရာကောင်းပါတယ်။ ပြည်သူတွေကလည်း ကျေနပ်ပီတိဖြစ်အောင် ၂၀၀၈ ဖွဲ့စည်းပုံအရ လွှတ်တော်ထဲမှာ ဝင်ထိုင်နေတဲ့ ၂၅ ရာခိုင်နှုန်းသော စစ်ဗိုလ်ချုပ်တွေအားလုံး ပြည်သူလိုလားတဲ့အနေအထား တစ်ခုကို ပြောင်းပြီး ကိုယ့်အလုပ်သာ ကိုယ်လုပ်ကြမယ်ဆိုရင် ကျွန်မတို့တိုင်းပြည်ဟာ ကောင်းတဲ့ အလားအလာတွေ ဖြစ်ထွန်းသွားမှာပါ။ ဒီမိုကရေစီဆိုတာက လူတိုင်းအတွက် တစ်ဦးချင်းစီအတွက်ရော အလုပ်အတွက် ကောင်းတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။ ဒီမိုကရေစီကို ပြည်သူတွေတင်မကဘူး။ တပ်မတော်ထဲမှာ ရှိတဲ့သူတွေကိုလည်း ခံစားစေချင်ပါတယ်။ ကိုယ်တိုင်လည်းခံလည်းခံစားကြည့်ဖို့ တိုက်တွန်းပါတယ်။

**အမျိုးသမီးတွေကိုယ်စား စကားလက်ဆောင်**

ကျွန်မတို့ ဓလေ့ထုံးတမ်းအစဉ်အလာအရ နောက်မှာနေရတာ များပါတယ်။ မီးဖိုချောင်ထဲမှာ နေတယ်။ ပြောရေးဆိုခွင့်ရှိတဲ့ နေရာမှာ ဘယ်တော့မှ မနေဘူး။ လုပ်နိုင်ခြင်း၊ မလုပ်နိုင်ခြင်းထက် နောက်မှာနေတဲ့ ဓလေ့ထုံးတမ်းအစဉ်အလာအရ မီးဖိုချောင်မှာပဲ နေရတယ်။ အခု အခြေအနေက အနည်းငယ်ပြောင်းလဲလာပြီ။ မဖြစ်မနေ အမျိုးသမီးတွေ ရှေ့ထွက်လာရမယ့်အချိန်အခါ၊ ထွက်လာရတဲ့အခါကျတော့ အခုအမျိုးသမီးတွေ နယ်ပယ်အသီးသီးမှာ ပေါ်လာကြတယ်။ ဒါလက်ကမ်းကြိုဆိုစရာပါ။ စီးပွားရေးမှာပဲ ဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ အရေးကိစ္စပေါင်းစုံမှာ အမျိုးသမီးတွေ ရှေ့တန်းထွက်လာကြပါတယ်။ အခု ရှေ့တန်းထွက်လာခဲ့တဲ့ အမျိုးသမီးတိုင်းကို တကယ်ရှိသင့်တဲ့ နေရာတွေမှာ လက်ခံမယ်၊ အားလုံး အများပြည်သူကပါ လက်ခံနိုင်မယ်၊ လူ့အသိုင်းအဝိုင်းတစ်ခုလုံး၊ လူ့အဖွဲ့အစည်းတစ်ခုလုံးက လက်ခံမယ်ဆိုရင်တော့ အင်မတန်မှ ညီမျှတဲ့ တိုင်းပြည်တစ်ခု ဖြစ်လာမယ်လို့ မြင်ပါတယ်။

ကျွန်မတို့ အမြဲသံသယဝင်တာရှိတယ်။ အဲဒါဘာလဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထဲရေးရယ်၊ ကာကွယ်ရေးရယ်၊ နယ်စပ်လုံခြုံရေးရယ်က စစ်တပ်ကနေ ရွေးချယ်တင်မြှောက်လိုက်တဲ့သူကိုသာ သမ္မတက ရွေးချယ်လိုက်တာဖြစ်တော့ ဘယ်သူ့ကို တာဝန်ခံမလဲပေါ့။ ကျွန်မတို့အနေနဲ့ အမြဲတမ်းသံသယဝင်ရပါတယ်။ တကယ်တော့ သမ္မတရဲ့ ဦးဆောင်မှုကိုလိုက်နာမယ်ဆိုတာကို အမြဲတမ်းစိုးရိမ်ပူပန်မိပါတယ်။ ကျွန်မတို့ ချောချောမွေ့မွေ့နဲ့ လွတ်မြောက်ခဲ့တယ်။ လွတ်မြောက်ခဲ့တယ်ဆိုရင် ပြည်ထဲရေးက အစိုးရသစ်နဲ့ ပူးပေါင်းပါဝင်မှုရှိလာတယ်။ ဒါအပြုသဘောဆောင်လာတယ်လို့ မြင်ရတာပေါ့နော်။ အာမခံချက်ရှိတဲ့အပြောင်းအလဲဖြစ်ဖို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အရပ်ဘက်အောက်ကို ရောက်ဖို့ဆိုလို့ရှိရင်တော့ အတိုင်းထက်အလွန်ပါပဲ။ ကျွန်မတို့ကတော့ အရပ်ဘက်အောက်ထဲကို ဖြစ်သင့်တဲ့အနေအထားတစ်ခုပေါ့။ တကယ်လိုက်လျောညီထွေဖြစ်တဲ့ ဖြစ်သင့်တဲ့အနေအထားတစ်ခုကို ကျွန်မတို့ ဖော်ဆောင်ချင်တာကတော့ အမှန်ပေါ့။ လတ်တလော အခြေအနေအရကိုက တကယ်ကို ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ပြည်ထဲရေးအတွက်ကတော့ ဝမ်းမြောက်ရမှာပေါ့နော်။

**အပြင်ပြန်ရောက်ရင် ဘာတွေလုပ်ဆောင်မလဲ**

ဦးသိန်းစိန်အစိုးရလက်ထက်က ဘာသဘောတူညီထားတဲ့ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုမှာ သဘောတူညီမှုတွေ ရှိတယ်။ ဒါကို အစိုးရသစ်ကလည်း ဆက်ပြီးအကောင်အထည်ဖော်ပေးဖို့ ကျွန်မတို့ တိုက်တွန်းတာတွေ၊ ပညာရေးပြုပြင်ပြောင်းလဲပတ်သက်တဲ့ လုပ်ငန်းစဉ်တွေမှာ လည်းပါဝင်မှာပါ၊ လှုပ်ရှားမှုတွေ ဆက်တိုက်ရှိနေဦးမှာပါ။

ကျွန်မတို့ တိုင်းပြည် အပြောင်းအလဲအတွက်ကလည်း ပညာရေးက အင်မတန်မှ အရေးကြီးပါတယ်။ ဒီမိုကရေစီတိုင်းပြည်ကို ပြောင်းလဲဖို့ဆိုရင် ပညာရေးက ဒီမိုကရေစီပညာရေးဖြစ်ရမယ်။ စာသင်ခန်းစာတွေကအစ ဒီမိုကရေစီကို သင်ကြားရမယ်။ စာသင်ခန်းတွေမှာ ဒီမိုကရေစီရပြီဆိုရင် တိုင်းပြည်အတွက်ကတော့ ရေရှည်ခိုင်မြဲတဲ့ ဒီမိုကရေစီကို ဦးတည်နိုင်ပြီဆိုတာ ကျိန်းသေပါတယ်။ ပညာရေးနဲ့ ကျွန်မတို့ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲပြရမှာပါရှင့်။

**ကိုအောင်မှိုင်းဆန်း**

ပထမအစိုးရလက်ထက်မှာသာ လွတ်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ဘယ်လိုဝမ်းသာမယ်ဆိုတာ မသိပေမယ့် ပြည်သူတင်တဲ့အစိုးရလက်ထက်မှာ ပြည်သူကိုကိုယ်စားပြုတဲ့ အစိုးရတစ်ရပ်က လွှတ်ပေးတယ်ဆိုတာ ကျွန်တော်တို့လည်း ဝမ်းသာသလို ဒီအစိုးရရဲ့ တကယ့်ရှေ့သွားမယ့် လမ်းကြောင်းပေါ်မှာ အရင်ပေးခဲ့တဲ့ ကတိတွေကို သူကြိုးစားပြီး ဖြည့်ဆည်းနေတယ်ဆိုတဲ့ဟာကို သူက သက်သေပြရာရောက်တဲ့အတွက်လည်း ဒီအစိုးရအပေါ် အရင်အစိုးရထက်စာရင်ပိုပြီး ယုံကြည်မှုတိုးလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မျှော်မှန်းထားတာက ဒီလိုသာမန်လွတ်မြောက်မှုမဟုတ်ဘဲနဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်လိုဟာမျိုး လိုလားတာပေါ့နော်။ ပြည်ပရောက်နေတဲ့ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတွေကလည်း သူတို့လွတ်လွတ်လပ်လပ် ဝင်ခွင့်ရချင်သလို တိုင်းရင်းသား လက်နက်ကိုင်အင်အားစုအားလုံးလည်းလွတ်လွတ်လပ်လပ် ပြည်တွင်းမှာ သွားလာလှုပ်ရှားခွင့်ရတဲ့ အနေအထားမျိုးဖြစ်နိုင်တဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်မျိုး ကျွန်တော်တို့က ပိုပြီးမျှော်လင့်ခဲ့တာပါ။ အဲဒီဟာတွေကလည်း အခက်အခဲတွေ အများကြီးရှိတယ်ဆိုတာ နားလည်ပါတယ်။ အဲဒီအခက်အခဲတွေကို ကျော်လွှားဖြေရှင်းမယ်လို့ ယုံကြည်ပါတယ်။

**ကိုသီဟဝင်းတင်**

NLDအစိုးရအနေနဲ့ ဒီမိုကရေစီခြေလှမ်းသစ်တစ်ရပ်ကို စတင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကြိုဆိုပါတယ်လို့ ပြောချင်ပါတယ်။ အစိုးရသစ်တစ်ရပ်နဲ့ ပြည်ထဲရေးတို့ဘာတို့နဲ့ ညှိနှိုင်းမှုကနေ ဖြစ်ပေါ်လာတဲ့ရလဒ်ပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိနေသေးသရွေ့ ကျွန်တော်တို့ထောင်ထဲကိုပြန်ဝင်ရနိုင်ပါတယ်။ ကျွန်တော်တို့လို ကျောင်းသား၊ လယ်သမား၊ အလုပ်သမားတွေ ၂၀၀၈ ဖွဲ့စည်းပုံကြောင့်ထောင်ထဲကို ထပ်ပြီးရောက်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံကြောင့် စစ်တပ်က ချုပ်ကိုင်ထားတာတွေ့ရပါတယ်။ ဒါကြောင့် လွတ်မြောက်လာပေမယ့်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် နောင်တစ်ချိန်မှာ ထောင်ထဲမှာပြန်ဝင်ရဖို့ရှိပါတယ်။

# သနပ်ခါးလိမ်းစရာမလိုတဲ့ ရန်ကုန်စတော့အိတ်ချိန်း

ဒေါက်တာမောင်မောင်သိမ်း




ဆရာဦးသန်းစိုး(ဘောဂဗေဒ)ရဲ့ Daily Eleven သတင်းစာ (၃၁-၃-၂၀၁၆)ရက်စွဲပါ စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ဆောင်းပါးကို ပြန်လည်ရှင်းလင်းရေးသားအပ်ပါတယ်။ ဆရာ့ဆောင်းပါးမှာ အကြောင်းအရာအချို့ဟာ လက်ရှိနဲ့မကိုက်ညီတာတွေ တွေ့ရပါတယ်။ ကျွန်တော်ကတော့ ဒီစတော့အိတ်ချိန်းပေါ်လာရန် အဓိကလုပ်ဆောင်ခဲ့ရသူဖြစ်ပါတယ်။ ဒီစတော့အိတ်ချိန်းပေါ်လာဖို့ကို ၁၉၉၆ မတိုင်မီကတည်းက ကြိုးစားခဲ့ကြတာပါ။ ဒီလို ကြိုးစားရာမှာလည်း နိုင်ငံခြား ကျွမ်းကျင်ပညာရှင်တွေနဲ့ ကြိုးပမ်းခဲ့တာပါ။ Daiwa Research တို့ အကူအညီနဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ MSEC လို့ခေါ်တဲ့ အများပိုင်ရှယ်ယာတွေကို ရောင်းဝယ်နိုင်တဲ့ ကောင်တာဈေးကွက် (over the counter)တစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ တစ်ကျော့ပြန်ကြိုးပမ်းခဲ့ပါတယ်။ ဒီကြိုးပမ်းမှုကိုတော့ ကျွန်တော်က တာဝန်ယူလုပ်ဆောင်ခဲ့ရပါတယ်။ ဒီစတော့အိတ်ချိန်းကို ဘယ်လိုထူထောင်မလဲဆိုတဲ့ မေးခွန်းကြီးဟာ အင်မတန်ခက်ခဲတဲ့ မေးခွန်း၊ မြန်မာနိုင်ငံမှာမရှိဘူးတဲ့ ကိစ္စဖြစ်နေလို့ အဖြေရှာဖို့ နိုင်ငံတကာ စတော့ဈေးကွက်တွေရဲ့ဖြစ်တည်လာပုံ၊ ရပ်တည်နေပုံ အလားအလာတွေကို လေ့လာပါတယ်။ အဲဒီလေ့လာတဲ့အထဲမှာ ဆရာဦးသန်းစိုး ရေးသားထားတဲ့ ကမ္ဘောဒီးယား သာမက လာအို၊ ဗီယက်နမ်တို့အပါအဝင် အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ အမေရိကန်၊ အင်္ဂလန် စသည်ဖြင့် နိုင်ငံတော်တော်များရဲ့ စတော့မားကတ်တွေလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီမှာ လျှို့ဝှက်ချက် သုံးခု သွားတွေ့ပါတယ်။

လျှို့ဝှက်ချက် သုံးခုကိုပဲ မဏ္ဍိုင်သုံးခု မဟာဗျူဟာ (Three Pillars Strategy)ဆိုပြီး သတ်မှတ်ပါတယ်။ ဒီသတ်မှတ်ချက်တွေကို ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ခံ Financial Services Agency (FSA) က ပညာရှင်တွေကိုပြကြည့်ပြီး သဘောတူညီချက်ယူခဲ့ပါတယ်။ (စကားမစပ် စတော့အိတ်ချိန်းထူထောင်ဖို့အတွက် Technical, Consultancy and Training Support အတွက် ဂျပန်နိုင်ငံ FSA နဲ့ မြန်မာဘဏ္ဍာရေးဝန်ကြီးဌာနတို့ MoU ရေးထိုးထားပါတယ်။ ဒီ MoU အရ Technical, Consultancy သာမက ဝန်ထမ်းပေါင်းများစွာကိုလည်း ဂျပန်နိုင်ငံမှာလေ့ကျင့်သင်ကြားစေခဲ့ပါတယ်။ ဒါကြောင့် Consultant မရှိဘဲ လုပ်တယ်ဆိုတဲ့ သဘောမျိုးရေးသားချက်ဟာ မှားပါတယ်။ အခုလည်းပဲ London School of Economics က စီးပွားရေးမဟာဘွဲ့ရတဲ့ ဂျပန် Consultant ရှိနေသလို သူ့နောက်မှာလည်း ဂျပန်နိုင်ငံက FSA အပြင် Policy Research Institute က ပညာရှင်တွေလည်း ရှိနေပါတယ်။ ထို့ပြင်ရန်ကုန်စတော့အိတ်ချိန်းကို Daiwa၊ Japan Stock Exchange တို့နဲ့ ဖက်စပ်လုပ်ထားတဲ့အတွက်လည်း အဲဒီအဖွဲ့(၂)ဖွဲ့က ပညာရှင်တွေလည်း အများကြီးပါ။)

လျှို့ဝှက်ချက်(သို့)မဏ္ဍိုင်ကြီးသုံးခုဆိုတာက -

(၁) ဥပဒေမူဘောင်ဆိုင်ရာ ထူထောင်မှု (Regulatory Framework)၊

(၂) စတော့အိတ်ချိန်းကို ရုပ်ပိုင်းဆိုင်ရာ ထူထောင်မှု (Physical Aspects of Stock Exchange)၊

(၃) စတော့အိတ်ချိန်းတွင် ပါဝင်ကပြ အသုံးတော်ခံမည့်အဖွဲ့အစည်းများ (Players) ဟူ၍ ဖြစ်ပါတယ်။

ဥပဒေမူဘောင်ဆိုင်ရာအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးဆိုင်ရာဥပဒေနဲ့ နည်းဥပဒေ၊ ညွှန်ကြားချက်တွေ၊ Regulation တွေ အားလုံးရေးဆွဲရပါတယ်။ ဥပဒေဆိုရင် လွှတ်တော်က ၂၀၁၃ မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒါတွေ ပြုစုရေးဆွဲရာမှာလည်း နိုင်ငံတကာမှာ ကျင့်သုံးတဲ့ဥပဒေ၊ နည်းဥပဒေ စတာတွေကို လေ့လာပြီး ဂျပန်နိုင်ငံက ပညာရှင်တွေ အကူအညီနဲ့ မြန်မာနိုင်ငံနဲ့ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ နိုင်ငံတချို့မှာ Presidential Degree လောက်နဲ့ စခဲ့တာပါ။ ထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ Notification စာရင်းကို **(အပေါ်ပုံ)**မှာ ဖော်ပြထားပါတယ်။

Regulator အဖြစ် Securities and Exchange Commission of Myanmar(SECM) ကို အဖွဲ့ဝင်ငါးဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ (ဆရာဦးသန်းစိုးရဲ့ ဆောင်းပါးမှာတော့ အဖွဲ့ဝင်လေးဦးလို့ မှားရေးထားပါတယ်။) ကျွမ်းကျင်သူတွေပါသလားဆိုတဲ့ မေးခွန်းကို ဖြေရရင်တော့ မြန်မာနိုင်ငံမှာ စတော့အိတ်ချိန်းရယ်လို့ မရှိခဲ့ဖူးတော့ စတော့အိတ်ချိန်းကျွမ်းကျင်သူရယ်လို့တော့ မရှိခဲ့ပါဘူး။ ဒါပေမယ့် စတော့အိတ်ချိန်းတစ်ခုဟာ ဥပဒေစာရင်း၊ ဘဏ်ဂျက်၊ စီးပွားရေးသဘောတရားတွေအပေါ် အခြေတည်ပြီး တည်ဆောက် လည်ပတ်တာဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ကျွန်တော်ကတော့ ဥပဒေပါရဂူဘွဲ့မှာ International Law နဲ့ စီးပွားရေးပေါင်းထားပေးတဲ့ International Economic Law အထူးပြုပါ။ အဖွဲ့ဝင်ဦးဌေးချွန်ဟာ ကုမ္ပဏီဌာနမှာ နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ကုမ္ပဏီဥပဒေကျွမ်းကျင်သူစီးပွားရေးဘွဲ့နဲ့ RL ရထားသူပါ။ အဖွဲ့ဝင် ဒေါ်တင်မေဦးဟာ MSEC ကို တည်ထောင်စဉ်ကတည်းက ပါဝင်လာတဲ့ စီးပွားရေးမဟာဘွဲ့ရပါ။ အဖွဲ့ဝင် ဒေါ်တင်ကြည်ဦးဟာ ဒုတိယညွှန်ကြားရေးမှူးချုပ် (စာရင်းစစ်ချုပ်ရုံး)အဖြစ် အငြိမ်းစားယူခဲ့တဲ့စီးပွားရေးဘွဲ့ရ ဝါရင့်စာရင်းစစ်တစ်ဦးပါ။ အဖွဲ့ဝင်ဒေါက်တာဒေါ်တင်လှကြည်ကတော့ စီးပွားရေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့တဲ့ ပါရဂူဘွဲ့ရသူပါ။ အဖွဲ့ဝင် ဒေါ်ခင်လေးမြင့်ကတော့ ဘတ်ဂျက်ဌာနမှာ နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် အငြိမ်းစားပါ။ ဒီပုဂ္ဂိုလ်တွေအားလုံးသာမက SECM က ဝန်ထမ်း ၈၀ ရာခိုင်နှုန်းကျော်ဟာလည်း နိုင်ငံတကာမှာ ကျင်းပတဲ့ Stock Exchange သင်တန်းအမျိုးမျိုးတက်ရောက်ခဲ့ပြီးသူတွေပါ။

ဒီ SECM ဟာ Independent မဖြစ်ဘူး။ အစိုးရဝင်ရောက်စွက်ဖက်မှုရှိနေတယ်လို့ ပြောတဲ့အချက်ကလည်း ငွေချေးသက်သေခံလက်မှတ်ဥပဒေကို မဖတ်မိလို့ပြောတာပါ။ SECM ဟာ စတင်တည်ထောင်တဲ့ စပ်ကူးမပ်ကူးကာလ (transition period) မှာသာ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိနေပြီး အဲဒီကာလကျော်တာနဲ့ သီးခြားရပ်တည်တဲ့ အဖွဲ့ဖြစ်သွားမယ်ဆိုတာ ဥပဒေထဲမှာ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ စပ်ကူးမပ်ကူးကာလမှာတော့ အမိုအခိုမရှိဘဲ မဖြစ်နိုင်လို့ ဒီလိုပြဋ္ဌာန်းထားရခြင်းပါ။ ဗဟိုဘဏ်တောင်မှ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အမိုအခိုကို နှစ်ပေါင်းများစွာယူပြီးမှ Independent ဖြစ်လာတာပါ။

ဒုတိယမဏ္ဍိုင်ဖြစ်တဲ့ စတော့အိတ်ချိန်းကို ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းတည်ထောင်ဖို့ဆိုတာမှာလည်း အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ မြန်မာတွေချည်းပဲလုပ်ရင် မဖြစ်နိုင်လို့ JV လုပ်ဖို့၊ JV ပါတနာရွေး၊ JV စာချုပ်တို့၊ မတည်ရင်းနှီးငွေထည့်ဝင်ဖို့ဆိုတဲ့ လုပ်ငန်းအဆင့်ဆင့်ကို လုပ်ရပါတယ်။ အဲဒီအဆင့်တိုင်းဟာလည်း အဆင့်ငယ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းမှု၊ ငြင်းခုံမှုပေါင်းများစွာနဲ့ ပြွမ်းတီးပါတယ်။ ဆောင်းပါးရှည်မှာစိုးလို့အသေးစိတ်တော့မရေးတော့ပါ။ အရိပ်ပြရင် အကောင်မြင်တတ်သူများအဖို့ ဒီလောက်ဆို လုံလောက်ပြီထင်ပါတယ်။ ဒါတွေတင်မကပါဘူး။ စတော့အိတ်ချိန်း ပြုလုပ်မယ့်နေရာ ရွေးချယ်ရယူခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ICT စနစ်တပ်ဆင်ခြင်း၊ ငွေပေးငွေယူပြုလုပ်မယ့်ဘဏ် (Settlement Bank) ရွေးချယ်ခြင်း စတာတွေကိုလည်း Transparency ရှိရှိနဲ့ လုပ်ငန်းစဉ်ကြီးကလည်း အရှည်ကြီးပါ။ စိန်ခေါ်မှုတွေ အပြည့်ပါ။

တတိယမဏ္ဍိုင်နဲ့ပတ်သက်ပြီး တင်ပြရရင် စတော့အိတ်ချိန်းတစ်ခုမှာ စာရင်းတင်ပြီး စတော့ရှယ်ယာထုတ်ရောင်းတဲ့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတွေရယ်၊ ဝန်ဆောင်မှုကုမ္ပဏီတွေရယ်၊ ရင်းနှီးမြှုပ်နှံမှုပြုမယ့်သူတွေရယ်ဆိုပြီး Players သုံးမျိုးရှိပါတယ်။ ပထမ Player က အများပိုင်ကုမ္ပဏီတွေ၊ ပြီးခဲ့တဲ့အစိုးရမတက်မီက ၃၀ ကျော်ပဲရှိခဲ့ရာက ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ၂၀၀ ကျော်ဖြစ်လာတယ်။ အခုမှစလုပ်ကျတော့ မပြည့်စုံကြဘူး။ Prospectus ဆိုတာမသိသူမရှိသလို Good Governance မသိသူတွေလည်းအများကြီးပဲ၊ သူတို့ကို အပြစ်ဆို၍မရပါ။ အခုမှစကြရတာကိုး။ သို့သော် အဲဒီ ၂၀၀ ကျော်ထဲမှာ အရည်အချင်းပြည့်ဝ မှန်မှန်ကန်ကန် နှစ်ရှည်လများလုပ်ပြီး စနစ်ကျနတဲ့ကုမ္ပဏီတွေ အစိတ်သုံးဆယ်လောက်တော့ ရှိနေပါတယ်။ အဲဒီအစိတ်သုံးဆယ်ထဲက အကောင်းဆုံး ထပ်ရွေးတဲ့အခါမှာ ခြောက်ခုထွက်လာပါတယ်။ Production လုပ်တဲ့ကုမ္ပဏီတွေ ဦးစားပေးချင်တာပေါ့ဗျာ။

ဒါပေမယ့် သတ်မှတ်ထားတဲ့ အရည်အသွေး Criteria (၁၇)ချက်နဲ့မညီရင်တော့ လက်ခံလို့မရပါဘူး။ ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုလို့မရပါဘူး။ ဘေးဥပဒ်ဖြစ်ပါတယ်။ ဒီမှာလည်း ပြောစရာတစ်ခုရှိပါတယ်။ စတော့အိတ်ချိန်းတွေမှာ စာရင်းတင်ပြီး ရှယ်ယာထုတ်ရောင်းခွင့်ပြုဖို့အတွက် အရည်အချင်းသတ်မှတ်ချက် Listing Criteria တွေရှိကြပါတယ်။ ကမ္ဘာမှာ အဲဒီသတ်မှတ်ချက်ဟာ ၁၀ ခုဝန်းကျင်ပဲရှိပေမယ့် မြန်မာပြည်မှာတော့ ၁၇ ခုတောင် သတ်မှတ်ထားပါတယ်။ ပိုပြီးစိတ်ချရအောင်ပါ။ ပဏာမရွေးချယ်ခံထားရတဲ့အထဲမှာ ဘဏ်နှစ်ခု ပါဝင်ပါတယ်။ ဒီကုမ္ပဏီတွေရွေးချယ်ရာမှာ EOI ခေါ်ပြီးမှ ရွေးချယ်တာပါ။ အချို့ကုမ္ပဏီတွေကျတော့လည်း EOI လာမတင်ဘဲ စတော့အိတ်ချိန်းအောင်မှ အောင်မြင်ပါ့မလားဆိုပြီး စောင့်ကြည့်နေသူတွေလည်းရှိပါတယ်။

ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီ (Securities Company) တွေဟာ စတော့အိတ်ချိန်းတွေမှာ အရေးပါတဲ့ ကဏ္ဍကနေရှိပါတယ်။ စတော့ ဝယ်/ရောင်းကို ယင်းတို့မှတစ်ဆင့်လုပ်ရသလို စတော့အသစ်ရောင်း (IPO)တဲ့အခါမှာလည်း သူတို့က တာဝန်ခံဖြန့်ဖြူးပေးရပါတယ်။ ဖြန့်ဖြူးပေးတာမကုန်လည်း လျှော်ပေးရပါတယ်။ အဲဒီကုမ္ပဏီတွေကိုလည်း သတင်းစာထဲကနေခေါ်၊ Criteria point တွေနဲ့ရွေးချယ်ခဲ့ရပါတယ်။ သူတို့ကလည်း ICT System တပ်ဆင်ရပါတယ်။ System ခပ်ညံ့ညံ့ဆိုရင်တောင် အမေရိကန်ဒေါ်လာ တစ်သန်းအထက်မှာရှိနေပါတယ်။

ရင်းနှီးမြှုပ်နှံမယ့် ပြည်သူတွေကိုတော့ ပညာပေးတဲ့အပိုင်းပါ။ လွန်ခဲ့တဲ့သုံးနှစ်ကျော်အတွင်း စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ Seminar တွေ၊ ဟောပြောပွဲကြီးတွေ၊ ရုပ်သံတွေ့ဆုံခန်းတွေ၊ သတင်းစာ၊ ဂျာနယ် အင်တာဗျူးတွေ စုစုပေါင်း ၇၀ ကျော်လောက်လုပ်ခဲ့ပါတယ်။ ဒါက ရန်ကုန်စတော့အိတ်ချိန်းကလုပ်တာ။ Securities Company တွေက လုပ်တာမပါသေးဘူး။ ဒီနှစ်သုံးလအတွင်းမှာ ရန်ကုန်စတော့အိတ်ချိန်းက (၁၁) ကြိမ်လုပ်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်ပဲထင်ပါတယ်၊ စတော့အရောင်းအဝယ်စတာနဲ့ ပြည်သူတွေရဲ့ တစ်ခဲနက်အားပေးမှုရခဲ့ပါတယ်။ စတော့အရောင်းအဝယ်စတဲ့နေ့ မတ်လ ၂၅ ရက်နေ့မှာ နံနက် ၅ နာရီခွဲလောက်ကတည်းက ပြည်သူတွေတန်းစီခဲ့ကြပါတယ်။ ဒါကိုလည်း အပြစ်ပြောသူတွေက "အင်" ထုတယ်လို့ပြောကြဦးမှာပါပဲ။ စတော့ဈေးနှုန်းတွေလည်း တက်သွားတယ်ဆိုပေမယ့် မတ်လ ၃၀ ရက်နေ့မှာ စတော့ဈေးပြန်ကျတယ်။ ယနေ့လည်း ပြန်ကျလာပါပြီ။ တဖြည်းဖြည်းနဲ့ ပုံမှန်ဖြစ်လာမှာပါ။ ဈေးဆိုတာကလည်း ဝယ်လိုအားနဲ့ ရောင်းလိုအားပေါ်မူတည်ပြီး ကွန်ပျူတာစနစ်က ဈေးဖြတ်ပေးတာပါ။ စိတ်ကူးနဲ့ သတ်မှတ်တာမဟုတ်ပါဘူး။ ဒီမှာလည်း top up၊ top down စသည်ဖြင့် ဈေးကစားလို့မရအောင် ထိန်းတဲ့ အထိန်းအကွပ်တွေလည်းရှိပါတယ်။

နောက် ကမ္ဘောဒီးယား၊ လာအိုတို့လို စာရင်းဝင်ကုမ္ပဏီ နှစ်ခု၊ သုံးခုနဲ့ ရပ်သွားမလားဆိုတဲ့အချက်ပါ။ နိုင်ငံတစ်နိုင်ငံရဲ့ စတော့ဈေးကွက်ဖွံ့ဖြိုးမှုဟာ အဲဒီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုပေါ်မှာ မူတည်နေပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာတွေဟာ အင်မတန်မှကောင်းပါတယ်။ ဒါကြောင့် ရန်ကုန်စတော့အိတ်ချိန်းဟာလည်း ကမ္ဘောဒီးယား၊ လာအိုတို့လိုမဖြစ်ဘဲ ဗီယက်နမ်လို ဖြစ်ဖို့ကများပါတယ်။ ဟုတ်ကဲ့။ ဈေးကွက်ဆိုနေမှ ဈေးအတက်အကျရှိမယ်။ ဒါကိုလည်း ထိန်းတဲ့ Mechanism နဲ့ထိန်းပေးပါတယ်။ Risk ရှိတာပေါ့ဗျာ။ Risk မရှိတဲ့အရာဆိုလို့ လောကကြီးမှာရှိရဲ့လား။ Risk ကိုလည်း Risk management နဲ့ Loss prevention၊ Loss mitigation၊ Loss transfer စသည်ဖြင့် စီမံထားပါတယ်။

ငွေဖြူ ငွေမည်းကိစ္စကလည်း ကျွန်တော်အကြိမ်ကြိမ်ပြောပြီးပြီ။ နေရာတကာမှာရှိနိုင်တာပဲ။ ဒါပေမယ့် စတော့ဈေးကွက်မှာ ရှယ်ယာတွေကို ငွေထုပ်ပိုက်ပြီးဝယ်ရတာမဟုတ်။ ဘဏ်မှာ ငွေစာရင်းဖွင့်၊ အဲဒီလိုဖွင့်ကတည်းကလည်း ဘဏ်က သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့အညီ ငွေဖြူ ငွေမည်းကိစ္စဆောင်ရွက်ပြီးသား။ ပြီးရင် Securities Company မှာ စာရင်းဖွင့်ရင်လည်း ငွေဖြူ ငွေမည်းခဝါချတဲ့ ကိစ္စအတွက် ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ အသေးစိတ်မသိဘဲပြောတာ၊ ဝေဖန်တာဟာ တစ်ဖက်သားကိုထိခိုက်ပါတယ်။ ဘယ်အရာမှတော့ perfect ဆိုတာ မရှိပါဘူး။ perfect market လည်းမရှိပါဘူး။ Efficient Market ဖြစ်အောင် ကမ္ဘာပေါ်မှာ တော်တော်ကြိုးစားနေရတာ။ မြန်မာပြည်ရဲ့ စတော့အိတ်ချိန်းဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာဖွင့်ပြီး စတော့ရောင်းဝယ်တာ ယခုမှ ၅ ရက် (၃၁-၃-၂၀၁၆ ထိ) ရှိသေးတာ။ နှစ်ရာနဲ့ချီ သက်တမ်းရှိတဲ့ စတော့အိတ်ချိန်းကြီးတွေနဲ့ နှိုင်းယှဉ်လို့မရပါ။ (၁၅)နှစ် သက်တမ်းရှိတဲ့ ဗီယက်နမ် စတော့အိတ်ချိန်းနဲ့တောင် နှိုင်းယှဉ်လို့မရသေးပါ။ နိုင်ငံတကာမှာတော့ မြန်မာစတော့အိတ်ချိန်းကို စိတ်ဝင်တစား ဖော်ပြပေးနေကြတာ အားရစရာပါ။ ဂုဏ်ယူစရာပါ။ အလွန်စိတ်ဝင်စားနေကြပါတယ်။ စတော့အိတ်ချိန်းဖွင့်လိုက်နိုင်တဲ့အတွက် ကမ္ဘာပေါ်မှာ မြန်မာရဲ့ သက်ရောက်သွားချက်က အကြီးကြီးပါ။ အဆင့်တစ်ခုကို မြန်မာပြည်ဟာ စတော့အိတ်ချိန်းကြောင့် တက်လှမ်းနိုင်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၈ နိုင်ငံအနက် စတော့အိတ်ချိန်းမရှိတဲ့ ကိုးနိုင်ငံစာရင်းက လွတ်မြောက်ခဲ့ပါပြီ။ မြန်မာပြည်ဟာ ခေတ်နောက်မကျတော့ပါဘူး။

စတော့အိတ်ချိန်းအကြောင်း ခြေခြေမြစ်မြစ် သိချင်၊ လေ့လာချင်တယ်ဆိုရင် မည်သူ့ကိုမဆို ကမ်းလှမ်းကြိုဆိုနေပါတယ်။ ။

**စတော့အိတ်ချိန်းဖွင့်လိုက်နိုင်တဲ့အတွက် ကမ္ဘာပေါ်မှာ မြန်မာရဲ့ သက်ရောက်သွားချက်က အကြီးကြီးပါ။ အဆင့်တစ်ခုကို မြန်မာပြည်ဟာ စတော့အိတ်ချိန်းကြောင့် တက်လှမ်းနိုင်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၈ နိုင်ငံအနက် စတော့အိတ်ချိန်းမရှိတဲ့ ကိုးနိုင်ငံစာရင်းက လွတ်မြောက်ခဲ့ပါပြီ။**

# မြန်မာ့ရိုးရာသင်္ကြန်စစ်စစ်အဖြစ် ပုံဖော်နိုင်ရန် နိုင်ငံတစ်ဝန်း စတင်ကြိုးပမ်းဆောင်ရွက်နေ

**တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ သန့်ဇင်ဝင်း**

သင်္ကြန်သည် ကာလရွေ့လျားလာရာမှ အရက်သင်္ကြန်၊ မူးယစ်သင်္ကြန်ပုံစံပြောင်းလဲသွားသည်ကို ဝမ်းနည်းဖွယ် မြင်တွေ့ရသည်။

ထို့ပြင် လျှပ်ပေါ်လော်လီသင်္ကြန်၊ မလုံ့တလုံသင်္ကြန်၊ မပေါ့တပေါ် သင်္ကြန်၊ သရုပ်ပျက်သင်္ကြန်၊ စီးပွားရေး သင်္ကြန်၊ ရန်ဖြစ်သင်္ကြန်၊ ကိလေသာ သောင်းကျန်းသင်္ကြန် စသည့် မြင်ကွင်းများကိုလည်း ရိုးရာယဉ်ကျေးမှုကို ခုံမင်သူများ၊ မိဘများ၊ အသက်အရွယ်ရင့်ကျက်လာသူများက ပင့်သက်တရှိုက်ရှိုက် စိတ်မကောင်း၊ စိတ်ထိခိုက်စွာ ကြည့်နေရုံမှအပ မတတ်နိုင်ဖြစ်ခဲ့ရသည်။

အစိုးရသစ်သည် သင်္ကြန်ကို မူလလက်ဟောင်း မြန်မာ့ ရိုးရာသင်္ကြန်စစ်စစ်အဖြစ် ပုံဖော်နိုင်ရန် နိုင်ငံတစ်ဝန်း စတင်ကြိုးပမ်းဆောင်ရွက်နေသည်။ သင်္ကြန်ကို ကိုယ်စီ အသိစိတ်ဓာတ်ရှိရှိဖြင့် လူငယ်၊ လူလတ်၊ လူကြီး၊ ကျား၊ မ မရွေးက ထိန်းသိမ်းစောင့်ရှောက်သွားဖို့လိုသည်။

အရက်မူးယစ်သည်ကို၊ အရက်ပုလင်းများ ကိုင်ဆောင် သောက်စားနေသည်ကို အလွယ်တကူ သိမြင်နိုင်သော်လည်း မူးယစ်ဆေးဝါးများက အရွယ်အစားသေးငယ်ခြင်း၊ အနံ့မထွက်ခြင်း၊ သောက်သုံးထားသော်လည်း ပုံမပျက်သူများကို အတွေ့အကြုံမရှိသူဖြစ်ပါက ခွဲခြားသိရှိနိုင်ရန် ခက်ခဲခြင်းတို့ကြောင့် ထိန်းချုပ်ရန် မလွယ်ကူပေ။

သို့ဖြစ်၍ လူငယ်များမူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနိုင်စေရန်၊ ဆေးသုံးစွဲသူများကို အလွယ်တကူ ခွဲခြားသိမြင်နိုင်စေရန်နှင့် ဆေးဝါးသုံးစွဲသူ၊ ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးအရေးယူနိုင်ရန် စသည်တို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး ရွှေညာမောင်နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မာသိန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှတို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-

**ရဲမှူးကြီးရွှေညာမောင်၊ ဌာနမှူး**
**တားဆီးနှိမ်နင်းရေးဌာနအဖွဲ့**

**မေး။ သင်္ကြန်ကာလမှာ လူငယ်တွေမူးယစ်ဆေးဝါးမသုံးစွဲနိုင်အောင်၊ ရှောင်ရှားနိုင်အောင် မူးယစ်တပ်ဖွဲ့အနေနဲ့ ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ သိလိုပါတယ်ခင်ဗျား။**

ဖြေ။ သင်္ကြန်ကာလမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ပြည်သူတွေ အသိပညာ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသိပညာပေးဟောပြောပွဲတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

အထက် မြန်မာပြည်တပ်ဖွဲ့ခွဲ(၁)အနေနဲ့ အကြိမ်ပေါင်း ၄၃ ကြိမ်နဲ့ ပြည်သူပေါင်း ၃၅၀၀ ကျော်၊ တပ်ဖွဲ့(၂)က အကြိမ်ပေါင်း ၂၅ ကြိမ်နဲ့ ပြည်သူပေါင်း ၁၈၀၀ ကျော်၊ တပ်ဖွဲ့ခွဲ(၃) ရန်ကုန်ကတော့ နှစ်ကြိမ်၊ ပြည်သူပေါင်း ၃၅၀၀ ကျော် အသိပညာပေးဟောပြောပွဲတွေ ဆောင်ရွက်ခဲ့ပါတယ်။

အသိပညာပေးတဲ့နေရာမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး မသိနားမလည်လို့ သုံးစွဲရင်းကနေ ဘဝတစ်ခုလုံးပျက်စီးသွားနိုင်ပါတယ်။ ဒီအန္တရာယ်ဆိုးကျိုးတွေ ရှိတယ်ဆိုတာသိစေဖို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဟောပြောပါတယ်။ သင်္ကြန်ကို အခွင့်ကောင်းယူပြီးတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ပြည်သူတွေသင်္ကြန်ကာလမှာ စိတ်ချမ်းသာစွာအပန်းဖြေနိုင်ဖို့ ရဲတပ်ဖွဲ့ဝင်တွေ လုံခြုံရေးယူတာနဲ့ပတ်သက်ပြီး မူးယစ်ဆေးဝါး ဖြန့်ချိရောင်းချမှုတွေ မရှိရလေအောင် သင်္ကြန်မဏ္ဍပ်တွေမှာ၊ သယ်ဆောင်ရောင်းဝယ်ရာ လမ်းကြောင်းတွေမှာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ထားပါတယ်။

**မေး။ ဆေးသုံးစွဲတဲ့သူတွေရဲ့ လက္ခဏာတွေက ဘယ်လိုရှိသလဲဆိုတာနဲ့ ဘယ်လိုအခြေအနေတွေကြောင့် မူးယစ်ဆေးဝါးသုံးစွဲဖြစ်တာလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ မူးယစ်ဆေးဝါးက ပုံစံအမျိုးမျိုးရှိပါတယ်။ စိတ်ကိုကြွစေတယ်။ စိတ်ကိုကျစေတယ်။ စိတ်ကိုချောက်ချားစေတယ်။ မူးယစ်ဆေးဝါးလုံးဝ မသုံးစွဲရာကနေ သုံးစွဲလိုက်ပြီဆိုရင် တစ်ခါတစ်ရံသုံးစွဲတဲ့အကျင့်၊ မကြာခဏ သုံးစွဲတဲ့အကျင့်၊ နောက်ဆုံး ပုံမှန်သုံးစွဲပြီးတော့ ဆေးစွဲတဲ့ဘဝကို ရောက်သွားတာပါ။

ဆေးစွဲခြင်းနဲ့ပတ်သက်ပြီးတော့ အပန်းဖြေချင်လို့ အောင်မြင်မှုအထိမ်းအမှတ် လုပ်ချင်တာတွေ၊ စူးစမ်းချင်တာတွေ၊ အပေါင်းအသင်း ဝင်ဆံ့ချင်တာတွေ၊ အထီးကျန်ဆန်လို့ သုံးချင်တာတွေ၊ အတုယူမှားတာတွေ၊ အိမ်ထောင်ရေးအဆင်မပြေ၊ မိသားစုအဆင်မပြေတာတွေကြောင့် သုံးစွဲတာတွေရှိတယ်။

အကြောင်းအရာတွေက တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ မူးယစ်ဆေးဝါးပြဿနာက ပိုများလာပါတယ်။ လူငယ်တိုင်း မိဘတိုင်းက မူးယစ်ဆေးဝါးအသိပညာနဲ့ ပတ်သက်ပြီး သိဖို့လိုပါတယ်။ နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို စီမံခန့်ခွဲပေးဖို့ဆိုတာက အများကြီး လိုအပ်ပါတယ်။ မိဘတွေအနေနဲ့လည်း အရွယ်ရောက်လာတဲ့သားသမီးတွေကို အပေါင်းအသင်းမမှားဖို့ မူးယစ်ဆေးဝါးအသိပညာပေးပြီးတော့ စောင့်ကြည့်နေဖို့လိုပါတယ်။

**မေး။ ပြည်သူတွေအနေနဲ့ သင်္ကြန်ကာလမှာရော နောင်များမှာပါ မူးယစ်ဆေးဝါးသုံးစွဲသူတွေ၊ ရောင်းဝယ်ဖောက်ကားသူတွေနဲ့တွေ့ရင် ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ ရလဲဆိုတာလည်း သိပါရစေ။**

ဖြေ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ အယူအဆ အမျိုးမျိုးရှိပါတယ်။ နိုင်ငံတကာနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက မူးယစ်ဆေးဝါးသုံးစွဲတာဟာ ရာဇဝတ်မှု မဖြစ်ဘူး၊ နာတာရှည်ရောဂါပဲဖြစ်တယ်။ သူ့ကိုနှစ်သိမ့်ရမယ်၊ ဆွေးနွေးရမယ်၊ ဆေးဝါးကုသမှုပေးရမယ်၊ ပြန်လည်ထူထောင်ပေးရမယ် ဒီလိုအမြင်မျိုးတွေရှိကြတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ဥပဒေကျတော့ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆေးဝါးကုသမှုကိုခံယူရမယ်၊ သက်ဆိုင်ရာလက်မှတ်နဲ့ ဆေးဝါးကုသမှုခံယူတာ



ရဲမှူးကြီးရွှေညာမောင်၊ ဌာနမှူး
တားဆီးနှိမ်နင်းရေးဌာနအဖွဲ့

ပျက်ကွက်ရင် ထောင်ဒဏ်သုံးနှစ်အရေးယူလို့ရပါတယ်။

သို့သော်လည်း မူးယစ်ဆေးဝါးသုံးစွဲသူတွေကို နှစ်သိမ့်တာတွေ၊ ဆွေးနွေးတာတွေ၊ ဆေးဝါးကုသမှုပေးတာတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ မူးယစ်ဆေးဝါး ရောင်းတာဝယ်တာနဲ့ပတ်သက်ပြီးတော့ အများပြည်သူ သွားလာတဲ့နေရာတွေမှာ ရောင်းတာဝယ်တာဆိုရင် သတင်းပေးလို့လည်းရပါတယ်။ ကိုယ်တိုင်ဖမ်းဆီးပြီးတော့ အနီးစပ်ဆုံးရဲစခန်းကို ပို့လို့ရပါတယ်။

ဒါကတော့ မူးယစ်ဆေးဝါး ဥပဒေမှာရော နည်းဥပဒေမှာပါ ပြဋ္ဌာန်းထားပါတယ်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုများတဲ့ ရှမ်းပြည်နယ်တို့ ကချင်ပြည်နယ်တို့မှာဆိုရင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတွေက သူတို့ကိုယ်တိုင် ဖမ်းတာဆီးတာ အပ်နှံတာတွေရှိတယ်။ သို့သော်လည်း ဒီလုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးတာတွေရှိလာတယ်။ အမှန်တကယ်မှာတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေတောင် အခြားအဆင့်ဆိုရင် နေအိမ်ထဲကို ဝင်ရောက်ရှာဖွေလို့မရဘူး။ အရာရှိဆိုရင်တောင် သက်ဆိုင်ရာ ဝရမ်းပေးပိုင်ခွင့်ရှိတဲ့ အရာရှိရဲ့ ဝရမ်းပါမှသာ ဝင်ရောက်ရှာဖွေ ဖမ်းဆီးလို့ရပါတယ်။

ပြည်သူလူထုအနေနဲ့လည်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးနဲ့ တရားခံတွေကို သက်ဆိုင်ရာရဲစခန်းမှာ အမြန်ဆုံး အပ်နှံပြီး တရားရုံးမှာ သက်သေထွက်ဆိုပေးရမှာဖြစ်ပါတယ်။

**မေး။ လူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးပြဿနာဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေပါတယ်။ မူးယစ်ဆေးဝါးဖြန့်ချိရေး လာရာလမ်းကြောင်းတွေကို မူးယစ်ရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုဖမ်းဆီးနှိမ်နင်းရေးတွေ ဆောင်ရွက်နေသလဲဆိုတာသိပါရစေ။**

ဖြေ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံအနေနဲ့ မဟာဗျူဟာ နှစ်ရပ်ချမှတ်ပြီး ဆောင်ရွက်နေတယ်။ အဲဒါတွေကတော့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဘက်ပေါင်းစုံက တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ပြီး ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုပြီး ဆောင်ရွက်နေတယ်။

နည်းဗျူဟာအပိုင်းကတော့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးဆိုပြီးတော့ မူချပြီးဆောင်ရွက်နေပါတယ်။ ထုတ်လုပ်မှုပပျောက်ရေး အတွက် ဘိန်းစိုက်တောင်သူတွေကို အသိပညာပေးတာတွေလုပ်ပါတယ်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။

ပညာပေးဆွေးနွေးလို့မရတဲ့အခါကျရင် ဘိန်းစိုက်တဲ့နေရာတွေကို နယ်မြေခံတပ်ရင်းတပ်ဖွဲ့ ပြည်သူ့စစ်တွေနဲ့ ပူးပေါင်းပြီး ဘိန်းခင်းဖျက်တာတွေဆောင်ရွက်ခဲ့ပါတယ်။ ဘိန်းချက်စခန်းတွေ၊ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်တဲ့ စက်ရုံတွေကို ဖမ်းဆီးနှိမ်နင်းပစ်ရတယ်။ ဘိန်းကနေ ဘိန်းဖြူဖြစ်ဖို့ဆိုရင် ဓာတုပစ္စည်းတွေလိုတယ်။ ဒီဓာတုပစ္စည်းတွေက အိမ်နီးချင်းနိုင်ငံတွေကလာတယ်။ ကျွန်တော်တို့နိုင်ငံက မထုတ်လုပ်နိုင်ပါဘူး။ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်တဲ့ ဓာတုပစ္စည်းတွေက အိမ်နီးချင်းနိုင်ငံကဝင်လာတာပါ။ ဓာတုပစ္စည်းမဝင်ရောက်ရင် မူးယစ်ဆေးဝါးဆိုတာ မရှိနိုင်ဘူး။

ဒါတွေ မဝင်ရောက်နိုင်အောင် ကုလသမဂ္ဂဦးဆောင်မှုနဲ့ နိုင်ငံတကာမှာထိန်းချုပ်ဖို့ သတ်မှတ်ထားတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ အာဆီယံနိုင်ငံတွေအနေနဲ့ကတော့ ပူးပေါင်းပြီး ထိန်းချုပ်ဖို့ဆောင်ရွက်ပါတယ်။ သို့သော်လည်း ပထဝီနိုင်ငံရေးအခြေအနေအရ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်တဲ့ မလွယ်ပေါက်တွေကနေ ဝင်လာတယ်။ လက်နက်ကိုင် အဖွဲ့အစည်းအချို့ရှိတဲ့နေရာတွေမှာ ထုတ်လုပ်တာရှိနေတော့ ထုတ်လုပ်မှုလျှော့ချရေးအပိုင်းမှာ စိမ်ခေါ်မှုတွေဖြစ်နေပါတယ်။ သုံးစွဲမှုပပျောက်ရေး အတွက်တော့ လူငယ်တွေကို အများကြီး အသိပေးပါတယ်။

**မေး။ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးဖြန့်ချိနိုင်တဲ့ အဓိကမြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးတွေနဲ့ မဏ္ဍပ်တွေမှာ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ပြောပြပေးပါ။**

ဖြေ။ သင်္ကြန်ကာလအတွက် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အထူးတလည် စီမံချက်တွေရေးဆွဲပြီး ဆောင်ရွက်နေတယ်။ နေပြည်တော်မှာဆိုရင် ပေါင်းလောင်းအဆင့်(၃) စီမံချက်ဆောင်ရွက်နေတယ်။ သတင်းရတဲ့အိမ်တွေကို ဝင်ရောက်ဖမ်းဆီးတယ်။ လာရာလမ်းကြောင်းတွေမှာ ဖမ်းဆီးတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ အရေးကြီးတဲ့နေရာတွေမှာ စီမံချက်တွေ ရေးဆွဲပြီး မူးယစ်ရဲတပ်ဖွဲ့အပါအဝင် ရဲတပ်ဖွဲ့အင်အား ၁၇၀၀ ကျော်နဲ့ တားဆီးကာကွယ်ရေးနဲ့ နှိမ်နင်းရေး လုပ်ငန်းတွေဆောင်ရွက်နေပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**



# ရန်ကုန်မြောက်ပိုင်းခရိုင်၏ မဟာသင်္ကြန်ယိမ်းအကနှင့် ရေကစားမဏ္ဍပ် စတင်ဆောက်လုပ်လျက်ရှိ

**ရန်ကုန် မေ ၈**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ၁၀ မိုင်ကုန်း ရန်ကုန်-ပြည်လမ်းမဘေး အလက(၁၂) အထကခွဲ ကျောင်းရှေ့၌ ၁၃၇၇-၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးကကြီးမှူးကျင်းပဆင်နွှဲမည့် ယိမ်းအကနှင့် ရေကစားမဏ္ဍပ်တည်ဆောက်လျက်ရှိရာ ရေကစားမဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ ယိမ်းအကများဖြင့်လည်းကောင်း၊ ညပိုင်းအစီအစဉ်တွင် ည ၇ နာရီမှ ၉ နာရီအထိ လည်းကောင်း မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မဏ္ဍပ်အား မေ ၁၂ရက် သင်္ကြန်အကြိုနေ့တွင် ဖွင့်လှစ်ပြီး မြို့နယ် ရှစ်မြို့နယ်မှ ယိမ်းအဖွဲ့များ လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်များ ဧပြီလဆန်းမှစ၍ စတင်ဆောက်လုပ်လျက်ရှိပြီး သင်္ကြန်ကာလအတွင်း ရေအခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း ခရိုင်သင်္ကြန်မဏ္ဍပ်ကြီးကြပ်မှုကော်မတီထံမှ သိရသည်။ **(၆၈၄)**

# ရန်ကုန်ဆိပ်ကမ်း ရှပ်ပြေးရေယာဉ် ခရီးသည်များ အတက်အဆင်း၊ ကုန်အတင်အချ ခက်ခဲနေ

**ရန်ကုန် မေ ၈**

မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲပြီး မေ ၇ ရက် နံနက်ပိုင်းတွင် စဉ့်အိုးတန်းဇောတံတား အမှတ်(၂)သို့ ရှပ်ပြေးနှစ်ထပ် ရေယာဉ်ကြီး နှစ်စင်း၊ သုံးထပ်ရေယာဉ်ကြီး တစ်စင်း ဆိုက်ကပ်လာသည်။ ဆိပ်ခံဇောတံတားအရင်းတွင် တစ်ထပ်ကုန်တင်ယာဉ်တစ်စင်း ကပ်ထားပြီး သုံးထပ်ရှပ်ပြေးရေယာဉ်ကြီးမှာ လေးစင်းမြောက် ရေလယ်ဘက်ခြမ်းတွင် ဆိုက်ကပ်ခဲ့သည်။

သုံးထပ်ရေယာဉ်နှင့် အတွင်းရှိ နှစ်ထပ်ရေယာဉ်တို့၏ ကုန်းပတ်အမြင့်မှာ လေးပေခန့်အထိ ကွာခြားနေသည့်အတွက် နံနက် ၅ နာရီတွင် ဆိုက်ကပ်လာသော ရှပ်ပြေးသုံးထပ်ရေယာဉ်ပေါ်မှ ခရီးသည်များ ခဲယဉ်းစွာ အတက်၊ အဆင်းပြုလုပ်နေရသကဲ့သို့ ကုန်ပစ္စည်းများကိုလည်း ပခုံးပြောင်းသယ်ယူနေရသည်ကို မြင်တွေ့ရသည်။ အချို့သော ခရီးများမှာ သင်္ဘောဦးပိုင်းသို့ ရေယာဉ်ဘေးဇောင်းသစ်သားတန်းပေါ်မှ လျှောက်ပြီး ကုန်းပေါ်သို့တက်ခဲ့ရသည်ဟု ယင်း သုံးထပ်ရေယာဉ်ဖြင့် လိုက်ပါလာသော ဘိုကလေးမှ ခရီးသည် ဦးဌေးက ပြောသည်။

သို့ဖြစ်ပါ၍ ရန်ကုန်ဆိပ်ကမ်းသို့ ရေယာဉ်များ ဆိုက်ကပ်ရာတွင် ခရီးသည် အတက်၊ အဆင်းနှင့် ကုန်အတင်အချ လွယ်ကူစေရန်အတွက် ရေယာဉ်အချင်းချင်း နားလည်မှုထား၍ စီစဉ်ပေးသင့်သည်။ အထူးသဖြင့် ရေယာဉ်ပေါ်လိုက်ပါလာသော ခရီးသည်များ ဆိပ်ကမ်းသို့ အဆင်ပြေစွာတက်ရောက်နိုင်ရေးအတွက် ရေယာဉ်များပေါ်ရှိ တာဝန်ရှိသူများ စီစဉ်ပေးသင့်သည်ဟု ဆိပ်ကမ်းသို့ ခရီးသည်လာကြိုသော ရန်ကုန်မြို့တွင်းနေထိုင်သူတစ်ဦးက ဆိုသည်။



မြစ်ဝကျွန်းပေါ်ဒေသသွား ခရီးသည်နှင့် ကုန်တင်ရေယာဉ်များဆိုက်ကပ်ရာ ဆိပ်ခံတံတားများတွင် ခရီးသည်များ လွယ်ကူစွာ အတက်၊ အဆင်း အဆင်ပြေစေရန် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသင့်သည်။ ရေယာဉ်ပေါ်မှ သယ်ဆောင်လာသော ကုန်ပစ္စည်းများ တံတားဖြတ်ကျော်ခ ပေးဆောင်နေရသည်။ ရေယာဉ်များဆိုက်ကပ်ရာတွင်လည်း ဆိုက်ကပ်ခပေးဆောင်ရသည်။

ဆိပ်ကမ်းတံတားကြေးအဖြစ် စားအုန်းဆီ တစ်ပီပါလျှင် ကျပ် ၃၀၀ အပါအဝင် စီးပွားရေးလုပ်ငန်းမှ ကုန်ပစ္စည်းများ တံတားကြေးကောက်ခံရာတွင် ပုဂ္ဂလိက လုပ်ကိုင်ခွင့်ရသူများက ကောက်ခံနေသည်ကို မြင်တွေ့ရသည်။ တံတားဖြတ်သန်းသည့် ကုန်ပစ္စည်းများအပေါ် ငွေကြေးကောက်ခံသကဲ့သို့ ရေယာဉ်များ ဆိပ်ခံဇောတံတားများတွင် ဆိုက်ကပ်ရာတွင်လည်း ခရီးသည် အတက်၊ အဆင်းနှင့် ကုန်ပစ္စည်းများ လွယ်ကူစွာ အတင်အချပြုလုပ်နိုင်ရေး ကြီးကြပ်ပေးစေလိုသည်ဟု ခရီးသည်နှင့် ကုန်သည်တို့က ပြောဆိုနေကြသည်။

**(မောင်စေအောင်)**

# ရက် (၁၀၀)စီမံချက် အကောင်အထည်ဖော်ရေးစီမံချက်တွင် တောင်သူများ အကျိုးရှိစေမည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်

**နေပြည်တော် မေ ၈**

နိုင်ငံတော်၏ ရက်(၁၀၀)စီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် ဌာနအသီးသီး၌ တာဝန်ယူထားကြသော ပညာရှင်များအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ရိုးသားတက်ကြွစွာ ဦးဆောင်ပါဝင်ဆောင်ရွက်ကြရေး၊ မိမိတို့၏ ဝန်ထမ်းများကိုလည်း ရိုးသားဖြောင့်မတ်စွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အမှန်တကယ် ထိရောက်အကျိုးရှိစေမည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံ၍ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာသုံးစွဲနိုင်ရေး အပါအဝင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့သည်။

ထို့နောက် နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပသည့် မြန်မာနိုင်ငံ လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း MAPCO၊ ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ Behn Meyar ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ဓာတ်မြေဩဇာ သွင်းအားစုထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်နှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံပေး

**ပေါက် မေ ၈**

ပေါက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်နှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး(အခမဲ့)ထိုးနှံပေးခြင်းလုပ်ငန်းကို မေ ၇ ရက် နံနက်ပိုင်းက စတင်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်းကာ စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။ **ဉာဏ်တိုး(ပေါက်)**

# ရေပေးမြောင်းများအတွင်း စိုက်ပျိုးရေများရရှိရေး ဆောင်ရွက်ပေးရန် ဒေသခံများ မျှော်လင့်လျက်ရှိ

**မင်းခန့်စိုး(ဇေယျာမြေ)**

**ပုလဲ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သည် မိုးခေါင်ရေရှား၊ မိုးကောင်းသောက်ဒေသဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးကို ရည်ရွယ်၍ တည်ဆောက်ပေးခဲ့သော မြောက်ယမားဆည်နှင့် ဖောက်လုပ်ပေးခဲ့သော မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ် မြောင်းမကြီးကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာဖြင့် သီနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြသည်။

သို့သော်လည်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)က တာဝန်ယူဖောက်လုပ်ခဲ့သည့် မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ် မြောင်းမကြီးမှ ခွဲထွက်သော လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni -1)နှင့် လက်တံအမှတ်(၉)၊ ရေပေးမြောင်း (Mni-2)များ ပြီးစီးနေပြီဖြစ်သော်လည်း စိုက်ပျိုးရေမရရှိသောကြောင့် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရေးအတွက် စိုက်ပျိုးရေများရရှိအောင် တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးရန် ပုလဲမြို့နယ် သေတ္တာရာကျေးရွာနေ တောင်သူများအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် သေတ္တာရာကျေးရွာနေ တောင်သူ ဦးသန်းမောင်က "ကျွန်တော်တို့ဒေသက မိုးကောင်းသောက်ဒေသဆိုတော့ စပါးနဲ့ အခြားသီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုက မရှိသလောက်ပါပဲ။ ရာသီဥတုမှန်ပြီး မိုးကောင်းမှသာ စိုက်ပျိုးမှုက ဖြစ်ထွန်းအောင်မြင်မှာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အစိုးရရဲ့ စီမံမှုနဲ့အတူ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူဖောက်လုပ်ပေးခဲ့တဲ့ မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ် မြောင်းမကြီးကနေ ယမန်နှစ်က နွေရာသီကစပြီး စိုက်ပျိုးရေစတင်ရရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ စိုက်ပျိုးမြေ လေးဧကကလည်း မြောင်းမကြီးဘေးမှာရှိတာကြောင့် စိုက်ပျိုးရေကို အခက်အခဲမရှိရရှိခဲ့တာကြောင့် နွေစပါး သုံးဧကနဲ့ ကုလားပဲ တစ်ဧကကို စိုက်ပျိုးခဲ့ရာမှာ နွေစပါး သုံးဧကအထွက်နှုန်း စပါးတင်း ၂၅၀ နဲ့ ကုလားပဲ ရှစ်တင်းကျော်ရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း နွေစပါးနဲ့ နှမ်းသီးညှပ် သုံးဧက၊ ပဲတီစိမ်း တစ်ဧကကို စိုက်ပျိုးထားပါတယ်။ ကျွန်တော်က မြောင်းမကြီးဘေးမှာရှိတော့ စိုက်ပျိုးရေ အခက်အခဲမရှိ ရရှိနေပေမယ့် ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ တောင်သူအများစုက မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ် မြောင်းမကြီးမှ ခွဲထွက်တဲ့ လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni-1)နဲ့ လက်တံအမှတ်(၉)၊ ရေပေးမြောင်း(Mni - 2)တွေရဲ့ဘေးမှာ



ရှိပါတယ်။ အဲဒီရေပေးမြောင်း (Mni-1)နဲ့ ရေပေးမြောင်း (Mni - 2)က ဖောက်လုပ်ပြီးစီးနေပြီဖြစ်သော်လည်း စိုက်ပျိုးရေမရရှိသေးတဲ့အတွက် စိုက်ပျိုးရေသာရခဲ့မယ်ဆိုရင် စိုက်ပျိုးမြေ ဧက ၂၀၀ ကျော် အကျိုးပြုဖြစ်ထွန်းအောင်မြင်နိုင်မှာဖြစ်လို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ရှိသူတွေအနေနဲ့ ရေပေးမြောင်းများအတွင်း စိုက်ပျိုးရေများရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့ ရွှေကိုမလို ရေကိုသာလိုတဲ့တောင်သူတွေက မျှော်လင့်လျက်ရှိကြပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ဦးဇော်ထွန်းအောင်က "မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ်မြောင်းမကြီးက ခွဲထွက်တဲ့ လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း(Mni - 1)နဲ့ လက်တံအမှတ်(၉)၊ ရေပေးမြောင်း(Mni - 2)တွေရဲ့ဘေးမှာရှိတဲ့ တောင်သူတွေအတွက် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ရမယ့်အပိုင်းမှာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူတွေက အရင်ဆုံး လက်တံအမှတ်(၁၀)၊ ရေပေးမြောင်း (Mni - 1)နဲ့ လက်တံအမှတ်(၉)၊ ရေပေးမြောင်း(Mni - 2) အတွင်း မြောင်းစမ်းရေများ လွှတ်ပေးရမှာဖြစ်ပါတယ်။ ပြီးရင် ရေပေးမြောင်း(Mni)တွေကနေ လယ်သွယ်မြောင်း (လယ်ကြားမြောင်း)များ ဖောက်လုပ်ဖို့ နေရာတွေ သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ လယ်သွယ်မြောင်း ဖောက်လုပ်ဖို့ တည်ဆောက်ရေး(၄)က မြေနေရာသတ်မှတ်ပြီးရင် မြို့နယ်လယ်ယာမြေစာရင်းအင်းနှင့် မှတ်ပုံတင်ရေးဦးစီးဌာနက ကွင်းအလိုက် မြေပုံများမှာ မှတ်တမ်းတင်ပေးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ မြောက်ယမားလက်ယာ တိုးချဲ့ရေသောက်စနစ်မြောင်းမကြီးဘေးမှာရှိကြတဲ့ ကျေးရွာအုပ်စုတွေက အုပ်ချုပ်ရေးမှူးတွေနဲ့အတူ တည်ဆောက်ရေး(၄)က သတ်မှတ်ပေးမယ့် လယ်သွယ်မြောင်း(လယ်ကြားမြောင်း)များက တောင်သူများ ကိုယ်တိုင် မိမိတို့လယ်ယာမြေအလိုက် မြောင်းတူးရမှာဖြစ်လို့ စိုက်ပျိုးရေရရှိသည်အထိ အဆင်ပြေချောမွေ့အောင် ပေါင်းစပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

# ပနားမား စာလွှာစာတမ်းများအရှုပ်တော်ပုံ လူ ၁၆ ဦးကို ထိုင်း၌ စုံစမ်းစစ်ဆေး

**ဗန်ကောက် မေ ၈**

"ပနားမား စာလွှာစာတမ်းများ"ဟု အမည်တွင်နေသော အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသည့် လက်ရှိနှင့် လက်ဟောင်းနိုင်ငံရေးသမားများနှင့် နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် လူ ၁၆ ဦးကို ထိုင်းနိုင်ငံရှိ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံးက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ပနားမားနိုင်ငံရှိ ဥပဒေအကျိုးဆောင်ကုမ္ပဏီဖြစ်သော မော့ဆက်ဖွန်ဆီကာကုမ္ပဏီမှ ပေါက်ကြားသွားသော စာလွှာစာတမ်းများအရ ထိုင်းနိုင်ငံတွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေခြင်းဖြစ်သည်။ ယင်းကုမ္ပဏီသည် ပင်လယ်ရပ်ခြားနိုင်ငံများ၌ ကုမ္ပဏီများ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ဆောင်ပေးနေသော ကုမ္ပဏီဖြစ်သည်။

ငွေကြေးခဝါချဖွယ်ရှိမှုကို စုံစမ်းစစ်ဆေးလျက်ရှိသော်လည်း ယခုအချိန်အထိ ပြစ်မှုကျူးလွန်သည့်အထောက်အထားများကိုမတွေ့ရသေးကြောင်း ထိုင်းငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး၏ ခေတ္တအတွင်းရေးမှူးချုပ် ပရာယွန်ရက်**(ယာပုံ)**က ပြောကြားသည်။

**ရိုက်တာ။**



# မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့် သီရိလင်္ကာ ကတိကဝတ်ပြု

**ပေကျင်း မေ ၈**

တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဖြစ် ရပ်တည်သွားကြရန် ကတိကဝတ်ပြုလိုက်ကြပြီး စီးပွားရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးတို့ကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ သီရိလင်္ကာဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်းဟာနှင့် ဝန်ကြီးချုပ် လီခချန်းတို့ တွေ့ဆုံဆွေးနွေးကြရာတွင် အထက်ပါအတိုင်း ကတိကဝတ်ပြုလိုက်ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားလိုကြောင်း ဝန်ကြီးချုပ်လီကပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံ၏အတွေ့အကြုံအပေါ် သင်ခန်းစာများ ရယူသွားမည်ဖြစ်ကြောင်း သီရိလင်္ကာဝန်ကြီးချုပ်က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းရှိ ဟမ်ဘန်တိုတာ ပင်လယ်ဆိပ်ကမ်းစီမံကိန်းကို တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းသွားကြရန် မိမိတိုက်တွန်းခဲ့ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရမည့် ပင်လယ်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ပြန်လည်စတင်ပြီဟု သီရိလင်္ကာ အစိုးရအဖွဲ့က တရုတ်ရင်းနှီးမြှုပ်နှံသူများကို လွန်ခဲ့သည့်လတွင် အသိပေးအကြောင်းကြားခဲ့သည်။ အဆိုပါ စီမံကိန်းကို ဆိုင်းငံ့ထားခဲ့ပြီးနောက် တစ်နှစ်အကြာတွင် စီမံကိန်းလုပ်ငန်းကို ပြန်လည်စတင်ခဲ့သည်။

စီမံကိန်း ဒုတိယအဆင့်အတွက် နှစ်နိုင်ငံ ဆွေးနွေးသွားကြရန် တရုတ်ဝန်ကြီးချုပ်က သီရိလင်္ကာဝန်ကြီးချုပ်အား တိုက်တွန်းလိုက်သည်။

**ဆင်ဟွာ။**



# စကားပြောလမ်းညွှန်စက်ရုပ်များ ဟီတာချီကုမ္ပဏီစတင်မိတ်ဆက်

**ကျိုတို မေ ၈**

စတိုးဆိုင်များအပါအဝင် အများနှင့်သက်ဆိုင်သောနေရာများတွင် ခရီးသွားဧည့်သည် နိုင်ငံခြားသားများအား အကူအညီပေးနိုင်သည့် စကားပြောသော စက်ရုပ်များကို ဟီတာချီကုမ္ပဏီက ယနေ့ စတင်မိတ်ဆက်ခဲ့ကြောင်း ဒေသန္တရသတင်းများ အရသိရသည်။

'EMIEW3' စက်ရုပ်များသည် စီစီတီဗွီကင်မရာ အကူအညီဖြင့် အကူအညီလိုအပ်နေသော ခရီးသွားဧည့်သည်များအနီးသို့ အလိုအလျောက်ချဉ်းကပ်ကာ လိုအပ်သောလမ်းညွှန်မှုများ ပေးစွမ်းနိုင်မည်ဖြစ်သည်။

စက်ရုပ်များ၏အမြင့်သည် စင်တီမီတာ ၉၀ ရှိပြီး ၎င်း၏အနီးဝန်းကျင်ကို မှတ်သားကာ လူတစ်ဦးတစ်ယောက်၏ ခိုင်းစေညွှန်ကြားချက်မပါဘဲ အလိုအလျောက် ကူညီလမ်းပြမှုများ ပြုနိုင်မည်ဖြစ်ကြောင်း ဟီတာချီအင်ဂျင်နီယာများက ဆိုသည်။ အွန်လိုင်းကင်မရာများက အကူအညီလိုအပ်နေသော နိုင်ငံခြားသားခရီးသည်များကို ရှာဖွေတွေ့ရှိရန် စက်ရုပ်များအားအကူညီပေးမည်ဖြစ်သည်။

စက်ရုပ်တစ်ရုပ်က စတိုးဆိုင်တစ်ဆိုင်အတွင်းတွင် လက်ကမ်းစာစောင်များကို လိုက်လံရှာဖွေနေသော လူတစ်ယောက်အနီးသို့ သွားရောက်ပြီး အဆိုပါလူအား 'ဘာများလိုက်လံ ရှာဖွေနေပါသလဲ'ဟု မေးမြန်းခဲ့သည်။ ထို့နောက် လက်ကမ်းစာစောင်ရှာဖွေနေကြောင်း လူသားက ပြောကြားခဲ့ရာ စက်ရုပ်က လက်ကမ်းစာစောင်ရှိရာနေရာသို့ လမ်းညွှန်ပြသခဲ့သည်။ ယင်းပြကွက်ကို ယနေ့ မိတ်ဆက်ပွဲတွင် ပြသခဲ့သည်။

အဆိုပါစက်ရုပ်များသည် အခက်အခဲတစ်ခုခုကြုံတွေ့နေသည့် လူသားအနီးသို့ ရောက်ရှိကာ လိုအပ်သောအကူအညီများကို ပေးစွမ်းနိုင်သည့်အပြင် လူသားက ဂျပန်စကားမပြောဘဲ အင်္ဂလိပ်စကားဖြင့်ပြန်လည်ပြောကြားသည့်အခါတွင် အလိုအလျောက် ဂျပန်စကားမှ အင်္ဂလိပ်စကားသို့ ပြောင်းလဲကာ ပြောဆိုနိုင်စွမ်းရှိသည်။

ဟီတာချီကုမ္ပဏီက အဆိုပါစက်ရုပ်များကို ၂၀၂၀ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ရှိတ်ခ်စပီးယား၏ ပထမဆုံးစာအုပ် စကော့တလန်တွင် ပြန်လည်တွေ့ရှိ

**အက်ဒင်ဘရက် မေ ၈**

နှစ်ပေါင်း ၄၀၀ နီးပါးရှိ ဝီလျံရှိတ်ခ်စပီးယား၏ ပြဇာတ်များစုစည်းထားသော ပထမဆုံးစာအုပ်တစ်အုပ်ကို စကော့တလန်နိုင်ငံတွင် ပြန်လည်တွေ့ရှိခဲ့သည်။

ရှိတ်ခ်စပီးယား၏ စာမူများပါရှိသည့် အဆိုပါပထမဆုံးသောစာအုပ်ကို မောင့်စတူးဝပ်ဟောက်စ်စာကြည့်တိုက်အတွင်းမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မောင့်စတူးဝပ်စာကြည့်တိုက်သည် ၁၈ ရာစုက အိမ်ခြံဝင်းတစ်ခုဖြစ်ပြီး ယခုအခါ ပြပွဲခန်းမတစ်ခုအဖြစ် အသုံးပြုလျက်ရှိသည်။

အဆိုပါစာအုပ်ကို ရှိတ်ခ်စပီးယားကွယ်လွန်ပြီးနောက် ခုနစ်နှစ်အကြာ ၁၆၂၃ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ယခုတွေ့ရှိရသည့် စာမူများတွင် ပြဇာတ် ၃၆ပုဒ်ပါဝင်ပြီး အသောပြဇာတ်တွဲ၊ အလွမ်းပြဇာတ်တွဲနှင့် သမိုင်းရာဇဝင်ပြဇာတ်တွဲ ဟူ၍ အတွဲသုံးတွဲခွဲခြားထားသည်။

အဆိုပါအိမ်ခြံဝင်းကို ပိုင်ဆိုင်သည့် မိသားစုက ယင်းစာအုပ်ကို ၁၈၉၆ ခုနှစ်ဝန်းကျင်ခန့်တွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အောက်စဖို့ဒ်တက္ကသိုလ်ပါမောက္ခ အမ်မာစမစ်က ယင်းစာအုပ်ကို လေ့လာဆန်းစစ်ပြီး ပေါင် ၂ ဒသမ ၅ သန်း (ဒေါ်လာ ၃ ဒသမ ၅ သန်း) တန်ကြေးရှိမည်ဟု ခန့်မှန်းသုံးသပ်သည်။ စမစ်က အဆိုပါစာအုပ်သည် ရှားပါးစာအုပ်တစ်ဖြစ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ရှိတ်ခ်စပီးယား၏ စာပေများကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည်ဟု ပြောကြားသည်။ ယင်းစာအုပ်ကို မောင့်စတူး ဝပ်စာကြည့်တိုက်တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် အောက်တိုဘာလအထိ ပြသထားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



# ရေနံတူးစင်ဖယ်ရှားပေးရန် ဗီယက်နမ်တောင်းဆိုချက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပယ်ချ

**ပေကျင်း မေ ၈**

ရေကြောင်းပိုင်နက်အငြင်းပွားမှုနှင့် သက်ဆိုင်နေသော နေရာတွင် ရေနံတူးစင်ချထားမှုကို တရုတ်နိုင်ငံက ဖယ်ရှားပေးရန်နှင့် တောင်တရုတ်ပင်လယ်အတွင်း ရေနံတူးဖော်မည့်အစီအစဉ်ကို စွန့်လွှတ်ရန် ဗီယက်နမ်နိုင်ငံ၏ ဒုတိယအကြိမ် တောင်းဆိုမှုကို တရုတ်အစိုးရက မေ ၈ ရက်တွင် ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေနံတူးစင် ဖြန့်ကြက်မှုကိစ္စသည် တရုတ်နှင့် ဗီယက်နမ်အကြား ၂၀၁၄ ခုနှစ်အတွင်း သံတမန်ရေးအရ အပြင်းထန်ဆုံးတင်းမာမှုကို ဖြစ်ပေါ်စေခဲ့သည်။ တုန်ကင်ပင်လယ်ကွေ့ရှိ ပိုင်နက်အငြင်းပွားရေပြင်အတွင်းသို့ တရုတ်နိုင်ငံက ရေနံတူးစင် ရွှေ့ပြောင်းခဲ့ခြင်းနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံက ပြောကြားခဲ့သည်။

မိမိတို့၏ ရေနံတူးစင် တည်ရှိရာနေရာမှာ နှစ်နိုင်ငံ ရေကြောင်းပိုင်နက် အငြင်းပွားမှုမရှိသောနေရာသာဖြစ်ပြီး လုပ်ရိုးလုပ်စဉ် ရေနံစူးစမ်းရှာဖွေမှုကိုသာ ပြုလုပ်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟုန်လေက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်နှစ်က ဗီယက်နမ်၏ အဆိုအရ ယင်း၏ အထူးစီးပွားရေးဇုန်တည်ရာ ရေပြင်အတွင်း တရုတ်နိုင်ငံက ဟိုင်ယန်းရှီယု-၉၈၁ အမည်ရှိ ရေနံတူးစင်ကို ဖြန့်ကြက်ခဲ့ရာ နှစ်နိုင်ငံ အငြင်းပွားမှုများ အပြင်းထန်ဆုံး ပေါ်ပေါက်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရေနံတူးစင် လှုပ်ရှားဆောင်ရွက်မှုကို ဗီယက်နမ်နိုင်ငံက ဂရုစိုက်၍ လေ့လာစောင့်ကြည့်နေသည် ဆို၏။

**ရိုက်တာ။**

# အီဘရာဟီမိုဗစ်ချ်နဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ မန်ယူအပြောင်းအရွှေ့ ဘာဆက်ဖြစ်မလဲ



ယခုတစ်ပတ်ထဲမှာ ပရီမီယာလိဂ် ကလပ်မန်ယူအသင်းအနေနဲ့ပီအက်စ်ဂျီ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူဖို့စီစဉ်နေတဲ့ အကြောင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်း ကလည်း တိုက်စစ်မှူး စီရိုနယ်လ်ဒို ကို မန်ယူအသင်းသို့ ပြန်လည် ရောင်းချဖို့ကမ်းလှမ်းလိမ့်မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

မန်ယူအသင်းဟာ လာမယ့် ဘောလုံးရာသီမှာ အသင်းရဲ့တိုက်စစ် ပိုင်းကို အားဖြည့်ဖို့ ပြင်သစ်ပထမတန်း ကလပ် ပီအက်စ်ဂျီအသင်းမှာ ခြေစွမ်း ပြကစားနေတဲ့ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ခေါ်ယူဖို့ ပြင်ဆင်ထားခဲ့ပေမယ့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကတော့ ချန်ပီယံ လိဂ်မှာ ကစားခွင့်ရမယ့်အသင်းမှာ ကစားဖို့ဆန္ဒဖြစ်ပေါ်နေပါတယ်။

မန်ယူအသင်းအနေနဲ့ လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ အဆင့်(၅)နေရာမှာ ရပ်တည်နေပြီး ယခု ဘောလုံးရာသီကုန်ဆုံးချိန်မှာ အဆင့်(၄)စာရင်းဝင်ကာ လာမယ့် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာ ရလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ် ကလည်း လက်ရှိစာချုပ်သက်တမ်း ကုန်ဆုံးပါက ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာမယ်လို့ ပီအက်စ်ဂျီအသင်းနဲ့ မန်စီးတီးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် အပြီးမှာ အတိအလင်းပြောကြားခဲ့ ပါပြီ။ လက်ရှိပြင်သစ်ပထမတန်း ပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုး ၃၀ သွင်းယူထားပြီး သွင်းဂိုး အများဆုံး ကစားသမားအဖြစ် ရပ်တည်နေပါတယ်။

ဒါ့ကြောင့် လာမယ့်ဘောလုံးရာသီ မှာ မန်ယူအသင်းချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ပါက တိုက်စစ်မှူး အီဘရာဟီ မိုဗစ်ချ်အနေနဲ့ မန်ယူအသင်းရဲ့ အိုးထရက်ဖို့ဒ်ကွင်းသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာနိုင်တယ်လို့ လည်း သတင်းများက ဖော်ပြထားပါ တယ်။

ဒါ့အပြင် ရီးယဲလ်မက်ဒရစ်အသင်း ကလည်း အသက် (၃၁)နှစ်အရွယ် ရှိနေပြီဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ် ဒိုကို အသင်းဟောင်း မန်ယူအသင်းကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ ပြန်လည်ခေါ်ယူဖို့ ကမ်းလှမ်းထား ကြောင်းလည်း သိရပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ လက်ရှိ စာချုပ်သက်တမ်းက ၂၀၁၈ ခုနှစ် ရောက်မှ ကုန်ဆုံးမှာဖြစ်ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကတော့ ယခု ဘောလုံးရာသီကုန်ဖြစ်တဲ့ နွေရာသီအပြောင်းအရွှေ့ကာလမှာ မန်ယူအသင်းသို့ ပြန်လည်ရောင်းချဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်း ရွှေ့ကြေးပေါင် သန်း ၈၀ နဲ့ မပြောင်း ရွှေ့မီ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ မန်ယူအသင်းရဲ့ ဂန္ထဝင် နည်းပြဖာဂူဆန်ရဲ့ လက်ထက်မှာ ပွဲပေါင်း ၂၉၂ ပွဲအထိ ပါဝင်ကစား ပေးခဲ့ပါတယ်။ အဲဒီလိုကစားပေးခဲ့ တဲ့ကာလအတွင်းမှာ မန်ယူအသင်း အတွက် ဂိုးပေါင်း ၁၁၈ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေနဲ့ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ် ဖလားသုံးကြိမ်၊ ကာလင်းဖလား (ယခု ကတ်ပီတယ်ဝမ်းဖလား) သုံးကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် စသဖြင့် ဆွတ်ခူးပေးနိုင်ခဲ့တဲ့ ကစားသမား တစ်ဦးပါ။

မန်ယူအသင်းမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒို အကောင်းဆုံးပွဲထွက် ကစားပေးနိုင်ခဲ့တဲ့အပြင် ရီးယဲလ် မက်ဒရစ်အသင်းကို ရောက်လာတဲ့ အချိန်မှာလည်း တိုက်စစ်မှူးတစ်ဦးရဲ့ စွမ်းဆောင်ရည်ကို အကောင်းဆုံးပြသ နိုင်ခဲ့ပါတယ်။ အခုဘောလုံးရာသီ မှာလည်း ပြိုင်ပွဲအရပ်ရပ်မှာ ပွဲပေါင်း ၄၀ အထိ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၄၂ ဂိုးအထိ သွင်းယူပေးထား နိုင်ခဲ့ပါတယ်။ လာလီဂါပြိုင်ပွဲမှာလည်း သွင်းဂိုး ၂၉ ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ် အသင်းက အသက်အရွယ်ရလာပြီ ဖြစ်တဲ့ စီရိုနယ်လ်ဒိုကို မန်ယူ အသင်းသို့ ပြန်လည်ရောင်းချဖို့ မန်ယူ အသင်းကို ကမ်းလှမ်းလာခဲ့ပါတယ်။ အဲဒါကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒို နဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်တို့ရဲ့ မန်ယူအသင်း အပြောင်းအရွှေ့က စိတ်ဝင်စားစရာကောင်းနေပြီလို့ ဆိုရ မှာလည်းဖြစ်ပါတယ်။ **(ငွေကြယ်)**

## အာဆင်နယ်အား ဝက်စ်ဟမ်းအနိုင်ကစားမည်ဟု ဘီလစ်ကြွေးကြော်

ဝက်စ်ဟမ်းနည်းပြ ဘီလစ်က ကလပ်အသင်းအတွက် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရန် အရေးကြီးသလို ထိပ်ဆုံးလေးသင်းဖြင့် ရာသီသိမ်းနိုင်ရန်လည်း အရေးကြီးသဖြင့် အာဆင်နယ်အား အနိုင်ကစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဝက်စ်ဟမ်းအသင်းသည်အာဆင်နယ်အား အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်ပြီး အနိုင်ရလဒ်အတွက် ဖြစ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းပရိသတ်များအား ကတိပြုပြောကြားခဲ့သည်။

ဝက်စ်ဟမ်းသည် လာမည့် ဧပြီ ၁၃ ရက်တွင် မန်ယူအသင်းနှင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ပြန်ကန်ပွဲစဉ်ကစားသွားရမည်ဖြစ်သော်လည်း အာဆင်နယ်နှင့် ပွဲစဉ်ကို သေချာပေါက်အနိုင်ကစားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်လေးနေရာရှိ မန်စီးတီးအောက် သုံးမှတ်အကွာဖြင့် အမှတ်ပေးဇယား အဆင့်ခြောက်နေရာတွင် ရပ်တည်နေသည်။

ဘီလစ်က "ဒီတစ်ပတ်ကတော့ ကျွန်တော်တို့အသင်းအတွက် တကယ့်ကို ခက်ခဲမှုတွေ ပြည့်နှက်နေတဲ့ ရက်သတ္တပတ်ပါ။ ဒါပေမယ့် တစ်ပွဲချင်းကိုသာ အာရုံစိုက်ချဉ်းကပ်သွားမှာဖြစ်လို့ အာဆင်နယ်ကိုအရင်ဆုံး အနိုင်ကစားသွားမှာပါ။ သူတို့ကို ဒီနှစ်ဘောလုံးရာသီ အဝေးကွင်းမှာတောင် နှစ်ဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့သေးတာပဲ။ အိမ်ကွင်းမှာလည်း သေချာပေါက် အနိုင်ယူပြမှာပါ"ဟု ဆိုလိုက်သည်။

**(မေလှဲ့သင်း)**

## ရီးယဲလ်မက်ဒရစ်နောက်ခံလူ မာဆယ်လို သရုပ်ဆောင်သာလုပ်သင့်ကြောင်း ဝုဖ်ဘတ်နည်းပြ ဟက်ကင်ဝေဖန်

ရီးယဲလ်မက်ဒရစ်က ဝုဖ်ဘတ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ဒိုင်ဗင်ပစ်ကာ ပြိုင်ဘက်ကစားသမားအား ပြစ်ဒဏ်ကျခံစေရန် ကြိုးပမ်းခဲ့သော ရီးယဲလ်မက်ဒရစ်နောက်ခံလူ မာဆယ်လိုအနေဖြင့် သရုပ်ဆောင်အလုပ်ဖြင့်သာ အသက်မွေးဝမ်းကျောင်းမှုပြုသင့်ကြောင်း ဝုဖ်ဘတ်နည်းပြ ဟက်ကင်က လှောင်ပြောင်လိုက်သည်။ မာဆယ်လိုသည် ဝုဖ်ဘတ်ကွင်းလယ်လူ မက်စ် အာနိုး၏ ဝမ်းဗိုက်နားသို့ သူ၏ခေါင်းအား တိုးဝင်ကာ ဒိုင်ဗင်ပစ်၍ နာကျင်စွာလဲကျသွားခဲ့ဟန်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် မက်စ်အာနိုးမှာ အဝါကတ်ပြ သတိပေး ခံခဲ့ရသည်။ သို့သော် မာဆယ်လိုမှာ ယင်း အပြုအမူအတွက် ယူအီးအက်ဖ်အေ (ဥရောပ ဘောလုံးအဖွဲ့ချုပ်) စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခံရမည်မဟုတ်ကြောင်း သိရသည်။

မန်ယူအသင်းခေါင်းဆောင်ဟောင်း ရွိုင်းကိန်းက မာဆယ်လို၏ အပြုအမူအတွက် အကြီးအကျယ် အံ့အားသင့်မိကြောင်း ပြောကြားခဲ့သလို အင်္ဂလန်နည်းပြဟောင်း ဂလန်း ဟော့ဒဲလ်ကလည်း ဘောလုံးလောကအတွက် ရှက်ဖွယ်ကောင်းသည့် အမူအကျင့်ပင်ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

## ပွိုက်ဟတ်လိုင်းမှာ အနိုင်ရဖို့ခက်ခဲနေတဲ့ မန်ယူ

### ပရီမီယာလိဂ်ရင်ခုန်သံ-၃၃

ပရီမီယာလိဂ်ပွဲစဉ် (၃၃)ကို လာမယ့် ဧပြီ ၉၊ ၁၀ ရက်တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ စပါးနဲ့မန်ယူ၊ ဝက်စ်ဟမ်းနဲ့ အာဆင်နယ်တို့ဆုံတွေ့တဲ့ပွဲကောင်းတွေပါဝင်နေပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာကောင်းနေပါတယ်။

### ဝက်စ်ဟမ်း - အာဆင်နယ် ည ၆း၁၅ (၉-၄-၁၆)

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဝက်စ်ဟမ်းတို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းဟာ ဒီရာသီမှာအိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တာကြောင့် အာဆင်နယ်ကို ဒီပွဲစဉ်မှာလည်း ဖိအားပေးကစားသွားနိုင်မှာ သေချာနေပါတယ်။ အာဆင်နယ် သရေလောက်ပဲ ကစားနိုင်ဖို့ရှိနေပါတယ်။

### ဆွမ်ဆီး - ချယ်လ်ဆီး ည ၈း၃၀ (၉-၄-၁၆)

လက်ရှိအမှတ်ရယူထားနိုင်တဲ့ အနေအထားအရချယ်လ်ဆီးဟာ ဥရောပဝင်ခွင့် ရယူနိုင်လောက်တဲ့အခြေအနေမှာရှိတဲ့အတွက် ဒီပွဲမှာတော့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် အဓိက တိုက်စစ်မှူး ကော်စတာ ပါဝင်နိုင်မှာမဟုတ်သေးလို့ တိုက်စစ်ကစားပုံ အားနည်းလာနိုင်ပါတယ်။ ဆွမ်ဆီးကွင်းမှာတော့ ချယ်လ်ဆီး ကပ်ပြီးသာ နိုင်ပွဲရမယ်။

### ဆောက်သမ်တန် - ကာဆယ် ည ၈း၃၀ (၉-၄-၁၆)

ဆောက်သမ်တန်ဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဥရောပဝင်ခွင့်ရယူနိုင်ဖို့လည်း မျှော်လင့်နိုင်သေးတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် တန်းမဆင်းရဖို့ အားစိုက်ကစားနေတဲ့ ကာဆယ်ကလည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အားနည်းပေမယ့် အသင်းလိုက်ကစားပုံ ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဆောက်သမ်တန်တို့ အနည်းငယ်အခက်တွေ့နိုင်သလို ကပ်ပြီးသာ အနိုင်ရယူနိုင်ဖို့ရှိတယ်။

### မန်စီးတီး - ဝက်စ်ဘရွန်း ည ၁၁း၀၀ (၉-၄-၁၆)

ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက်တောင်မှ ခက်ခဲမှုတွေရှိလာတဲ့ မန်စီးတီးဟာ နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေကလည်းမဆိုးပါဘူး။ အထူးသဖြင့် မန်စီးတီးဟာအိမ်ကွင်းပွဲတွေမှာလည်း ကစားပုံပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်စ်ဘရွန်းကတော့ လက်ရှိအချိန်မှာ မျှော်လင့်ချက်ထားရှိစရာအခြေအနေ နည်းပါးနေတာကြောင့် အသင်းလိုက်အားစိုက်ကစားမှုမှာပါ အားလျော့လာတာကို တွေ့နေရပါတယ်။ မန်စီးတီးကသာ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ သေချာနေပါတယ်။

### ဆန်းဒါးလန်း - လက်စတာ ည ၇း၀၀ (၁၀-၄-၁၆)

လက်စတာဟာ ချန်ပီယံဆုရယူနိုင်ဖို့အတွက် အားစိုက်ကစားနေသလို အသင်းလိုက်ကစားပုံလည်း ကောင်းမွန်ပြီး ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိနေတာကို တွေ့ရပါတယ်။ ဆန်းဒါးလန်းဟာ တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေသလို တန်းမဆင်းရဖို့အတွက်လည်း အားစိုက်လာမှာဖြစ်ပါတယ်။ လက်စတာနိုင်ရင်တောင် မပြတ်သားနိုင်ပါဘူး။

### စပါး - မန်ယူ ည ၉း၃၀ (၁၀-၄-၁၆)

လက်စတာကို ဖိအားပေးနိုင်ဖို့အတွက် စပါးတို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ စပါးဟာ လက်ရှိအချိန်မှာ အသင်းလိုက်ကစားပုံ ကောင်းမွန်နေသလို အိမ်ကွင်းပွဲတွေမှာလည်း တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုကောင်းမွန်တတ်ပါတယ်။ မန်ယူကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာပေမယ့်လည်း ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာမရှိသလို ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ မန်ယူတို့အခက်တွေ့နိုင်ကာ စပါးကသာကပ်အနိုင်ရသွားဖို့ရှိနေပါတယ်။

### လီဗာပူး - စတုတ် ည ၉း၃၀ (၁၀-၄-၁၆)

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲတစ်ပွဲပါ။ လီဗာပူးဟာဒီရာသီမှာ စတုတ်နဲ့ ဆုံတွေ့တိုင်း ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေကြောင့် လီဗာပူးတို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ ဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် လီဗာပူးတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း စတုတ်ရဲ့ကစားပုံက ကောင်းမွန်နေတာကြောင့် အိမ်ကွင်းမှာ လီဗာပူးကပ်ပြီးသာ အနိုင်ရဖို့ရှိနေပါတယ်။

**(ရှိုင်းမင်းမင်း)**

# ချောက်မြို့နယ် သွေးနက်ကျေးရွာ၌ နေအိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွား

**ချောက် ဧပြီ ၈**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သွေးနက်ကျေးရွာတွင် ဦးထွန်းမြင့်(၄၂)နှစ်၏နေအိမ် ပန်းပဲဖို၌ ယမန်နေ့ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ချောက်မြို့နယ် ထွေ/အုပ်ရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ချောက်မြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဆိပ်ဖြူမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ စလေခါတ်မြေဩဇာစက်ရုံမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၁၇၀ တို့အပြင် မနော်ဖြူရေသယ်ယာဉ်၊ ပုဂ္ဂလိကရေသယ်ယာဉ်တစ်စီး၊ မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်ကိုးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၃ ပင် × ၄ ပင် ပတ်လည် သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း တစ်ထပ်နေအိမ် ခုနစ်လုံး၊ ၃ပင်နှင့် ၄ ပင် ပတ်လည်ထန်းရွက်မိုး၊ ထန်းရွက်ကာ ဝါးကြမ်းခင်း တစ်ထပ်နေအိမ် နှစ်လုံး စုစုပေါင်း နေအိမ်ကိုးလုံး၊ ပန်းပဲဖိုတစ်လုံး၊ နွားတင်းကုပ်တစ်ခုတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယင်းကဲ့သို့ မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၃၉ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့အား သွေးနက်ကျေးရွာဓမ္မာရုံ၌ ယာယီနေရာချထားပေးကြောင်းနှင့် မီးပေါ်ဆမှုကြောင့် ဦးထွန်းမြင့်အား ချောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝင်းအိမွန်)**

# တာမွေမြို့နယ်အတွင်း လိုင်စင်မဲ့အငှားယာဉ် ၂၇ စီးနှင့် လှည်း ၃၁ စီး သိမ်းဆည်းအရေးယူ

**ရန်ကုန် ဧပြီ ၈**
ရန်ကုန်တောင်ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း စီးနင်းသွားလာနေသော အငှားယာဉ်များအား လမ်းဆုံလမ်းခွများတွင် ဂိတ်ထိုးရပ်နားခြင်း၊ လမ်းကြောင်းပြောင်းပြန် စီးနင်းသွားလာခြင်းများနှင့်အတူ လိုင်စင်မဲ့အငှားယာဉ်များ ပပျောက်စေရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်စစ်ဆေး၍ စည်းကမ်းထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်စဉ် လိုင်စင်မဲ့အငှားယာဉ် ၂၇ စီး နှင့် လှည်း ၃၁ စီးတို့ကို စစ်ဆေးတွေ့ရှိသဖြင့် သိမ်းဆည်းအရေးယူဆောင်ရွက်ခဲ့ကြောင်း ဧပြီ ၈ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ပြောသည်။

"အငှားယာဉ်လုပ်သားတချို့က ခရီးသည်ရလိုဇောနဲ့ လမ်းဆုံလမ်းခွတွေမှာ ဂိတ်ထိုးရပ်နားထားကြတယ်။ တချို့အငှားယာဉ်တွေက လမ်းကြောင်းပြောင်းပြန် စီးနင်းသွားလာကြတော့ ယာဉ်ကြောပိတ်ဆို့နိုင်သလို ယာဉ်တိုက်မှုတွေဖြစ်ပေါ်နိုင်တာမို့ စည်းကမ်းမဲ့အငှားယာဉ်တွေကို စည်းကမ်းထိန်းသိမ်းသည့်အနေဖြင့် အရေးယူဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

မျက်မှောက်ကာလတွင် စည်းကမ်းမဲ့အငှားယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်တိုက်မှုများမဖြစ်ပေါ်စေရန် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးများမှ ပူးပေါင်းအဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့ယာဉ်များကို စစ်ဆေးတွေ့ရှိပါက သိမ်းဆည်းအရေးယူလျက်ရှိကြောင်း သိရသည်။

**(မောင်သုည)**

# တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀၀ သိမ်းဆည်းရမိ



**နေပြည်တော် ဧပြီ ၈**
မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက်က ဟဲဟိုးမြို့အဝင် တောင်ကြီး-ကလောသွားကားလမ်းပေါ် မိုင်တိုင်အမှတ်(၉၈)တွင် ခွန်စောထီး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။ **(ယာပုံ)**

အလားတူ ဧပြီ ၅ ရက်က ကြည့်မြင်တိုင်မြို့နယ် ညဈေးအနီးရှိ ဈေးကြီးလမ်းပေါ်တွင် လမ်းလျှောက်လာသူ မျိုးမင်းထွန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားအားတွေ့ရှိ၍ ၎င်းနေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်) ရပ်ကွက် သရက်တော(၆)လမ်းရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀ နှင့် အိုက်စ် ၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့က တမူး-စေတီသွားကားလမ်း မိုင်တိုင်အမှတ်(၅/၂)တွင် အောင်အောင်မောင်းနှင်ပြီး မန္တဲ့ရီ လိုက်ပါလာသည့် ဆိုင်ကယ်နှင့် နေလင်းအောင်မောင်းနှင်ပြီး အောင်ပု လိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၅ ပြားနှင့် ဘိန်းစိမ်း ၁၆ ဒသမ ၃၃ ဂရမ် တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# AD ဗင် ပက်လက်လန်တိမ်းမှောက်ကာ ယာဉ်မောင်းဒဏ်ရာရရှိ

**မြင်းမူ ဧပြီ ၈**
မြင်းမူမြို့ အလွကပ္ပရွာနှင့် ဝမ်းပြည့်ရွာအကြားတွင် ဧပြီ ၇ ရက် ညနေပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မုံရွာမှ မန္တလေးသို့ အမရပူရမြို့နယ် စာတိုက်တန်းရပ်နေ ဦးမောင်မောင် (၆၂)နှစ် မောင်းနှင်လာသည့် YGN/---- AD ဗင် မီးခိုးရောင်ယာဉ်သည် အလွကပ္ပရွာနှင့် ဝမ်းပြည့်ရွာအကြား မန္တလေး-မြင်းမူ-မုံရွာကားလမ်း မိုင်တိုင်(၅၁/၃-၄)ကြားအရောက် ရှေ့ဝဲဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးမောင်မောင်တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးမောင်မောင်အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၆၂၄)**

### သံတွဲမြို့ အထက(၂) ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်

ရခိုင်ပြည်နယ် သံတွဲမြို့ အထက(၂)၌ ၁၉၆၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ၂၀၁၆ ခုနှစ် မေလ ၁ရက်တွင် ပူဇော်ကန်တော့ပွဲ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများအနေဖြင့် အဆက်အသွယ်ပြုလုပ်ပေးကြပါရန် ရိုသေလေးစားစွာပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - မောင်ခင်မြင့် (သံတွဲ) ၀၉-၄၄၀၀၂၈၄၂၆**
**မောင်ကြည်မွန်(သံတွဲ) ၀၉-၄၂၁၇၅၄၄၃၉**
**မောင်မောင်မြင့် (ရန်ကုန်) ၀၉-၇၃၀၇၃၄၄၇**

**မီး သ တိ ပြု**

ASIA KING အမှတ်-၄၁၂(မြေညီ)၊ ဗညားဒလလမ်း၊ တာမွေ (ရိုင်းရေအိုးဝင်မှတ်တိုင်)
သင်္ကြန်ခရီးစဉ်များ Apr 11,12,17,22 ထွက်မည်။ ✤ 09-43114301, 09-420221257
✤ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်း Guest 100000/Hotel 160000
✤ပုဂံ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် Guest 100000/Hotel 160000
✤ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ Hotel 100000 ရွှေစက်တော်ပါ Guest 100000/Hotel 160000
✤ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး Guest 130000/Hotel 180000
✤မန္တလေး၊ စစ်ကိုင်း၊ အလောင်းတော်၊ မုံရွာ၊ ကျောက်စိမ်း Guest 100000/Hotel 160000
✤မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်၊ ကျောက်စိမ်း၊ ရွှေဘိုင် Guest 100000/Hotel 160000
✤တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း၊ ကက္ကူ Guest 90000 –လွိုင်ကော်ပါ Guest 120000
ခရီးစဉ်အားလုံး Fully Air-con Bus ✤ အိမ်အရောက်လက်မှတ်ပို့ ✤ တစ်သင့်သွားပြီး ✤ Hotel/Guest အဆင့်မြင့်ခရီးစဉ်

**ဆရာဝန်/သူနာပြု/အကူသူနာပြု ခေါ်ယူခြင်း**
ပျဉ်းမနားမြို့၊ သံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်နေသော ဆရာဝန်(၁)ဦး၊ သူနာပြု(၂)ဦး၊ အကူသူနာပြု(၂)ဦး နေရာကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ညနေ ၅ နာရီ နောက်ဆုံးလျှောက်ထားနိုင်ပါသည်။ အသေးစိတ်ကို အောက်ပါဖုန်း၊ ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ဖတ်ရှုစုံစမ်းနိုင်ပါသည်။
ဥက္ကဋ္ဌ
သံဃာ့ဆေးရုံ
နေပြည်တော် ပျဉ်းမနား၊
ဖုန်း၀၆၇-၂၁၁၃၄၊ ၀၉-၇၉၇၉၃၆၀၇၇
**https:/www.facebook.com/**
**Sangha Hospital-515399965227577/?refsetting**

GOLDEN STAR ခရီးသွားလုပ်ငန်း
• ကျိုက်ထီးရိုး(နေ့စဉ်)
• ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**ပြင်ဆင်ဖတ်ရှုပါရန်**
၉-၃-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာ-၂၄၊ကော်လံ(၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ဆိုင်းညွန့်(၁၂/လမတ (နိုင်)၀၂၃၃၃၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**
**မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ R.S.E. Part I စာမေးပွဲကျင်းပမည့်ရက် ကြေညာချက်**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက R.S.E.Part I အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၂၀၁၆ ခုနှစ်၊ ဇွန်လ(၂၆)ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်နှင့် မြန်မာနိုင်ငံ MES ရုံးခွဲများရှိရာ ဒေသအသီးသီးတွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ရှိသူများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။
(၁) B.E ဘွဲ့ရများ၊(၂) B.Tech ဘွဲ့ရပြီး လုပ်သက် (၁၀)နှစ်အထက်ရှိသူများ ၊ (၃) A.G.T.I လက်မှတ်ရပြီး လုပ်သက် (၁၂)နှစ်အထက်ရှိသူများ ၊(၄) ယခင် R.S.E. Part I စာမေးပွဲမအောင်မြင်သူများ

စာစစ်ဌာနများကို အောက်ပါအတိုင်း သတ်မှတ်ပေးထားပါသည်။
ရန်ကုန်၊မန္တလေး၊တောင်ကြီး၊ပြည်၊နေပြည်တော်၊ မုံရွာ၊မော်လမြိုင်၊ မကွေး၊ပုသိမ်၊ လားရှိုး၊စစ်တွေ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ (ဖြေဆိုသူဦးရေ ၅၀ ဦးအောက် လျော့နည်းသော စာစစ်ဌာနများကို နီးစပ်ရာ စာစစ်ဌာနနှင့် ပူးတွဲ သတ်မှတ်ပေးပါမည်)

စာမေးပွဲဖြေဆိုခွင့်ရှိသူများသည် စာမေးပွဲလျှောက်လွှာပုံစံ ရေးသွင်း၍ စာမေးပွဲကြေး ကျပ်၃၀၀၀၀/– (ကျပ်သုံးသောင်းတိတိ)ကို KBZ Bank (စိန့်ဂျွန်းဘဏ်ခွဲ) ငွေစာရင်းအမှတ် 235-304-23500040001 သို့ပေးသွင်းပြီး ငွေသွင်းချလံမိတ္တူ၊ R.S.E. စာရင်းသွင်းချလံမိတ္တူ (R.S.E. လျှောက်ထားပြီးသူများသာ)၊ဓါတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊မှတ်ပုံတင်မိတ္တူတို့ ပူးတွဲလျက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးနှင့် သက်ဆိုင်ရာ MES ရုံးခွဲများသို့ (၃၁-၅-၂၀၁၆) (အင်္ဂါနေ့) မတိုင်မီ လျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703275
Website : www.myanmarenge.org
E.mail : menge.headquarters@myanmarenge.org

**ကန့်ကွက်နိုင်ပါကြောင်း**
မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇. စ၊ ကျီတော်ကုန်း)၊ မြေကွက်အမှတ်(၅+၆)၊ ဧရိယာ(၀. ၅၆၀)ဧကရှိ မြေကွက်အား ဦးလှမောင်သိန်းမှ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးချထားခွင့်ပြုပေးပါရန် တင်ပြလာသဖြင့် လျှောက်ထားမြေကွက်သည် မူလက ဒေါ်အေးအမည်ဖြင့် DORP No.၁၈၆+၁၈၈/၉၅-၉၆ အရ (၁-၃-၁၉၉၆)မှ (၂၉-၂-၂၀၁၁)ထိ (၁၅)နှစ်ဂရန်ရရှိထားပြီးဖြစ်ပါကြောင်း အဆိုပါ မြေကွက်အား ဦးလှမောင်သိန်းမှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ကာ မြေကွက်အား အပြီးအပိုင်ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်း မူရင်းများတင်ပြကာ မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ
သတင်း ; 01 - 242424, 389207, 09 9772 04248.
ကြော်ငြာ ; 09 4211 07770, 09 517 6835.
ဖြန့်ချိရေး ; 09 4211 18327.
website ; http//www.thevoicemyanmar.com

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ရှက်တတ်သူများ အလိုရှိသည်

ဆူဒိုနင်

**ဇာတ်လမ်းအစ**

ပါရဂူဘွဲ့အတုများအကြောင်း သောင်းပြောင်း ဝေစီလာချိန်မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် (၁၈၂၁ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့) ဂါးဒီးယန်းဗြိတိသျှ နေ့စဉ်သတင်းစာကြီးထဲက သတင်းတစ်ပုဒ်ကို စာအုပ်မျက်နှာစာမှာ တွေ့လိုက်ရပါတယ်။ သတင်းက ပါရဂူဘွဲ့စာတမ်းမှာ ကူးချထားတာတွေ ပါရှိနေတယ်လို့ အစွပ်စွဲခံရတဲ့အတွက် ဂျာမဏီနိုင်ငံ အာဏာရပါတီရဲ့ ပညာရေးဝန်ကြီး ရာထူးက နှုတ်ထွက်သွားတဲ့ သတင်းပါ။

အဲဒီ အာဏာရ ပါတီကပဲ၊ ၂၀၁၁ ခုနှစ်တုန်းက အလားတူ ပါရဂူဘွဲ့စာတမ်းမှာ ကူးချထားတာတွေ ပါတယ်ဆိုတဲ့ စွဲချက်ကြောင့်ပဲ ကာကွယ်ရေးဝန်ကြီး နှုတ်ထွက်ခဲ့ရဖူးတာလည်း အဲဒီသတင်းထဲမှာ ပါနေပြန်ပါတယ်။ (အသေးစိတ်ကို http://goo.gl/aK9dvM rSm ဖတ်နိုင်ပါတယ်။)

အဲဒီသတင်းကို ဖတ်ပြီး ရာထူးမှ နှုတ်ထွက်ခြင်းအကြောင်းကို စိတ်ဝင်စားလာခဲ့မိပါတယ်။

**ငါတို့ ဗမာပြည်မယ်**

ကျွန်တော်တို့ လူဖြစ်တဲ့ ဘဝမှာတော့ ပြည်တွင်းအစိုးရအဖွဲ့ဝင်တွေဆီက နှုတ်ထွက်ပါတယ်ဆိုတဲ့စကားကို မကြားဖူးတော့ မြန်မာအဘိဓာန်မှာတောင် "နှုတ်ထွက်"ဆိုတဲ့ ဝေါဟာရက မရှိတော့ဘူးလားတောင် အောက်မေ့မိရပါတယ်။ ကျွန်တော်တို့ လူမဖြစ်သေးခင် နိုင်ငံရေးအစိုးရ (၁၉၄၈-၁၉၆၂) အထိတော့ ရှိခဲ့ဖူးလေသပေါ့။

၁၉၆၂ ခုနှစ်နောက်ပိုင်းမှသည် အခု ၂၀၁၆ ခုနှစ်အထိတော့ အဲလို ရာထူးက နှုတ်ထွက်သူရယ်လို့ တစ်ယောက်ဆို တစ်ယောက်မှ မရှိပါဘူး။ "တာဝန်မှ အနားယူခွင့်ပြုလိုက်သည်" ဆိုတာမျိုးနဲ့ အာဏာရှင် ရာဇမာန်ရှလို့ လှုလှုပပလေး ဖြုတ်ပစ်တာတွေပဲ တသီတတန်းကြီး တွေ့ခဲ့ဖူးပါတယ်။

**နှုတ်ထွက်တယ်ဆိုတာနဲ့ ထင်ရှားတဲ့ သာဓကတွေ**

"နှုတ်ထွက်"ဆိုတာ မြန်မာအဘိဓာန်က ပျောက်သလို ဖြစ်နေတာမို့ ကျွန်တော်ကပဲ မနေနိုင် မထိုင်နိုင် လျှာရှည်ပြီး အနက်ဖွင့်ပေးချင်ပါတယ်။ နှုတ်ထွက်တယ်ဆိုတာ မိမိရာထူးကို တရားဝင် စွန့်လွှတ်ပေးတာပါ။ ရွေးကောက်တင်မြှောက်ခံရသူကလည်း နှုတ်ထွက်နိုင်သလို ခန့်ထားခံရသူကလည်း နှုတ်ထွက်နိုင်ပါတယ်။ အလုပ်ပြုတ်တာ၊ အလုပ်က ထုတ်ပစ်တာနဲ့ မတူပါဘူး။ ကာယကံရှင်ကိုယ်တိုင်က "ကိုယ့်သဘောနဲ့ကိုယ်" ဆုံးဖြတ်ဆောင်ရွက်တာမျိုးဖြစ်ပါတယ်။

ကိုယ့်သဘောနဲ့ ကိုယ်လို့ ဆိုပေမယ့် ပြင်ပဖိအားတွေကြောင့်လည်း ပါပါတယ်။ ကမ္ဘာမှာ အထင်ရှားဆုံးနမူနာကတော့ ၁၉၇၄ ခုနှစ် ဩဂုတ်လမှာ ရာထူးက နှုတ်ထွက်သွားတဲ့ အမေရိကန် သမ္မတ ရစ်ချာ့(ဒ်) နစ္စဆင်(န်)ပါပဲ။ ဝါးထားဂိတ်(ထ်) အရှုပ်တော်ပုံကြောင့် သူ့ကို အထက်လွှတ်တော်က စွဲချက်တင်တော့မယ်ဆိုတာ သေချာသလောက် ရှိနေချိန်မှာ နှုတ်ထွက်သွားတာပါပဲ။

နှုတ်ထွက်တာကို နိုင်ငံရေး ကစားကွက်အနေနဲ့လည်း သုံးတတ်ကြပြန်တယ်။ မြန်မာနိုင်ငံရဲ့ ပါလီမန် အစိုးရ ဦးနုလက်ထက်မှာ အဲဒါမျိုးတွေ လုပ်ခဲ့ကြဖူးတယ်။ ကနေ့ခေတ်မှာတော့ ၂၀၀၅ ခုနှစ် ဇူလိုင်လမှာ ဖိလစ်ပိုင်နိုင်ငံက ဝန်ကြီး ဆယ်ယောက် အစုလိုက် အပြုံလိုက် နှုတ်ထွက်ခြင်းအားဖြင့် အဲတုန်းက ဖိလစ်ပိုင် သမ္မတ အာရိုယိုကိုပါ နှုတ်ထွက်ဖို့ ဖိအားပေးခဲ့ကြပါသေးတယ်။ ရွေးကောက်ပွဲမသမာမှုတွေ ကျူးလွန်ခဲ့တယ်ဆိုတဲ့ စွဲချက်ကြောင့်ပါ။ ဒါပေမယ့် အာရိုယိုကတော့ နှုတ်မထွက်ဘဲ တင်းခံခဲ့ဖူးပါတယ်။

အလားတူပဲ ထင်ရှားတဲ့ နောက်ထပ် နှုတ်ထွက်မှုကတော့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်(လ်)(ဒ်) ရမ်း(ဇ်) ဖဲ့(လ်)(ဒ်)ရဲ့ နှုတ်ထွက်မှုပါပဲ။ ၂၀၀၄ ခုနှစ် မေလမှာ အဘူဂါရစ်(ဘ်)အကျဉ်းထောင်အတွင်း အကျဉ်းသားများကို နှိပ်စက်ညှဉ်းပမ်းမှု အရှုပ်တော်ပုံကြောင့် သူက "သည်ဖြစ်ရပ်တွေဟာ ကျွန်တော် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူထားခိုက်မှာ ဖြစ်ခဲ့တာပါ၊ ဒါ့ကြောင့် ကျွန်တော် တာဝန်ခံပါတယ်"လို့ ပြောကြားပြီး နှုတ်ထွက်စာ တင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်က သမ္မတ ဘွတ်(ရှ်)က သူ့နှုတ်ထွက်လွှာကို လက်မခံခဲ့တဲ့အတွက် နှုတ်ထွက်ခွင့်မရခဲ့ပါဘူး။ ဘွတ်(ရှ်)က သူ့သမ္မတ သက်တမ်းမှာ ရမ်း(ဇ်)ဖဲ့(လ်)(ဒ်)ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ထားသွားမယ်လို့ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှာ ပြောခဲ့တယ်။ နိုဝင်ဘာ ၆ ရက်နေ့စွဲနဲ့ ရမ်း(ဇ်)ဖဲ့(လ်)(ဒ်)က နှုတ်ထွက်စာ ဒုတိယအကြိမ် တင်ပြန်တယ်။ ဘွတ်(ရှ်)က နောက်တရက်၊ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲနေ့မှာ အဲဒီစာကို ဖတ်ရတယ်။ ၈ ရက်နေ့မှာ နှုတ်ထွက်ခွင့် ပေးခဲ့ပါတယ်။

နိုင်ငံရေး နယ်ပယ်မှာသာမကဘဲ ပညာရေးနယ်ပယ်၊ စာနယ်ဇင်းလောက၊ တခြားဝန်ထမ်းလောကတွေမှာလည်း နှုတ်ထွက်တာတွေ ရှိပါတယ်။ အဲဒီထဲက ထင်ရှားတဲ့ အမှုတမှုကတော့ ကမ္ဘာကျော် ဟားဗာ့(ဒ်) တက္ကသိုလ်ရဲ့ ၂၇ ယောက်မြောက် ဥက္ကဋ္ဌ လောရဲ့(န်)(စ်) ဆမ္မား(ဇ်)တစ်ယောက် ၂၀၀၆ ခုနှစ်မှာ နှုတ်ထွက်ရခြင်းပါပဲ။ ဖြစ်ပုံက အင်ဂျင်နီယာဘာသာရပ်နဲ့ သိပ္ပံဘာသာရပ် အဆင့်မြင့်သင်တန်းတွေမှာ အမျိုးသမီးတွေ နည်းနေခြင်းဟာ အမျိုးသမီးတွေရဲ့ မွေးရာပါ အရည်အချင်း (ညံ့ဖျင်းမှု)ကြောင့်ဖြစ်တယ်လို့ သူက ပြောခဲ့မိတဲ့ အတွက်ကြောင့် ပွက်လောရိုက်ကုန်လို့ပါပဲ။

**အာရှနမူနာတချို့**

၂၀၁၄ ခုနှစ် ဧပြီလမှာ တောင်ကိုးရီးယား ဝန်ကြီးချုပ် နှုတ်ထွက်မှုက ထင်ရှားလှပါတယ်။ လူပေါင်း ၃၀၀ ကျော် သေကျေ ပျောက်ဆုံးသွားခဲ့တဲ့ ကူးတို့သင်္ဘော နစ်မြုပ်မှုအတွက် သူက တာဝန်ခံပြီး နှုတ်ထွက်ခဲ့တာလည်း ဖြစ်ပါတယ်။ တကယ်တော့ တောင်ကိုးရီးယားနိုင်ငံက သမ္မတစနစ်နဲ့မို့ တကယ်တာဝန်ခံရမယ့်သူက သမ္မတသာ ဖြစ်ပါတယ်။ သမ္မတကသာ အုပ်ချုပ်မှုအာဏာကို အပြည့်ယူထားတာကိုး။ အဲတော့ ကြားချောင်က ဝန်ကြီးချုပ် နှုတ်ထွက်ခြင်းဟာ ဟန်ပြသဘော ပိုဆောင်တယ်လို့လည်း အဝေဖန်ခံခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူထုအတွက်၊ ကျန်ရစ်သူ မိသားစုများအတွက်တော့ တနည်းတဖုံ စိတ်အထာကျစရာ ဖြစ်သွားခဲ့တာလည်း အမှန်ပါပဲ။

တနှစ်ပဲ ကြာလိုက်တယ်။ ၂၀၁၅ ဧပြီလမှာလည်း နောက်ထပ် တောင်ကိုးရီးယား ဝန်ကြီးချုပ် လီဝမ်ကူးတစ်ယောက် နှုတ်ထွက်ရပြန်တယ်။ သူကကျတော့ လာဘ်ယူခဲ့တယ်လို့ စွပ်စွဲခံရတဲ့အတွက် ရာထူးမှာ နှစ်လကျော်လေးပဲ နေလိုက် ရပြီးတဲ့နောက် နှုတ်ထွက်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ လွန်ခဲ့တဲ့ လေးလလောက်က လွှတ်တော်ဥက္ကဋ္ဌ နှုတ်ထွက်ခဲ့ဖူးပါတယ်။ မိုင်းလုပ်ငန်းရှင်တွေဆီက ငွေညှစ်တယ်ဆိုတဲ့ သတင်းထွက်လာတဲ့အတွက်ပါ။

၂၀၁၄ ခုနှစ် မေလတုန်းကလည်းပဲ အင်ဒိုနီးရှား သာသနာရေး ဝန်ကြီး သူရိယဓမ္မ အလီလည်း နှုတ်ထွက်ခဲ့ရပါတယ်။ သူကတော့ မက္ကာကို ဟဇ့(ဂ်ျ) သွားဖို့ ထားထားတဲ့ ဘဏ္ဍာငွေတွေကို အလွဲသုံးစားလုပ်တယ်ဆိုတဲ့ စွဲချက်ကြောင့် နှုတ်ထွက်ခဲ့တာပါ။

၂၀၁၄ စက်တင်ဘာမှာကျတော့ စွမ်းအင်ဝန်ကြီး ဂျီရို ဝါဆစ်(ခ်)လည်း အဂတိလိုက်စားမှုကြောင့် နှုတ်ထွက်ခဲ့ပါသေးတယ်။

ဒါတွေက သည်ဆောင်းပါးရေးမယ်ဆိုတော့မှ လျှပ်တပြက် ရှာကြည့်လိုက်တာ ဖြစ်ပါတယ်။ ထပ်ရှာရင် အများကြီး တွေ့လာပါဦးမယ်။

**နှုတ်ထွက်ခြင်းရဲ့ နောက်ကွယ်က သဘောထားများ**

ကိုယ့်တာဝန် ကိုယ်သိသူ၊ တာဝန်ခံရဲသူတွေဟာ ရာထူးက နှုတ်ထွက်ဖို့ ဝန်မလေးကြဘူးလို့ သုံးသပ်မိပါတယ်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးနဲ့ ကိုရီးယားကူးတို့သင်္ဘောမှောက်တဲ့ ဖြစ်ရပ်ကြောင့် နှုတ်ထွက်ခဲ့တဲ့ ဝန်ကြီးချုပ်တို့က သည်အချက်ကို ပြသွားခဲ့ပါတယ်။

နောက်တစ်ချက်က ရှက်တတ်သူတွေဟာ နှုတ်ထွက်တတ်ကြတယ်လို့ မြင်ပါတယ်။ ပထမဆုံးနမူနာထဲက ဂျာမန်ဝန်ကြီးနှစ်ယောက်ဟာ သူတို့ရဲ့ ပါရဂူစာတမ်းတွေမှာ ကူးချထားတယ်လို့ စွပ်စွဲခံရတာနဲ့ နှုတ်ထွက်ခဲ့တာဟာ သူတို့ရဲ့ လူ့သိက္ခာ၊ လူ့မာနကို ထိပါးလို့၊ တစ်နည်းပြောရင် ရှက်လို့ နှုတ်ထွက်သွားကြတာ ထင်ရှားပါတယ်။

တချို့နှုတ်ထွက်သူတွေက လူလည်လုပ်ပြီး နှုတ်ထွက်တာပါ။ အမေရိကန် သမ္မတရဲ့ ၁၉၇၄ ခုက နှုတ်ထွက်မှု၊ လာဘ်စားမှုနဲ့ ပတ်သက်သူများ နှုတ်ထွက်ခြင်းအများအပြားဟာ အရေးယူခံရမယ့် အရေးကို ရှောင်လွှဲဖို့ နှုတ်ထွက်ခဲ့တာတွေ့ရသလိုပါပဲ။ သို့ပေမယ့် တချို့တွေမှာတော့ ရှောင်မရဘဲ အရေးယူခံရတာတွေလည်း ရှိပါတယ်။ ဖိလစ်ပိုင်သမ္မတ အာရိုယိုက နှုတ်မထွက်ဘဲ တင်းခံခဲ့ပေမယ့် နောက်ပိုင်းကျမှ အရေးယူခံရပါသေးတယ်။ နေမကောင်းတဲ့ ကြားကတောင် ဆေးရုံမှာ အချုပ်ခံရတဲ့အထိပါပဲ။

**မျက်နှာပြောင်တာ ဒို့ဗမာ**

၁၉၆၂ ခုနှစ် နောက်ပိုင်းကနေ ယနေ့အထိတော့ တိုင်းပြည်မှာ ဘာဖြစ်ဖြစ်၊ ဘယ်လိုပဲ လွဲချော်လွဲချော်၊ လူထုမှာ ဘယ်လိုပဲ နစ်နာ နစ်နာ၊ တာဝန်ရှိသူတွေဟာ သူတို့ရာထူးနေရာတွေဟာ ဘိုးဘွားပိုင်များ ဖြစ်နေဘိသကဲ့သို့ မျက်နှာခပ်ပြောင်ပြောင်နဲ့ ဆက်ထိုင်နေခဲ့ကြတာ အားလုံးအသိပါပဲ။ သူတို့ရဲ့ အထက်ဆရာကြီးများ ရာဇမာန်ရှတော့မှသာ နေရာက ဖယ်ပေးကြရမယ်လို့ အားလုံးရဲ့ ရင်ထဲမှာ စွဲနေကြပုံပါပဲ။

တစ်နည်းပြောရရင်တော့ တာဝန်မခံ၊ တာဝန်မယူတဲ့ အစဉ်အလာ၊ မျက်နှာပြောင်တိုက်တဲ့အစဉ်အလာဟာ ကျွန်တော်တို့ ချစ်သော မြန်မာနိုင်ငံကြီးမှာ အရိုးစွဲသလို တည်နေခဲ့တာ ၅၄ နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။

**"ပြောင်းလဲချိန် တကယ်တန်နေပါပြီ"**

အခုတော့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့အတူ လူထုကြီး တရပ်လုံးက တစ်ခဲနက် ရွေးကောက်တင်မြှောက်လိုက်တဲ့ လူထုကို ကိုယ်စားပြုတဲ့ အစိုးရတော့ ပေါ်ပေါက်လာခဲ့ပါပြီ။

လူထုက အစိုးရသစ်အပေါ် အစွမ်းကုန် မျှော်လင့်ထားကြတာလည်း အားလုံးအသိပါ။ သို့သော် ၅၄ နှစ်တာ ပျက်ချင်တိုင်း ပျက်သွားခဲ့တဲ့ စနစ်တွေ၊ ထုံးဓလေ့တွေ၊ အစဉ်အလာတွေနဲ့တကွ အဖက်ဖက်က ယိုယွင်းပျက်စီးမှုတွေကို အချိန်တိုအတွင်းမှာ ဘယ်လိုမှ ကုစားပေးနိုင်မှာ မဟုတ်ပါဘူး။ အစိုးရဆိုတာ တန်ခိုးရှင်မှ မဟုတ်တာလေ။

သို့ပေမယ့် တာဝန်သိ၊ တာဝန်ခံ၊ တာဝန်ယူတဲ့ အစဉ်အလာကောင်းတခုကို နိုင်ငံတွင်းမှာ စတင် ပျိုးထောင် မွေးမြူသွားလိမ့်မယ်လို့လောက်တော့ မျှော်လင့်နေမယ်ဆိုရင်တော့ မလွန်လောက်ဘူးထင်ပါတယ်။

တစ်နည်းပြောရင်တော့ လူ့သိက္ခာ၊ လူ့မာနရှိသူတွေ၊ ရှက်တတ်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရဖြစ်ပါစေလို့တောင်းဆု ပဏ္ဏာ ချွေနေမိပါကြောင်း မရဲတရဲနဲ့ ဇွတ်မှိတ်ပြောလိုက်ရပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားလိမ့်မယ်လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။ ။

> ၁၉၆၂ ခုနှစ် နောက်ပိုင်းကနေ ယနေ့အထိတော့ တိုင်းပြည်မှာ ဘာဖြစ်ဖြစ်၊ ဘယ်လိုပဲ လွဲချော်လွဲချော်၊ လူထုမှာ ဘယ်လိုပဲ နစ်နာ နစ်နာ၊ တာဝန်ရှိသူတွေဟာ သူတို့ရာထူးနေရာတွေဟာ ဘိုးဘွားပိုင်များ ဖြစ်နေဘိသကဲ့သို့ မျက်နှာခပ်ပြောင်ပြောင်နဲ့ ဆက်ထိုင်နေခဲ့ကြတာ အားလုံးအသိပါပဲ။ သူတို့ရဲ့ အထက်ဆရာကြီးများ ရာဇမာန်ရှတော့မှသာ နေရာက ဖယ်ပေးကြရမယ်လို့ အားလုံးရဲ့ ရင်ထဲမှာ စွဲနေကြပုံပါပဲ။
>
> တစ်နည်းပြောရရင်တော့ တာဝန်မခံ၊ တာဝန်မယူတဲ့ အစဉ်အလာ၊ မျက်နှာပြောင်တိုက်တဲ့အစဉ်အလာဟာ ကျွန်တော်တို့ချစ်သော မြန်မာနိုင်ငံကြီးမှာ အရိုးစွဲသလို တည်နေခဲ့တာ ၅၄ နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။

ဆောင်းပါး

# ဖြစ်ပျက်ပြောင်းလဲ အဟောင်းချုပ်ကာ နှစ်သစ်ကိုကြိုဆိုကြမည်

**à** ဒေါက်တာမောင်မြေ

ခြေခင်းလက်ခင်းသာယာသော နွေဦးအခါကာလရာသီ မြစ်ပြင်တွင် သဲသောင်ထွန်းစ တပေါင်းတန်ခူးလသည် ရွက်နုဝေကာ တန်ခူးလေနှင့်အတူ တူးပို့တူးပို့သံတို့ဖြင့် နှစ်သစ်ကို ကြိုဆိုကြတော့မည်။

"မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေးခြေတံရှည်၊ မိုးကုတ်အောင်မှာတည်၊ ကြာနီတစ်ပွင့်၊ ဖြူတစ်ပွင့်၊ တဲနှင့်ပနံတင့်"ဟူ၍ ဆရာမင်းသုဝဏ်က အောက်ပြည်ရွာဇာတိသားပီသစွာဖြင့် ထိုသို့ရေးစပ်ခဲ့သည်။ အညာစာဆိုစာရှင် ဦးကြင်ဥကမူ ဖြူဖြူဖွေးဖွေး သဲသောင်ပြင်နှင့် နီးစပ်သည့်အလျောက် 'ငွေသောင်ခုံခင်း၊ ယမှုန်တွင်းမှာ၊ ငါးကြင်းညာဆန်၊ လေချိုလျောက်လို့၊ တံ့ခေါက်ကယ်ပြန်လည်၊ ဥန်ကျန်ဟေမ ယွန်းတော့တယ်" ဟု စပ်ဆိုခဲ့ကြသည်။

စာဆိုရှင် ဦးကြင်ဥသည် "သဲသောင်ကလည်း ဖြူဖွေးဖွေး၊ မြစ်ရေတိုက်ပါသေး၊ ငါးကြင်းလေးတွေ ထက်ကိုဆန်၊ လေချိုတိုက်ခတ်ပြန်၊ လူးလာဆန်ခတ် ကူးခါပြေး၊ နွေဦးပေါက်ပြီလေး" ဟု ကာရံညှိကာ နွေဦးကာလ တပေါင်းတန်ခူးကဗျာလေးများဖြင့် ပြည့်စုံသော ရာသီဖြစ်ခဲ့သည်။

"လေဟာဘယ်ကတိုက်လာပြီး ဘယ်သွားမယ်မသိဘူး။ လူတွေဟာလည်း ဘယ်ကလာပြီး သေတော့ဘယ်သွားမယ်မသိဘူး။ တစ်ခုတော့ သေချာတယ်။ မြေကြီးက မြေအိုးဖြစ်ပြီး မြေအိုးကွဲတော့ မြေကြီးကို ပြန်မှာပဲ"ဟု ပါရှန်းကဗျာဆရာကြီး 'အိုမာခယမ်' က ဖတ်ချင်စရာ ကဗျာကိုစပ်ဆိုကာ ပျော်ရွှင်မှုပြုခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးအသိအမှတ်ပြုသော အိန္ဒိယပြည်မြောက်ပိုင်းရှိ ကပ္ပိလဝတ်ပြည်ကို အစိုးရသော သိဒ္ဓတ္တမင်းသည် အသက် ၂၉ နှစ်အရွယ်သို့ရောက်သောအခါ မိမိ၏အိမ်ထောင်နှင့်တကွ ထီးနန်းစည်းစိမ်ကိုစွန့်၍ တောထွက်ပြီးလျှင် မအိုရာ၊ မနာရာ၊ မသေရာတို့၏ တရားကို ရှာ၏။ ကျင့်၏။ ထို့ကဲ့သို့ရှာခြင်းမှာလည်း လူတို့၏အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုမြင်၍၊ သိ၍ထိတ်လန့်ပြီးလျှင် သေတာရှိလျှင် မသေတာရှိရမည်။ အနာရှိလျှင် ဆေးရှိမည်။ အကောင်းရှိလျှင် အဆိုးရှိရမည်။ အဖိုခတ်ရှိလျှင် အမခတ်ရှိမည်ဟူသော ဆန့်ကျင်ဘက်သဘောတရားများကို အခြေခံထား၍ တရားရှာထွက်ခဲ့၏။

ဤကဲ့သို့ လူ့လောကတွင် အကောင်းစား ခံစားစံစားနေရသော လူ့စည်းစိမ်၊ မင်းစည်းစိမ်တို့ကို လူသာမန်တို့ စွန့်လွှတ်နိုင်ခဲ့၏။ လူထဲက လူထက်ထူးသော မြတ်ဘုရားရှင်ကား လောကကြီးသည် အဆုံးမဲ့ဖြစ်ပျက်နေသော ဖြစ်စဉ်ကြီးတစ်ခုဖြစ်ကြောင်း ဟောကြားတော်မူသည်။ အရာခပ်သိမ်းတို့သည် အမြဲမရှိ ပြောင်းလဲနေကြကုန်၏။ အဆက်မပြတ် တရစပ် ပြုပြင်ပြောင်းလဲလျက်သာနေကြရသည်။

ပြတ်တောက်ခြင်းမရှိတဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပြီးပျက်ရင်း ပြောင်းလဲခြင်းသဘောကို ဆောင်သော ရွေ့လျော့တဲ့ အလျဉ်ကြီးတစ်ခုသာဖြစ်ကြောင်း ဟောတော်မူပါသည်။

အရာခပ်သိမ်းတို့သည် တစ်ခဏစီသာဖြစ်တည်ကြရကုန်သည်။ အရာခပ်သိမ်းတို့သည် ဖြစ်လာလိုက်၊ ပျက်စီးပြောင်းလဲလိုက်နှင့်သာ အလျဉ်မပြတ် တရစပ်ဖောက်ပြန်ပြောင်းလဲနေကြခြင်းဖြစ်သည်။ အရာခပ်သိမ်းတို့သည် မွေးကြ၊ သေကြဖြစ်နေကြရသည်။ ရှင်သန်ခြင်းသဘောကို ဖော်ပြခြင်းမရှိသော ရုပ်ဝတ္ထုတွေသာလျှင် အနိစ္စသဘောအတိုင်း ဖြစ်ပျက်ခြင်း အစဉ်ရှိကြသည်ဟု ဟောကြားတော်မူသည်။

သက်ရှိနှင့် သက်မဲ့ရုပ်တို့သည် အိုမင်းခြင်း၊ ဟောင်းနွမ်းခြင်း အရာဖြစ်စဉ်နှင့် မကင်းကြပါ။ ထာဝရတည်မြဲခြင်းဟူသည်မရှိပါ။ ဖြစ်ပေါ်ခြင်းအစရှိသော တရားအားလုံးတို့သည် ပျက်စီးခြင်းဖြင့် အဆုံးရှိကြကုန်သည်။ အနိစ္စသဘောသည်သာ သစ္စာတရားဖြစ်သကဲ့သို့ သံသရာတွင် အဆုံးသတ်ရန် အတ္တဝါဒကို ခဝါချရမည်ဖြစ်သည်။

နှစ်စဉ် နှစ်ကူးအခါသမယသည် ရွှင်မြူးနှစ်သက်စရာဖြစ်သည်။ သစ်လွင်သော ရက်-လ-နှစ်၏ အချိန်နာရီ ဗီဇနာခယာ စက္ကန့်တို့၏ ပြောင်းလဲခြင်းသည်လည်း အစဉ်ဖြစ်နေသည်။ လူမျိုးတိုင်း နှစ်ဟောင်းမှ နှစ်သစ်ကို ရောက်တိုင်း ပျော်ရွှင်မြူးထူးကြသည်မှာ ဓမ္မတာဖြစ်သည်။ နှစ်ဟောင်း၏ အပြစ်အနာများကို အေးမြသောနှစ်သစ်၌ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် ဆေးကြောကြသည်။ အမှန်အားဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်အခါတွင် ကြည်ရွှင်မြူးထူးအပျော်မကြူးဘဲ သတိသံဝေဂရဖွယ်တို့ဖြင့် ဆင်ခြင်သင့်သည်။ ကမ္ဘာဌာန်းဆရာတို့၏ အဆိုအရ အဟောင်းတို့သည် ဥပါဒ် ဌီ ဘင်အားဖြင့် ကုန်ဆုံးသွားခဲ့သော ကာလဖြစ်သည်။ ဤသို့ဖြင့် ရုပကၡန္ဓာ ၂၈ ပါးရုပ်တရားတို့သည် ဥပါဒ် ဌီ ဘင်အားဖြင့် ခဏငယ်သုံးချက်အရ အဟောင်းတို့ချုပ် အသစ်အသစ်သို့ ဖြစ်ပေါ်၍လာခြင်းဖြစ်သည်။

လူသစ်စိတ်သစ်ဖြစ်ကာ အေးချမ်းစွာနေရခြင်းနှင့်ပတ်သက်၍ မြတ်ဘုရားရှင်ထံ၌ တာဝတိံသာမှ သိကြားမင်းသည်မပျော်မွေ့ခြင်း၊ အဝတ်ပုဆိုးတို့ညစ်နွမ်းခြင်း၊ ပန်ထားသည့်ပန်းများ ညှိုးနွမ်းခြင်း၊ လက်ကတည်းခြားမှ ချွေးယိုခြင်းတို့ကြောင့် သက်တမ်းကုန်ဆုံး၍ စုတိစိတ်ကျမည့် အရိပ်များထင်လာသည်။ 'ချမ်းသာကြောင်း ကောင်းမြတ်သောတရားကို ဟောကြားတော်မူပါဘုရား"ဟူ၍ မြတ်ဘုရားထံပါးသို့ ချဉ်းကပ်ကာ လျှောက်ထားတော်မူလေသည်။

မြတ်ဘုရားရှင်သည် နာညတြဗောဇ္ဈာတပသာ၊ နာည တြိန္ဒြိယသံဝရာ၊ နာညတြသဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိပါဏိနံ၊ ဗောဇ္ဈင်တရားခုနစ်ပါးကို သတိသံဗောဇ္ဈင်၊ ဓမ္မဝိစယသံဗောဇ္ဈင်၊ ဝီရိယသံဗောဇ္ဈင်၊ ပီတိသံဗောဇ္ဈင်၊ ပဿဒ္ဓိသံဗောဇ္ဈင်၊ ဥမဓိသံဗောဇ္ဈ၊ ဥပေက္ခာသံဗောဇ္ဈင်တည်းဟူသော သံဗောဇ္ဈတရားခုနစ်ပါးကို ရှောင်ဖယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါပိုလ်ခြေများဝေနေတို့၏ ချမ်းသာကြောင်းလမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ ဣန္ဒြေခြောက်ပါးခြောက်တံခါးနှင့် လုံးစုံစောင့်ရှောက်ထိန်းသိမ်းခြင်းအမှုကို ရှောင်ပယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါပိုလ်ခြေများဝေနေတို့၏ ချမ်းသာရာချမ်းသာကြောင်း လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြတ်တော်မမူ၊ အလုံးစုံသော ဘုံဘဝ သင်္ခါရတို့ကို စွန့်လွှတ်၊ လွတ်မြောက်နိဗ္ဗာန်ရောက်သည်ကို ရှောင်ပယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါပိုလ်ခြေများဝေနေတို့၏ ချမ်းသာရာချမ်းသာကြောင်း၊ လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ" ဟူ၍ ဟောကြားတော်မူလေ၏။ ဤကဲ့သို့တရားကို နာကြားရသော တာဝတိံသာသိကြားမင်းသည် ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားလေ၏။ ယင်းသို့ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားရသည်ကို မြတ်ဘုရားရှင်နှင့် ကိလေသာကုန်ပြီးသော ရဟန္တာမြတ်တို့မှသာ သိတော်မူကြလေသည်။

မြတ်ဘုရားရှင်၏ ဗောဇ္ဈင်ခုနစ်ပါးနှင့် ဣန္ဒြေခြောက်ပါးတရားမြတ်ကို ဟောကြားလိုက်သောအခါတွင် သိကြားမင်း အသစ်ပြန်လည်ဖြစ်၍ တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တစ်ထောင်လူတို့၏ အရေအတွက်အားဖြင့် သုံးကုဋေ့ခြောက်သန်း အသက်ရှည်၍ နေရပြန်တော့သည်။

## အမှန်အားဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် အခါတွင် ကြည်ရွှင်မြူးထူး အပျော်မကြူးဘဲ . . .

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ရောက်လာမည့် မင်္ဂလာအခါတွင် ဟောကြားအပ်သော နာညတြစသော တရားတို့ကို ရွတ်ဖတ်ပွားများ နာကြားမှတ်သားလိုက်နာပါ။ သိကြားမင်းကဲ့သို့ ကောင်းသောအကျိုးတရားကိုသာလျှင် ခံစားရပေလိမ့်မည်။ တစ်နှစ်တာကုန်ဆုံးခြင်းနှင့် ဘဝခရီး၏ မှတ်တိုင်များ တစ်တိုင်မှတစ်တိုင်သို့ ကူးပြောင်းရောက်ရှိလာခြင်းသာဖြစ်၍ မိမိတို့၏ ခန္ဓာကိုယ်၏အသက်သည်လည်း တစ်နှစ်ထက်တစ်နှစ် ကူးပြောင်းဟောင်းနွမ်းယိုယွင်းကြီးပြင်းလာခဲ့ကြရမည်။

'သုံးပါးအရွယ်၊ အလယ်အဆုံး၊ ရှိမြဲသုံးခြင်း၊ အဝှန်းစဉ်ဆီ၊ သန္တေချိကာ၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်နည်း၊ ရှိန်ရှိန်ငြိမ်း၍၊ အကြီးအရွယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏" အစထားသော ဂမ္ဘီရကဗျာကျမ်းလာ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက ဆုံးမတော်မူခဲ့သည့်အတိုင်း စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်များအဖြစ်သို့ အဆင့်ဆင့်ကူးပြောင်း အိုဟောင်းယိုယွင်းရွေ့လျော့နေသောအချိန်ကာလကို မည်သူမျှ အစိုးမရချေ။ ထိုသို့ ရွေ့လျော့နေသော အချိန်နှင့်အတူ ရုပ်၊ နာမ်၊ ခန္ဓာနှစ်ပါးတို့သည်လည်း ရွေ့လျောလျက်ရှိသည်ကို မမေ့လျော့ဘဲ နှစ်သစ်ကို ကြိုဆိုစေချင်သည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လတ်တလောအချိန်အထိ နွေစပါး ၁၃၆၈၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ မေ ၈**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ဆန်စပါးကို အဓိကထားစိုက်ပျိုးလျက်ရှိရာ နွေစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လတ်တလောအချိန်အထိ နွေစပါး ၁၃၆၈၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်မိုးရာသီက ရေကြီးရေလျှံမှုတွေဖြစ်ပွားကာ မိုးစပါးစိုက်ပျိုးချိန် နောက်ကျတဲ့အတွက် နွေစပါးစိုက်ပျိုးချိန်လည်း နောက်ကျမှုရှိခဲ့သည်။ သက်တမ်းတိုတဲ့ နွေစပါးတွေ စိုက်ပျိုးကြတယ်။ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနရယ်၊ ဆည်မြောင်း၊ မြေစာရင်း၊ စက်မှုလယ်ယာ ညှိနှိုင်းပြီး စိုက်ပျိုးရေးအတွက် ဆည်ရေကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်ကတည်းက စတင်လွှတ်ပြီး နွေစပါးကိုစပြီးစိုက်ကြတယ်။ ဆက်ပြီးလည်း စိုက်ကြတုန်းပါပဲ" ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးဧက ၃၇၂၇၄ စိုက်ပျိုးရန် လျာထားလျက်ရှိရာ နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လတ်တလောအချိန်အထိ တိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်အတွင်းဧက ၇၄၇၉၈၊ စစ်ကိုင်းခရိုင်အတွင်း ၁၀၅၀၇ ဧက၊ မုံရွာခရိုင်အတွင်း ၂၅၁ ဧက၊ ယင်းမာပင်ခရိုင်အတွင်း ၁၂၇၇ ဧက၊ ကသာခရိုင်အတွင်း ၂၅၀၀၄ ဧက၊ ကလေးခရိုင်အတွင်း ၃၃၂၆ ဧက၊ မော်လိုက်ခရိုင်အတွင်း ၁၀၉၂၀ ဧက၊ တမူးခရိုင်အတွင်း ၃၃ ဧကနှင့် ခန္တီးခရိုင်အတွင်း ၁၀၇၃၆ ဧက စုစုပေါင်း ၁၃၆၈၅၂ ဧက စိုက်ပျိုးပြီးဖြစ်ပြီး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ချောက်မြို့နယ်တွင် (၆၈)နှစ်ပြည့်ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ချောက် မေ ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် (၆၈) နှစ်ပြည့်ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားကို မြို့နယ်ကုသရေးဦးစီးဌာန၌ မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ကုသရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှပေးပို့သော ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ထွေ/အုပ်ရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန့်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းဌေး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအေးလွင်၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ရာ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်မှာ 'ကျန်းမာစေသည့် လူနေမှုဘဝ၊ နေ့စဉ်ရွေးချယ်နေထိုင်မှ၊ ဆီးချိုသွေးချိုကင်းဝေးရ' ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

# မလှိုင်မြို့နယ် ကူကြီးကျေးရွာ၌ မိုဘိုင်းစာကြည့်တိုက်နှင့် လူကုန်ကူးမှုအကြောင်းဟောပြော



**မလှိုင် မေ ၈**

အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန် ပညာပေးဟောပြောပွဲနှင့် စာဖတ်ခြင်းအလေ့အထရရှိစေရန် မိုဘိုင်းစာကြည့်တိုက်ကို မေ ၆ ရက်က မလှိုင်မြို့နယ် ကူကြီးကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည် ။

ဟောပြောပွဲတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန်၊ အသိပညာဗဟုသုတပြည့်ဝပြီး အမှားအမှန်ခွဲခြားတတ်စေရန်မှာ လူငယ်များအတွက် အရေးကြီးကြောင်း၊ အသိပညာဗဟုသုတကို စာအုပ်စာပေလေ့လာဖတ်ရှုခြင်းဖြင့်သာ ရရှိနိုင်ကြောင်း၊ ယင်းကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ ကျောင်းစာအပြင် ဗဟုသုတဖြစ်စေမည့် စာအုပ်စာပေများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်စေရန် နယ်လှည့် (မိုဘိုင်း) စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကို ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံ ရွာသူ၊ ရွာသားများနှင့် ကျောင်းသားလူငယ်များအား စာပေဖတ်ရှုနိုင်ရန်အတွက် နယ်လှည့်စာကြည့်တိုက်ကို ညနေ ၃နာရီခွဲအထိ ဖွင့်လှစ်ပေးခဲ့သည်။ စာကြည့်တိုက်အသင်းဝင်လိုသူများကို အသင်းဝင်ကတ်များ အခမဲ့ပြုလုပ်ပေးပြီး သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ်များကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ရေထိန်းနံရံတည်ဆောက်နေမှုကြည့်ရှုစစ်ဆေး



**မြိတ် ဧပြီ ၈**

ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုငွေဖြင့် တတိယနှစ် လူထုဗဟိုပြုစီမံကိန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထော်ကျေးရွာတွင် ရေကာနံရံ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီခွဲက ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေဖြင့် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု လူထုဗဟိုပြုကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများတွင် ပထော်ကျေးရွာတွင် အရှည်ပေ ၇၈၂၊ အမြင့် ၉ ပေ၊ အနံ ၄ ပေခွဲရှိ မြေထိန်းနံရံနှင့် ရေကာနံရံ တည်ဆောက်ခြင်းအတွက် ငွေကျပ် ၃၆၈၁၇၅၀၀ နှင့် လမ်းအဖြစ်အသုံးပြုနိုင်ရန် သဲဖြည့်ခြင်း လုပ်ငန်းအတွက်ငွေကျပ်၉၄၁၂၉၀၀ ဖြင့် မတ် ၁၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မစမ်းပါးကျေးရွာတွင် အရှည် ပေ ၁၅၀၀၊ အနံ ၇ ပေ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအတွက် ခွင့်ပြုငွေကျပ် ၁၅၁၄၄၀၀၀ နှင့် အရှည်ပေ ၁၅၀၀၊ နှစ်လက်မရေပိုက်သွယ်တန်းခြင်း လုပ်ငန်းအတွက် ငွေကျပ် ၇၁၇၈၀၀၀၊ မအိုင်ကျေးရွာတွင် အလျားပေ ၆၀၊ အနံပေ ၃၀ရှိ တစ်ထပ်စာသင်ကျောင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂၂၉၈၃၀၀၀ နှင့် လင်မလိုင်ယ်ကျေးရွာတွင် အလျားပေ ၆၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်စာသင်ကျောင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၂၄၂၆၃၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်း လူထုဗဟိုပြု စီမံကိန်းများကြောင့် ကျေးလက်နေပြည်သူများသည် ကိုယ်တိုင်ဝင် ရောက် စီမံခန့်ခွဲမှုများ လုပ်ကိုင်ရသည့်အတွက်ကြောင့် အသိပညာ၊ အတတ်ပညာများရရှိခြင်းနှင့် မိမိတို့ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်လာစေရေးကို မိမိတို့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်တတ်ပြီး ၂၀၁၅-၂၀၁၆ တတိယနှစ်စီမံကိန်းတွင်လည်း ပြည်သူကိုယ်တိုင်ပါဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီမံကိန်းလုပ်ငန်းများ ထပ်မံဆောင်ရွက်လျက်ရှိပြီး မိမိတို့ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း ဝါဆို၊ ဝါခေါင်လများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်၍ မြေပြိုခြင်းများဖြစ်ပွားလျက်ရှိရာ ယခုအခါ မြေထိန်းနံရံနှင့် ရေကာနံရံ ကျောက်စီးခြင်းလုပ်ငန်းနှင့် လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက ရဟန်းသံဃာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားပြည်သူများ၊ ရွာသူ၊ ရွာသားများ စိတ်အေးချမ်းစွာ သွားလာနိုင်မည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ပထော်ကျေးရွာ စီမံကိန်း အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆိုင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းများကို ကျွန်းစုမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမနှစ်စီမံကိန်းကာလ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒုတိယနှစ်စီမံကိန်းကာလ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယနှစ်စီမံကိန်းကာလ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတုတ္ထနှစ်စီမံကိန်းကာလ လေးနှစ်အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# သင်္ကြန်ကာလတွင် အယ်နီညိုကြောင့် ရေကစားချိန် လျှော့ချမည်

**မိတ္ထီလာ ဧပြီ ၈**

မိတ္ထီလာမြို့ ကျိုတော်ကုန်းရပ်ကွက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် အစဉ်အလာမပျက် ရေကစားမဏ္ဍပ်ဆောက်လုပ်၍ ရေကစားမည်ဖြစ်သော်လည်း ယခုနှစ်တွင် အယ်နီညို အပူဒဏ်ကြောင့် ရေကစားချိန်ကို လျှော့ချကစားသွားမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး ကပြောသည်။

"ဒီနှစ် မဟာသင်္ကြန်ကာလမှာ အစဉ်အလာမပျက် ရေကစားနိုင်ဖို့ ရေကစားမဏ္ဍပ်ဆောက်နေပါပြီ။ ရပ်ကွက်အတွင်းက ဒေသခံပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ မဟာသင်္ကြန် ကာလရေကစားဖို့အတွက် ရေကစားမဏ္ဍပ်ဆောက်ပြီး ရေကစားပေမယ့် ဒီနှစ်တော့ အယ်နီညို အပူဒဏ်ကြောင့် ရေကစားချိန်ကို လျှော့ချကစားသွားစေမှာဖြစ်ပါတယ်။ ပုံမှန်နှစ်တွေမှာတော့ ရေကစားချိန်ကို မနက် ၈ နာရီကနေ မွန်းတည့် ၁၂ နာရီတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီကနေ ညနေ ၆ နာရီ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ်ရေကစားချိန်သတ်မှတ်ထားတယ်။ ဒီနှစ်တော့ မနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီတစ်ကြိမ်နဲ့ ညနေ ၃ နာရီကနေ ညနေ ၆ နာရီအထိ တစ်ကြိမ် ရေကစားစေမှာဖြစ်ပါတယ်။ တစ်နေ့ကို ရေကစားချိန် ၂ နာရီ လောက် လျှော့ချရေကစားစေမှာပါ"ဟု ဦးခင်မောင်ထွေးက ပြောသည်။

မိတ္ထီလာတွင် နှစ်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ၌ ရပ်ကွက်ကျေးရွာများအနှံ့ ရေကစားမဏ္ဍပ်များဆောက်လုပ်ကာ ရေသဘင်ပွဲတော်ကို ဒေသခံပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွဲကြသကဲ့သို့ ယခုနှစ်မဟာသင်္ကြန်ကာလတွင် ရေကစားကြရန်အတွက် ရတနာမာရ်အောင်၊ ကျိုတော်ကုန်း၊ ဝမ်းတော်ပြည့်တိုးချဲ့နှင့် Relax ရေကစားမဏ္ဍပ်များကို ပြင်ဆင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## သတ္တမအကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုအောင်ပွဲကျင်းပ

**ဟိုပင် ဧပြီ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ နန့်ရင်းကျေးရွာ ဇေယျသုခရတနာ ထေရဝါဒ ဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းတိုက်၌ မတ် ၂၉ ရက် နံနက် ၈ နာရီက သတ္တမအကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုအောင်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် သီလရှင်ကျောင်းတိုက် ဆရာလေးဒေါ်ဇယနညာဏီက ကျောင်းသား၊ ကျောင်းသူများအား ငယ်စဉ်ကတည်းက လိမ္မာယဉ်ကျေးပြီး ဗုဒ္ဓဘာသာထွန်းကား ပြန့်ပွားစေရန်နှင့် အခြေခံတရားတော်များ သိရှိနားလည်စေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူ ၂၃၁ ဦးတို့ကို စာစဉ်အလိုက် တစ်လကြာ သင်ကြားပေးခဲ့ပြီး နှစ်စဉ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ဘာသာသာသနာအကျိုးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တိုးတိုးမေ (ဟိုပင်)**




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈/သမိုင်း၊ မြေကွက်အမှတ်-၁၀-ဇ/၁-A၊မြေကွက်တည်နေရာအမှတ်(၁၇)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၇)မိုင်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်သဇင်) အမည်ပေါက် B လ-န၃၉၊ အိမ်ရာမြေသတ်မှတ်မြေအား အမည်ပေါက်ဖြစ်သူ ဒေါ်သဇင်မှာ ၂၇-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဆန်းမောင်[၁၂/ဗဟန(နိုင်)၀၄၈၀၂၁]မှတစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် မေတ္တာသက်သက်ဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်-၆၆၂/၁၉၈၅၊ ၁၈-၇-၁၉၈၅ တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကမ္ဘာ့ဌာန်းရိပ်သာ-လေးထပ်-သိမ်-ဓမ္မာရုံတော်ကြီး ကျောင်းဒကာ ကျောင်းအမ-ခံယူနိုင်ကြပါပြီ**

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရ သရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်တည်ဆောက်သည့် ဝိပဿနာ ကမ္ဘာ့ဌာန်းရိပ်သာ အတွင်း၌ လေးထပ် – သိမ် – ဓမ္မာရုံတော်ကြီးကို တည်ဆောက်လျက်ရှိရာ တစ်ဦးချင်းဖြစ်စေ အများစုပေါင်း ဖြစ်စေ အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်း ကုသိုလ်ယူနိုင် ကြပါပြီ။

၁။ လေးထပ် – သိမ် – ဓမ္မာရုံတော်ကြီး တစ်ကျောင်းလုံး – သိန်း (၁၄၄၀)
၂။ တစ်ထပ်လျှင် – သိန်း (၃၆၀)
၃။ သံဃာဆောင် (၆) ခန်း၊ အခန်းသေး (၁) ခန်းလျှင် သိန်း (၆၀)၊ အခန်းကြီး – သိန်း (၉၀)
၄။ ဘုရား ရွှေပလ္လင်နှင့် ရွှေအစစ်ချ ရုပ်ပွားတော် (၂) စုံ တစ်စုံလျှင် – သိန်း (၄၀)
၅။ ယောဂီများ အတွက် ဆွမ်းစား ကျောင်းသုံး ပရိဘောဂများ – သိန်း (၄၀)

**ဆက်သွယ်ရန်**

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း ၀၉–၇၈၁၇၈၇၇ ၉၆၉ ၊ ၀၉– ၇၀ ၇၀ ၈၇ ၉၆၉ ၊ ၀၉– ၂၁ ၁၀ ၁၀၅ ၊ ၀၉ – ၇၁၇ ၆၆၆၆ ၇၀

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၁၊ မြေကွက်အမှတ်-၃၃၉၊ မြေကွက်တည်နေရာအမှတ်(၃၃၉)၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဦးဇော်ဝင်း အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးဇော်ဝင်း [၁၂/ဒဂန(နိုင်)၀၁၁၄၃၀]ထံမှအထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၄၁၅၄၊ (၃၀-၃-၁၅)ဖြင့်ရသူ ဦးမြင့်လွင်[၈/ပခက(နိုင်)၀၀၆၃၅၁]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/5296 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အများသိစေရန်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်-၆၁-A4၊ ပန်းလှိုင်လမ်းနေ ဦးမြင့်စိုး[၁၂/ကမတ(နိုင်)၀၀၅၆၇၀]၏ ဇနီးဖြစ်သူ နော်မော်လီ[၁၂/ကမတ(နိုင်)၀၀၅၆၇၁]သည် ခင်ပွန်းဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်သည့်အတွက် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်စိုးနှင့်မိသားစု**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)မာန်ပြေ၊ မြေကွက်အမှတ် ၄၉၀(ခ)မြေကွက်တည်နေရာ အမှတ်(၇၆)၊ မြင်တော်သာလမ်း၊ ၃ မာန်ပြေ၊ သာကေတမြို့နယ်၊ ဦးအုန်းမြင့်လှိုင် [၉/ခအဇ(နိုင်)၀၀၅၁၅၀] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းများတင်ပြ၍ ဒေါ်မြင့်မြင့်အေး [၉/မရမ(နိုင်)၀၄၉၀၂၀]အမည်ပြောင်းလျှောက်ထားနိုင်ရန် မြေပုံကူးလျှောက်ထား လာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ဖုန်းထဲမှာ ငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းနေပြီလား . . . ?
၈၀၀ ကျပ် ချေးယူလို့ရမယ့် MPT ရဲ့ ယူထား ဝန်ဆောင်မှုရှိတယ်နော်
ယူထား
၈၀၀ ကျပ်
ယူထား ရယူရန် *800# ကို ဖုန်းခေါ်ဆိုပါ (သို့)
1332 သို့ 800 ဟု စာတို ပေးပို့ပါ
အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရုံဖြင့် MPT ၏ ယူထား ဝန်ဆောင်မှုကို ရယူနိုင်ပါပြီ။
• MPT ၏ Prepaid စနစ် GSM/WCDMA အသုံးပြုသူများ ဖြစ်ရပါမည်။
• ဖုန်းငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းသူ ဖြစ်ရပါမည်။
• လွန်ခဲ့သော (၆) လ အတွင်း အနည်းဆုံးတစ်ကြိမ်ဖုန်းငွေဖြည့်ထားသူ ဖြစ်ရပါမည်။
• နောက်ထပ်တစ်ကြိမ် ထပ်မံ ချေးယူလိုပါက ပထမအကြိမ် ယူထား ငွေကို ပေးဆပ်ပြီး ဖြစ်ရပါမည်။
ယူထား ဝန်ဆောင်မှုကို ရက် (၃၀) အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ဖုန်းဘေလ် လွှဲပြောင်းပေးခြင်း (Balance Transfer) မှလွဲ၍ MPT ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။
ယူထား ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ (၅၀) ကျပ်သာ ကျသင့်မည် ဖြစ်ပါသည်။
*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## ကြော်ငြာ

### ရွှေတိဂုံစေတီတော်
### ရုပ်ပွား၊ စေတီများ၊ ရွှေသက်န်းကပ်လှူရန် ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ စေတီ၊ ရုပ်ပွားတော်များ၊ မျက်ပါးရွှေသက်န်းကပ်လှူခြင်းကို (၄)နှစ်လျှင်တစ်ကြိမ် မွမ်းမံကပ်လှူလျက်ရှိရာ ရင်ပြင်တော်ပေါ်ရှိ မြေစိုက်စေတီများ၊ ဆီမီးခုံစေတီရံများ၊ အာရုံခံ(၄)ဖက်အတွင်းရှိ ရုပ်ပွားတော်များ၊ တန်ဆောင်းများအတွင်းရှိ ရုပ်ပွားတော်များအား ယခုနှစ်ပွင့်လင်းရာသီတွင် ရွှေသက်န်းတော်ကပ်လှူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အထက်ပါစေတီ၊ ရုပ်ပွားတော်များ၏ မူလအလှူရှင်များက ဆက်လက်ထိန်းသိမ်းလှူဒါန်းလိုပါက ၃၀-၄-၂၀၁၆ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ဆက်သွယ်လှူဒါန်းပါရန် ဖိတ်ခေါ်အပ်ပါသည်။ ဆက်သွယ်လှူဒါန်းခြင်းမရှိပါက ဂေါပကအဖွဲ့အစီစဉ်ဖြင့် မျက်ပါးရွှေသက်န်းကပ်လှူခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း ၀၁-၃၇၅၇၆၇၊ ၀၁-၃၈၃၅၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့**

### ထားဝယ်အသင်း
### ထားဝယ်ရိုးရာအသင်းသင်္ကြန်(ရေးဇီမှန်း)ပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်(ရေးဇီမှန်း)ပွဲကို ဧပြီလ ၁၂ရက်(သင်္ကြန်အကြိုနေ့)၊ နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ အမှတ်(၈၂၈)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်အားပေးချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း**


ပြည့်စုံရတနာ သင်္ကြန်အထူးခရီးစဉ်
- အင်းတော်ကြီး ရွှေမဥ္ဇူနှင့်အလောင်းတော်ကဿပ
မြစ်ကြီးနား၊မြစ်ဆုံ၊ရွှေဘို၊မုံရွာ၊စစ်ကိုင်း၊ကျောက်စိမ်းဘုရား(၈)ရက် Apr-12
- မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊မန်စီ(၇)ရက် Apr-11
- အလောင်းတော်ကဿပ၊မန္တလေး၊မုံရွာ၊ပြင်ဦးလွင်၊ကျောက်စိမ်းဘုရား(၅)ရက်
- ရွှေစက်တော်၊ပုဂံ၊ပုပ္ပား၊စွယ်တော်၄ဆူ၊ပခုက္ကူ(၄)ရက်
- ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်၊ကျိုက်ထီးဆိုင်း၊ဘိတ်(၆)ရက် Apr-8,11,17
- တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကဲ့လုံ၊ထန်စမ်း(၄)ရက်၊လွိုင်ကော်ပါလျှင်(၅)ရက်
09-250269946,09-73159071 "ကားခင်းလုံးငှားသည်"


### မင်္ဂလာနှစ်ပတ်လည် ဆုမွန်လွှာ

၂၀၁၆ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျရောက်သော ဖေဖေ ဦးသန်းဦးညွန့် နှင့် မေမေ ဒေါ်နီနီအေး တို့၏ နှစ်(၃၁)မြောက် ပုလဲရတုမင်္ဂလာရက်မြတ်ဖြစ်သည့် ရတုအဆက်ဆက်သော မင်္ဂလာနှစ်ပတ်လည်နေ့များကို ဘာသာသာသနာအကျိုးကိုသယ်ပိုးထမ်းရွက်ရင်း ကိုယ်စိတ်နှလုံးကျန်းမာပျော်ရွှင်သော မိသားစုဘဝဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - ဆုဝေနှင်း
ဦးစီးအရာရှိ(အကောက်ခွန်ဦးစီးဌာန)
B.A (Eng;), M.A (Business Administration)
(Aoyama Gakuin University, Tokyo, Japan)
သမီးလတ်- ဖွေနွှာဦး(အကောက်ခွန်ဦးစီးဌာန)၊B.A (Eng;)
သားငယ် - အောင်သီဟစိုး (တတိယနှစ်၊ Mechanical)
(နည်းပညာတက္ကသိုလ်၊ သန်လျင်)


အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေဥဒေါင်းမင်း 09-421152677, 09-421122687
မဟာသင်္ကြန်တောင်ကြီးအထူးခရီးစဉ်
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကဲ့လုံ၊ကလော၊အောင်ပန်း 100000
ပွေတော်ကတ္တူ၊ထမ့်စမ်းလိုဏ်ဂူ (စား+တည်းငြိမ်း)..... Apr 11 ထွက်မည်
လူဦးရေကန့်သတ်ထားပါသဖြင့်အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

Royal Gandamar Travels & Tours

| | | | |
|---|---|---|---|
| ၁။ ထားဝယ်ရှင်ကိုးရှင်-လောင်းလုံးကျွန်း | (၆ရက်) | Apr11,13,14,15 | ၂၄၀၀၀၀ |
| ၂။ တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (၅ရက်) | Apr 11,16 | ၁၉၅၀၀၀* |
| ၃။ ရွှေစက်တော်-ပုဂံ (စွယ်တော်၄ဆူ)-ပုပ္ပါး | (၅ရက်) | Apr 9,13 | ၁၇၀၀၀၀ |
| ၄။ စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ-ကျောက်ဆည် | (၅ရက်) | Apr 11,16 | ၁၇၀၀၀၀ |
| ၅။ ပုဂံ(စွယ်တော်၄ဆူ)-ပုပ္ပါး-ပခုက္ကူ | (၄ရက်) | Apr 9,12,15 | ၁၂၀၀၀၀ |
| ၆။ ဖားအံ-ကျိုက်ထော်-မော်လမြိုင် -စက်စဲ | (၃ရက်) | Apr 9,12,15,18 | ၉၉၀၀၀ |

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့်၅၂လမ်းထောင့် Yurimieko ရှေ့၊ ဗိုလ်တထောင်မြို့နယ်
Ph-01-397484, 09-333 53275, 09-25089 2626

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၁၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လရှုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သင်္ကြန်မှာလန်းဖို့ အလှဆုံးဖြစ်ပြီလား..... !
ဒဏ္ဍာရီ
အထူးဆံပင်ပြောင်းဆိုင်
09 26 1111 550
- ရေစိုခံဆေးပေါင်းထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ပြောင်စင်းအိတုန်စေရမည်၊ ၂-နှစ်အာမခံ
- ဆံပင်ပြောင် (15000/-Ks)
စိတ်ကြိုက်ကာလာဆိုး (5000/-Ks)


**မီး သတိပြု**




Clinique de Skin
dermatology & laser clinic
No.524, Kannar Road,(corner of 11st) Lanmataw Township, Yangon.
Call Us : 09 79 311 311 4
CHINATOWN BRANCH
NOW OPEN


Myanmar Liquor Association
## မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း

## ယမကာထုတ်လုပ်သူများနှင့် လက်လီ/လက်ကား ရောင်းချသူ လုပ်ငန်းရှင်များအားလုံးသို့ အသိပေးကြေညာချက်

(၂၀၁၆) ခုနှစ် အထူးကုန်စည်ခွန်ဥပဒေတွင် အရက်အမျိုးမျိုး လက်လီ/လက်ကားရောင်းချသော ဆိုင်များတွင် အခွန်အမှတ်တံဆိပ်ကပ်ခြင်းမပြုဘဲ ရောင်းချသည့်ကိစ္စများကို ထိရောက်စွာအရေးယူရန် ပြဋ္ဌာန်းများသတ်မှတ်ထားပါသဖြင့် အရက်အမျိုးမျိုး ထုတ်လုပ်သူလုပ်ငန်းရှင်အားလုံး ထုတ်ကုန်အရက်ပုလင်းများ၌ အခွန်ပေးဆောင်ပြီးကြောင်း အခွန်အမှတ်တံဆိပ်ပါရှိသော အရက်များကိုသာ ဖြန့်ဖြူးရောင်းချရန်နှင့် လက်လီ/လက်ကား ရောင်းချသူလုပ်ငန်းရှင် များအားလုံးသည် အခွန်အမှတ်တံဆိပ် ပါရှိသည့် အရက်ပုလင်းများကိုသာ လက်ဝယ်ထားရှိဖြန့်ဖြူးရောင်းချကြရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

လူထုခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးထင်ကျော်ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အား အထူးလှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးနှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးတာဝန်ရပ်များကို တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်ထောင်စုဝန်ကြီး **ဦးအုန်းမောင်**အား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြိုဆိုပြီး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသိန်းဝင်း-ဒေါ်ရီရီမြင့်**
**(သား)မောင်ထက်ဝေယံကျော်၊ မောင်ကျော်သူရစိုး**
**Marine & Mechanical Engineering Work Shop**

# ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်(ရန်ကုန်)

ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ ရခိုင်လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်ကျင်းပသည့် (၁၃)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို ရွှေတိဂုံဘုရားအရှေ့ဘက်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံနှင့် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ အားကစားကွင်းပတ်လမ်းတို့တွင်အောက်ပါအစီအစဉ်များအတိုင်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပါသဖြင့် သင်္ကြန်ချစ်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်စွာ အားပေးပါဝင်ဆင်နွှဲနိုင်ပါရန် ချစ်ခင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

- ၁၁-၄-၂၀၁၆ရက်(တနင်္လာ) မွန်းလွဲ(၁း၀၀)နာရီ၊ နံ့သာသွေးပြိုင်ပွဲ-ရခိုင်ပြည်နယ်ဓမ္မာရုံ
- ၁၂-၄-၂၀၁၆ရက်(အင်္ဂါနေ့) (သင်္ကြန်အကြိုနေ့)၊ နံနက်(၉း၀၀)နာရီ၊ ဘုရားရေသပ္ပါယ်ပွဲ-ရခိုင်ပြည်နယ်ဓမ္မာရုံ
- ၁၂-၄-၂၀၁၆ရက်(အင်္ဂါနေ့)(သင်္ကြန်အကြိုနေ့)၊ သင်္ကြန်ရေလောင်းမဏ္ဍပ်-သုဝဏ္ဏဘောလုံးကွင်း မွန်းလွဲ (၁း၀၀)နာရီ သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ
- ၁၃-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) (သင်္ကြန်အကျနေ့)၊ သင်္ကြန်ရေလောင်းပွဲ-သုဝဏ္ဏဘောလုံးကွင်း နံနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီထိ
- ၁၄-၄-၂၀၁၆၊ ကြာသပတေးနေ့(သင်္ကြန်အကြတ်နေ့)၊ သင်္ကြန်ရေလောင်းပွဲ-သုဝဏ္ဏဘောလုံးကွင်း နံနက်(၉း၀၀)နာရီမှညနေ(၅း၀၀)နာရီထိ
- ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) (သင်္ကြန်အကြတ်နေ့)၊ နံနက် (၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီထိ
- ၁၆-၄-၂၀၁၆ရက်(စနေနေ့)(သင်္ကြန်အတတ်နေ့)၊ နံနက် (၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီထိ သင်္ကြန်ရေလောင်းပွဲနှင့် သင်္ကြန်ပွဲတော်ပိတ်ပွဲ - သုဝဏ္ဏဘောလုံးကွင်း

**(၁၃)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်**
**ကျင်းပရေးဗဟိုကော်မတီ(ရန်ကုန်)**

**ဆက်သွယ်နိုင်ပါရန်**

၁။ ဦးအေးမောင်(မြောက်ဦး)၊ ဥက္ကဋ္ဌ(၀၉-၅၀၂၄၇၃၃)
၂။ ဦးစံအေး(ဘူးသီးတောင်)၊ ဒု-ဥက္ကဋ္ဌ(၀၉-၇၃၁၃၅၇၅၈)
၃။ ဦးညီညီမောင်(မင်းပြား)အထွေထွေအတွင်းရေးမှူး(၀၉-၅၀၇၈၃၄၁)
၄။ ဦးခင်မောင်သန်း(အနုပညာအသင်း)တွဲဖက်အတွင်းရေးမှူး(၀၉-၃၁၀၅၉၆၉၇)

## မွေးနေ့ဆုမွန်

၉-၄-၂၀၁၆ရက်မှာ ကျရောက်တဲ့ ချစ်ခင်ပွန်း **ဒုရဲမှူးကြီးအောင်နိုင်(ယာဉ်ထိန်းတပ်ဖွဲ့မှူး)(ငြိမ်း)**ရဲ့ မွေးနေ့မှသည် နှစ်ပေါင်းရာကျော်သည့်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်----။

**ချစ်ဇနီး**
**ဒေါ်ခင်မာကြည်**
**ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)**
**ခေတ္တ-ဘာစီလိုနာမြို့**
**(စပိန်)**

## မွေးနေ့ဆုတောင်းလွှာ

**ဒုရဲမှူးကြီးဦးအောင်နိုင်(ငြိမ်း)**

အဘဦးအောင်နိုင်၏ ၉-၄-၂၀၁၆ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော **"အမေကြည်"**နှင့် သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပြီး အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်တပည့်များ - **ထွေးထွေးရီ၊ နှင်းထွေးဝင်း၊ ဆင့်ဆင့်၊**
**ဝင်းလဲ့ဖြူ၊ အိဖြိုးအောင်**
**(သဘာဝကမ္ဘာမှအင်ဂျင်နီယာများ)**

**ယာဉ်မောင်း**
**အလိုရှိသည်**
ဆက်သွယ်ရန် -
Ph:09-972256168

**ထီးဆိုင်အတွက်**
**ဝန်ထမ်းအလိုရှိသည်**
နေစား+ငြိမ်း
နယ်လူ
ဦးစားပေးမည်
Ph:09-5415511

**စက်ရေတွင်း**
H.K မြေအောက်ရေအရင်းအမြစ်ရှာဖွေရေးနှင့်တူးဖော်ရေးကုမ္ပဏီလီမိတက်
အနက်ပေ(၁၂၀၀)အထိ၊ ဒေသမရွေး (ခက်သောတွင်းများ ဦးစားပေးသည်)
Ph : 09-262072207, 09-976914702

☺ SMILE ပိုက်မျိုးစုံ
☺ SMILE-PVC(Pressure) ပိုက်ကတော့ယနေ့ဈေးကွက်တွင်တစ်ခုတည်းသော16bar ထိခံနိုင်ရည်ရှိသောဖိအားခံပိုက်ဖြစ်ပါသည်။ 500ပေနှင့်အထက်အဝီစိတွင်းများအတွက်အထူးသင့်လျော်ပါသည်။
အမှတ်(11) လေးထောင့်ကန်လမ်း၊ဆ/ကရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။Ph:09-5135266,420005255 ။













မူး ယစ် ကို ပစ်  ပန်း တိုင် သစ်  စိတ် သစ် လူ သစ်  ဘ ဝ သစ်

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန် အလှူဒါယကာကြီး**

**ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)**

**(ကြည်း-၁၀၁၅၁)၊ ဗသက(၃၀)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**ဒုတိယမြို့တော်ဝန်(ငြိမ်း)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၇၇)နှစ်**

သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်ခင်ညွန့်မြိုင် (အထက်တန်းပြဆရာမ၊ ငြိမ်း) ၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်-ငြိမ်း)၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီး မောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ (စနေနေ့) အိန္ဒိယစံတော်ချိန် ညနေ ၆း၅၀ နာရီတွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**သဲအင်းဂူကျောင်းဆရာတော် ဦးဓမ္မသာမိနှင့် ဂေါပကအဖွဲ့**
**သဲအင်းယောဂီများအဖွဲ့၊ ကျောက်ပန်းတောင်းမြို့။**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအေးသက်**

**အသက်(၈၂)နှစ်**

**အင်/ယာ(စ်)ယန္တရားတပ်ခွဲ(တောင်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ရွှေပင်လုံရိပ်မွန်၊ သန္တာနှင်းဆီလမ်း၊ အမှတ်(၁၂၇)နေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်း( မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်)-ဒေါ်စိုးစိုးသက်၊ ဦးမြသက်အောင် (MD,MIT Construction Co.,Ltd)-ဒေါက်တာချိုချိုသက်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးအေးသက် အသက်(၈၂)နှစ်သည် ၂၇-၃-၂၀၁၆ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစံရွှေမောင် VIEW POINT MYANMAR CO.**
**နှင့်ကောင်းစားသောက်ဆိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဉာဏ်ထွန်း**

**အသက် (၇၈) နှစ်**

**ပါမောက္ခ(ငြိမ်း) သစ်တောတက္ကသိုလ်**
**နာယက၊ မြန်မာနိုင်ငံသစ်တောအသင်း**

ဒေါက်တာဉာဏ်ထွန်း (ပါမောက္ခ၊ငြိမ်း၊ သစ်တောတက္ကသိုလ်) အသက်(၇၈)နှစ်သည် ၇-၄-၂၀၁၆ ရက်နေ့တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊**
**ဒုတိယမြို့တော်ဝန်(ငြိမ်း)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက် (၇၇) နှစ်**

ဗိုလ်မှူးဒေါက်တာအောင်ကျော်ထွန်း-ဒေါ်အိရွှေစင်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း) သည် ၂-၄-၂၀၁၆ (စနေနေ့) တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာမောင်မောင်လေး-ဒေါ်ဆွေနီမြင့်**
**နီလေးနိုင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုရဲမှူးကျော်ဝင်း (ငြိမ်း)**

**ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ် (၁၆/၈၄)**

**အသက် (၆၂) နှစ်**

သူငယ်ချင်းတစ်ယောက် ၃-၄-၂၀၁၆ ရက်နေ့ နံနက် ၈း၅၅ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းတစ်ယောက် ကောင်းရာသုဂတိလား ပါစေ။

SIP (16th) **မှ သူငယ်ချင်းများ**
**သာရေး/နာရေးအဖွဲ့၊ ရန်ကုန်-မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဘိုကြီး(ခ)ဦးစိန်ဝင်း(သုံးခွ)**

**အသက်(၅၆)နှစ်**

ဒေါ်ခင်မမ (အမှုဆောင်ဒါရိုက်တာ၊ ဧရာဝတီဘဏ်)၊ ဦးအုန်းကျော်(ဒု-ဥက္ကဋ္ဌ) (Max Myanmar Holding Co.,Ltd) တို့၏ အစ်ကိုကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးဘိုကြီး(ခ) ဦးစိန်ဝင်း(သုံးခွ)၊ အသက်(၅၆) နှစ်သည် ၂-၄-၂၀၁၆(စနေနေ့)၊ ညနေ ၃း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်**
Win & Win Group of Companies.

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် အလှူဒါယကာကြီး**

**ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုကော်မတီဝင်**

**အသက်(၇၇)နှစ်**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်ခင်ညွန့်မြိုင်(အထက်တန်းပြဆရာမ-ငြိမ်း)၏ ခင်ပွန်း ဗိုလ်မှူးကြီး မောင်ပါ(ငြိမ်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဗဟိုကော်မတီဝင်သည် ၂-၄-၂၀၁၆ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ငွေ ဒုတိယဝန်ကြီး(ငြိမ်း)-ဒေါ်ခင်မြချစ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း ဦးအောင်မြင့်ထွန်း၊ ဒေါက်တာ ခိုင်ခိုင်မြတ်ထွန်း၊ ဒေါက်တာဟိန်းဖြိုး၊ ဒေါက်တာဝင့်မွန်ခင်တို့၏ ဖခင် ဦးသန်းကြူ (အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး) သည် ၅-၄-၂၀၁၆ (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်တင့် (အင်ဂျင်နီယာချုပ်၊ လမ်း-ငြိမ်း၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေး**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**အာဆာမတ်ဘီ(ခ)ဒေါ်သန်းမြင့် (၈၄) နှစ်**
**(မြိတ်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ (၁၂၅) လမ်း၊ အမှတ် (၄၉) နေ (ဦးကြည်သိန်း) ၏ဇနီး၊ ဦးစိုးဝင်း (လမဖရုံး၊ မြိတ်)-ဒေါ်အေးအေးသိန်း (အထက်တန်းပြ၊ ထ-၂၊ မြိတ်)၊ ဒေါ်မာမာသိန်း (ကထိက၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)(မောင်ဇော်သိန်း)၊ (ဦးမောင်မောင်)-ဒေါ်နီနီသိန်း (ဒုဦးစီးမှူး၊ အောင်ဘာလေသိန်းဆုဌာနခွဲ)တို့၏မိခင်၊ ဦးကျော်သူရ (ခေတ္တစင်ကာပူ)-ဒေါ်ဟန်နီစိုးဝင်း၊ အိန္ဒြာစိုးဝင်း (မြိတ်ဆေးရုံ)၊အေးသန္တာ၊အေးမြစန္ဒာ (ပ-နှစ်၊ အင်္ဂလိပ်စာ၊ မြိတ်တက္ကသိုလ်)၊ မောင်မြတ်သူဟိဏ်း(ထ-၆၊ ဗိုလ်တထောင်)၊ မောင်လင်းခန့်ဂုဏ်ရောင်တို့၏ အဘွားသည် ၆-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့် တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးကဘရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းကြူ (၆၇)နှစ်**

**(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး)မန္တလေးမြို့**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပဒေသာပင်မြို့၊ ငုဝါလမ်း၊ အမှတ် (H-8)နေ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်မြင့်ထွန်း-ဒေါ်ခိုင်ခိုင်မြတ်မွန်၊ ဒေါက်တာဟိန်းဖြိုး-ဒေါက်တာဝင့်မွန်ခင် တို့၏ ဖခင်သည် ၅-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးမြို့၊ ပုလဲငွေရောင်၊ အလက-၄**
**ငယ်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာဦးခင်မောင်ညွန့်**

**(အုပ်ချုပ်ရေးမှူးမြို့နယ်စည်ပင်သာယာ-ငြိမ်း)**

**Y.M.B.A အသင်းဥက္ကဋ္ဌ**

**အသက်(၇၇)နှစ်**

ဦးကျော်နီခင် (Director- The Hotel @ Tharabar Gate)-ဒေါ်တင်မေထွန်း(East Hotel)တို့၏ ချစ်လှစွာသောဖခင်ကြီး ဆရာဦးခင်မောင်ညွန့်သည် ၇-၄-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁း၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သရပါဟိုတယ်ဒါရိုက်တာအဖွဲ့ဝင်များ**
**အထွေထွေမန်နေဂျာ**
**နှင့်**
**ဝန်ထမ်းများအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်နီခင်-ဒေါ်တင်မေထွန်းတို့၏ကျေးဇူးရှင်ဖခင် ဦးခင်မောင်ညွန့်သည် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ဦးကျော်နီခင်နှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ဒေါ်သန္တာနေဝင်း**
**မောင်သုန္ဒရ**
**မက္ကာုဒ္ဒရီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ဇေယျာသူရိယ**

**(နဝမတန်း Grade-10-I ၊ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ကမာရွတ်)**

**အသက်(၁၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၅ ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အင်းစိန်ပုံနှိပ်တိုက်နှင့်မြယပ်တောင်(၂)နေ ဦးအောင်နီဦး-ဒေါ်ခင်မြထွေးနိုင် တို့၏ သားငယ်၊ မောင်ဇေယျာပါမောက္ခ(3rd, MB, UM-1)၏ ညီ မောင်ဇေယျာသူရိယ(နဝမတန်း Grade-10-I ၊ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ကမာရွတ်) အသက်(၁၆)နှစ်သည် ၃-၄-၂၀၁၆ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86-87 Maths**
**မှ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အုန်းကြည် (၉၇)နှစ်**

**ချင်းချောင်းခြံ**

**ရွှေဇီးကွက်အထည်ဆိုင်+မြမာလာ Omega Fashion**

**မင်္ဂလာဈေး၊ ယုဇနပလာဇာ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ ရိပ်သာ(၅)လမ်း၊ ခြံအမှတ်(၈၅)နေ (ဦးဆင့်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ (ဦးညိမ်းမောင်-ဒေါ်တင်ရီ)၊ (ဦးတင်မောင်)-ဒေါ်အေးသီတို့၏အစ်မ၊ (ဦးတင်ရွှေ-ဒေါ်လှသိန်း)၊ ဦးကျော်ဝင်း-ဒေါ်တင်တင်အေး(ရွှေဇီးကွက်အထည်ဆိုင်)၊ (ဦးမြင့်အောင်)-ဒေါ်အေးမြင့်၊ (ဦးသန်းမြင့်)-ဒေါ်မာ၊ (ဒေါ်ငွေငွေမူ)၊ ဦးအောင်ကျော်-ဒေါ်မြမြမူ(အမက-၂၊ အင်းစိန်)၊ (ဦးဝင်းနောင်)-ဒေါ်ခင်မာညိုတို့၏မိခင်၊ ဦးမောင်စိန်၏ချစ်လှစွာသောဇနီး၊ မြေး ၁၅ယောက်၊ မြစ်များစွာတို့၏ အဘွား ဒေါ်အုန်းကြည်သည် ၇-၄-၂၀၁၆(ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## (၅)နှစ်ပြည့် သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်မှူးကြီးဇေယျကျော်ထင် သိန်းညွန့်**

**ဒုတိယဝန်ကြီး-ငြိမ်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန**

**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**၉-၄-၂၀၁၁ မှ ၉-၄-၂၀၁၆**

နေညိုဆည်းဆာချိန်အလှမှာ ဘဝနဲ့ရင်းပြီး ရယူသိုလှောင်ထားတဲ့ အတွေ့အကြုံတွေ၊ အသိဉာဏ်ဗဟုသုတတွေ၊ ရှောင်စရာ ဆောင်စရာ သင်ခန်းစာတွေ၊ ဒါန၊ သီလ၊ ဘာဝနာတရားတွေနဲ့ ပြည့်ဝ အလှပိုင်ရှင် အိုကြွယ်အလှပိုင်ရှင်၊ အသေလှတဲ့သူ ကျေးဇူးရှင်ကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ပြည့်ခဲ့ပါပြီ။ သတိတစ်ချက်ရလိုက်တိုင်း ရင်နှင့်အမျှခံစားရပါတယ်။ ယနေ့အထိ ပြုပြုသမျှ ကုသိုလ်ကောင်းမှုများနဲ့ အန်တီမူကို စိတ်ချသွားပြီပြောရင်း ထားခဲ့တဲ့ အိမ်ခန်းလေးမှာ နေထိုင်ရင်း အိမ်ခန်းလေးကို ယခုနှစ် ပြုပြင်ခဲ့မှုများကိုလည်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုပါ အန်ကယ်ကြီးရယ်။ အမျှ. . . အမျှ. . . အမျှ. . .

**ထိတ်လန့်သောသံဝေဂများဖြင့်**
**ဇနီး ဒေါ်မူမူဆွေ(မြစန္ဒာရတနာ)**

## လွမ်းဆွတ်ကြေကွဲအမှတ်ရခြင်း

ဆရာဝန်ကြီးဦးသန်းကျော် (၉-၄-၁၉၈၈)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဒုဆေးရုံအုပ်ကြီး၊ (တသီးပုဂ္ဂလအမတ်၊ တသီးပုဂ္ဂလအမတ်အဖွဲ့၊ ခေါင်းဆောင်ကြီး) (၁၉၆၀-၆၂ မြူနီစပါယ်ဥက္ကဋ္ဌ၊ ပျဉ်းမနား)

ပျဉ်းမနားမြို့ဆေးရုံ၊ ဈေး၊ လမ်းများ စသည်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သူ၊ (ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံကြီး၏ဖခင်ကြီး)

ဒေါ်ခင်ကြည် (၂၁-၁၁-၂၀၁၂)

(ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကို ခင်ပွန်းနှင့်အတူ ၁၉၅၈ ခုနှစ် မတိုင်မီကတည်းက စတင်မတည်၊ တည်ထောင်ဆောက်လုပ်၊ ထောက်ပံ့၊ ပံ့ပိုးဆောင်ရွက် လှူဒါန်းခဲ့သူ) (စစ်အတွင်း စေတနာရှင်ဆရာမကြီး)(ဘာသာပေါင်းစုံ၏ အလှူ့ရှင် မယ်တော်ကြီး)

ဒေါက်တာဦးဇော်ဝင်းကျော်

**MR-JAMES T-G** (၁၀-၁၀-၁၉၉၇)

ပြည်နယ်နှင့်တိုင်းဆရာဝန်ကြီး

(ပျဉ်းမနားသံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံကို ဖခင်နှင့်အတူ ကိုယ်ကျိုးစွန့် အနစ်နာခံကာ ဆောင်ရွက်ခဲ့သူ)

တရားရုံးချုပ်ရှေ့နေ ဦးဇော်လင်းကျော်

**Mr. Michael T-G** (၁၀-၆-၁၉၉၆)

ကျေးဇူးရှင်များ ကွယ်လွန်သွားခဲ့သော်လည်း ဘဝထဲမှာတော့ ထာဝရရှင်သန် လျက်ရှိပြီး "လူသာသေသော်ငြား နာမည်က မသေပြီ" အစဉ်သတိရ လွမ်းဆွတ်ကြေကွဲ အောက်မေ့လျက် ရှိပါသည်။ ပြည်တွင်းပြည်ပ၌ ယခင်၊ ယခု၊ နောင်အနာဂတ်တွင် ပြုသမျှကုသိုလ်ကောင်းမှုအစုစုတို့ကို လက်ခံရရှိခံစားနိုင်ပါစေ။

"သမိုင်းမှတ်ကျောက်တွင်ခဲ့သော မိခင်၊ ဖခင်၊ အစ်ကိုတို့အား အစဉ်ဂါရဝပြု ကျေးဇူးတင်ပါလျက်"

ဒေါ်သင်းသင်းကျော် တရားလွှတ်တော်ရှေ့နေ
Mr. MIYAHAR TAKUYA (ခေတ္တ မြန်မာပြည်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလုပ စိမ်းမြမြ**

# ယခုနှစ် မဟာသင်္ကြန် ရန်ကုန်တိုင်းဒေသကြီးအတွင်း မဏ္ဍပ်ပေါင်း ၁၈၉ ခု ခွင့်ပြုထားကာ မြို့နယ်အနှံ့စည်ကားစေရန် ဆောင်ရွက်



ယမန်နှစ်က ရန်ကုန်မြို့တော်ဝန်ရေကစားမဏ္ဍပ်အား စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။ (ဓာတ်ပုံ - စောသိန်းဝင်း)

မကြာမီ ရောက်ရှိတော့မည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မဏ္ဍပ်ပေါင်း ၁၈၉ ခုကို တည်ဆောက်ခွင့်ပြုပေးထားကာ ရန်ကုန်မြို့တော်ရှိ မြို့နယ်အနှံ့တွင် စည်ကားသိုက်မြိုက်စေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်၍ တာဝန်များ ထမ်းဆောင်နေပြီဖြစ်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သတင်းမီဒီယာများအား မိတ်ဆက်ကာ အစိုးရသစ်အနေဖြင့် ယခုနှစ်မဟာသင်္ကြန်ပွဲတော်ကို ယခင်အစဉ်အဆက်က ကျင်းပပြုလုပ်ခဲ့သည့် သင်္ကြန်ပွဲတော်များကဲ့သို့မဟုတ်ဘဲ ပြည်သူလူထုကိုယ်တိုင် ဦးဆောင်ပါဝင် ကျင်းပသည့် သင်္ကြန်ပွဲတော် ဖြစ်မြောက်စေရေးအတွက် အစိုးရမှ ထိန်းညှိဆောင်ရွက်ပေးခြင်းဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်မှာတော့ ပြည်သူလူထုက ဦးဆောင်ပြီး ကျင်းပနိုင်ဖို့အတွက် အစိုးရက ထိန်းညှိပေးတဲ့အခြေအနေမျိုးကိုပဲ စတင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ မဟာသင်္ကြန်ပွဲတော်ကြီးဟာ အမြို့မြို့အနယ်နယ်မှာ စည်ကားစေချင်ပါတယ်။ တစ်ခါလာရင် အင်းလျားကန်ဘေးနဲ့ ကန်တော်ကြီးဘေးကိုပဲ ကားတွေ တန်းစီဝင်နေရတဲ့ဒုက္ခကကင်းစေချင်ပါတယ်။ အဲဒီ ဒုက္ခတွေမှာ ကြီးလေးတဲ့ကိစ္စတွေ အများကြီးပါဝင်ပါတယ်။ မူးယစ်ဆေးဝါး ပြဿနာတွေ၊ အရက်သေစာ

စာမျက်နှာ ၇ ကော်လံ ၁ သို့

# ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးလိုက်တာဟာ အလွန်ကောင်းတဲ့ ဝမ်းသာရမယ့်ကိစ္စပါ

စာမျက်နှာ - ၄



မေ ၈ ရက်က သာယာဝတီအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာကြသူများနှင့် လာရောက်ကြိုဆိုသူများအား တွေ့ရစဉ်။ ဓာတ်ပုံ - ရွှေအင်းသား ခင်မောင်ဝင်း

